The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 9
တနင်္လာနေ့တိုင်းထုတ်ဝေသည်
February 27 , 2017

## တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ်(၁)မှ ၂၀၁၆ခုနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ရန်ပုံငွေ ကျပ်သန်း ၂၆၀ ကျော်အထိ တိုးတက်ရရှိ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတား အမှတ်(၁)မှ တစ်ပိုင်တစ်နိုင်ဒေသသုံး ကုန်ပစ္စည်းတင်သွင်းမှုအပေါ် တံတား ဖြတ်သန်းခသုံးရာခိုင်နှုန်း ကောက်ခံရရှိငွေမှာ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၂၆၃ ဒသမ ၁၄ သန်းကျော်ရရှိခဲ့သဖြင့် လေးနှစ်အတွင်း ယင်းတံတားမှ

စာမျက်နှာ - ၁၆ ➢






# မန္တလေးနန်းတော်ရှေ့မှ ရွှေချည်ထိုးလုပ်ငန်း

ယဉ်ကျေးမှုမြို့တော် မန္တလေးတွင် မြန်မာမှုလုပ်ငန်းများစွာရှိသည်။ ထိုအထဲတွင် ရွှေချည်ထိုးလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေချည်ထိုးဆိုသည်မှာ အဝတ်အထည် အဆောင်အယောင်တို့နှင့် ဆက်စပ်နေသော်လည်း မရှိမဖြစ် အသုံးပြုရသော နေ့စဉ်သုံးကုန်ပစ္စည်းမဟုတ်ပေ။ အခမ်းအနား၊ အလှူမင်္ဂလာ၊ ကုမ္ပဏီ၊ ရုံးခန်းတို့တွင် အလှဆင်သည့်အရာတစ်ခုဖြစ်သည်။ ရှင်ပြုပွဲအခမ်းအနားများ၊ ဇာတ်သဘင်ပွဲများတွင် အသုံးပြုကြသည်။ ထီးနန်းသုံး၊ တော်ဝင်သုံးပစ္စည်း ဟုဆိုလျှင်လည်းရသည်။ မန္တလေးတွင် မြန်မာမင်း နေပြည်တော်ရှိစဉ်အခါက ရွှေချည် ငွေချည်

စာမျက်နှာ - ၈ ➢

## AEC အတွက်အရေးပါသော အာဆီယံချိတ်ဆက်မှု




အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ဒေသတွင်းချိတ်ဆက်မှု (Intra-regional connectivity) ကောင်းမွန်ရန် အရေးကြီးသည်။ Asean Connectivity ကောင်းမွန်ပါက ဒေသတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ

စာမျက်နှာ - ၃၀ ➢

## ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းရှိဟု မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း ၂၀၁၅ အစီရင်ခံစာတွင် ဖော်ပြ

စာမျက်နှာ - ၂၁ ➢

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်။
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့

www.oceancrownservices.com

# OCEAN CROWN SERVICES CO., LTD.

海洋皇冠服務有限公司

1. International Freight Forwarding Services
2. SEA-AIR, AIR-SEA, AIR TO AIR TRANSPORTATION SERVICES
3. Warehousing and Distribution Services
4. Local Handling For Export and Import Cargo
5. Door to Door Pick Up and Delivery
6. LCL Handling
7. Shipping Lines and Air Lines Agencies
8. Container Vessel Handling
9. Charter Vessels / Bulk Cargo Handling
10. Customs Clearance services
11. Import & Export Documentation

1. 国际货运代理服务
2. 海空, 空海运, 空运航空运输服务
3. 仓储及配送服务
4. 本地处理出口和进口货物
5. 门到门上门取货, 送货
6. 拼箱处理
7. 船公司和航空公司代理
8. 集装箱船装卸
9. 定章船散货处理
10. 清关服务
11. 进出口文档

MEMBER OF

UMFCCI AFFA MIFFA FIATA WCA

Bldg-40, Ground Floor, 9th Street, Lanmadaw Township, Yangon. Tel : 01- 222081, 01- 2316105, 09-73236117 , 09-5003478, 0943164838, Fax : 01-2316105, 01-222081

Email : oceancrown.mgmt@oceancrownservices.com, ocs.doc@oceancrownservices.com, accounts@oceancrownservices.com, salesgm@oceancrownservices.com, salesofficer@oceancrownservices.com, salesdirector.ocs@gmail.com

AMB

# ASIAN MYANMA BEAUTY

TRAVEL & TOUR

UNION OF MYANMAR UMTA TRAVEL ASSOCIATION

- Ticketing (Domestic/International Flight, Train, Bus, Boat)
- In bound & Outbound tour Packages
- FIT/Package Tour
  - Festival Tour
  - Business Tour/M.I.C.E
  - Trekking Tour
  - Tailor made Tour
  - Golf Tour

- Hotel Reservation
- Ticket/Interpreter Service
- Car Rental Service
- Visa Service

Asian Myanma Beauty Travel & Tours Co., Ltd.

Address : Bldg-40, Ground Floor, 9th Street, Lanmadaw Tsp., Ygn.

Tel : (+95 1) 229784, (+951)2303075, (+95 9) 73105889, (+95 9) 795532541, (+95 9) 782008400

Fax : (+95 1) 229784

Email : sales@ambmyanmartravels.com, ticketing@ambmyanmartravels.com, cho.paing@ambmyanmartravels.com Website : www.ambmyanmartravels.com

# သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်းတည်ဆောက်မှုစတင်ခြင်း အခမ်းအနားကျင်းပ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်



ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ အကွာအဝေးတွင်တည်ရှိသည့် သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(ခ) စီမံကိန်း တည်ဆောက်မှု စတင်ခြင်းအခမ်းအနား ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီ တွင် ရန်ကုန် တောင်ပိုင်းခရိုင် သီလဝါ အထူးစီးပွားရေးဇုန်၌ကျင်းပရာ မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော် မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်း ဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ် စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲ များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် ကြီး H.E. Mr. Tateshi Higuchi , Myanmar Japan Thilawa Development Co., Ltd. (MJTD) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ JICA မှ တာဝန်ရှိသူများ၊ Myanmar Japan Thilawa SEZ Holdings Public Co., Ltd. (MTSH) မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ သီလဝါ အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar Japan Thilawa Devlopment Limited ဥက္ကဋ္ဌ ဦးသိန်းဟန်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွား ရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က "မိမိတို့နိုင်ငံတွင် သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူး စီးပွားရေးဇုန် သုံးခုကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်သည် ရှေ့ အရောက်ဆုံးဖြစ်နေသော ဇုန်ဖြစ်ပါ ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဇုန်(A)ကို ရာနှုန်းပြည့် နီးပါးအကောင်အထည်ဖော်ပြီး ပြည်ပ ပို့ကုန်များကို ထုတ်လုပ်တင်ပို့နေပြီဖြစ် ပါကြောင်း၊ ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆက် လက်၍ ဇုန် (B)ကို အကောင်အထည် ဖော် ဆောင်ရွက်မည်ဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုး တက်လာမည်ဖြစ်သကဲ့သို့ ဒေသခံပြည် သူများ၏ လူနေမှုဘဝ မြင့်မားလာအောင် လည်း ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါ ကြောင်း၊ ထို့ပြင်နှစ်ပေါင်း ၆၃ နှစ်ခန့် ရှိလာပြီဖြစ်သည့် မြန်မာ-ဂျပန် နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးအတွက် သီလဝါ အထူးစီးပွားရေးဇုန်သည် အရေးပါသည့် ပြယုဂ်တစ်ခုဖြစ်ပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ သီလဝါအထူးစီး ပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Haruhiko Ando၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi၊ ဂျပန်-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြပြီး သီလဝါအထူးစီးပွား ရေးဇုန်စီမံကိန်းတွင် ပူးပေါင်းပါဝင်ခဲ့ ကြသောဒေသခံများအား ဂုဏ်ပြုမှတ် တမ်းများ ပေးအပ်ကြသည်။

ထို့နောက် သီလဝါအထူးစီးပွား ရေးဇုန် အပိုင်း(ခ)စီမံကိန်းတည်ဆောက် မှုစတင်ခြင်း အခမ်းအနားကို သတ်မှတ် နေရာ၌ကျင်းပရာ မြန်မာအထူးစီးပွား ရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည် ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲ မှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန် ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။ ဆက်လက်၍ မြန်မာအထူးစီး ပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြ သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွား ရေးဇုန်အပိုင်း(ခ) စီမံကိန်းတည်ဆောက် မှု စတင်ခြင်းအခမ်းအနား အထိမ်း အမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြ သည်။

**Myanmar President Office Page**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မစ္စတာနိုရီယိုယာမာဂူချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် FEC's Japan-ASEAN Cultural and Economic Exchange Committee ဥက္ကဋ္ဌနှင့် Ajinomoto Co., Inc မှ Senior Corporate Advisor & Former Chairman ဖြစ်သူ မစ္စတာနိုရီယိုယာမာဂူချီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက် ၁၄း၀၀ နာရီတွင် လက်ခံ တွေ့ဆုံခဲ့သည်။



တွေ့ဆုံဆွေးနွေးရာတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း၌ အဖွဲ့ဝင် နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအား အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ အဖွဲ့ဝင် နိုင်ငံများအကြား လူမှုရေး၊ ပညာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဆက်နွယ်မှုများ ကို ဟန်ချက်ညီစွာဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများမျှဝေနိုင် ရေး၊ ငွေကြေးလည်ပတ်စီးဆင်းမှုဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာရေး၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ရှေ့ဆက် သွားမည့်လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍသည် အရေးပါသဖြင့် ပြည်တွင်း/ပြည်ပ ဘဏ်လုပ်ငန်းများအား စည်းမျဉ်းဥပဒေနှင့် လုပ်ငန်းစဉ်ဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများအား ဖန်တီးပေးကာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဖိတ်ခေါ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရ ရှိသည်။

**MOC (IR)**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇနိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၁၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တင်ပို့မှုပိုမိုပြီး Bolivarianနိုင်ငံများနဲ့ ဘီနင်နိုင်ငံသို့ ဈေးကွက်သစ်ရရှိ

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၇၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၄၆၉၉ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၆၃၄ တန်ကျော်၊ ဧည့်မထဆန် ၁၂၄၂၀ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၀၉တန်ကျော်၊ ဧည့်မထဆန် ၁၆၇ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၁၀၀၉ တန်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန် ၆၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၇၅၇၂တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၂၈၇၃ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၂၆၇ တန်ခန့် တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၃၄၁၅ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၈၅၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၇၉၅ တန်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၄၇၂ တန် ပိုမိုတင်ပို့နိုင်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဖေဖော်ဝါရီ၁၂ရက်မှ ၁၈ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ၁၆ဒသမ ၅၃၈သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၅၈၉၇၁တန်တင်ပို့ခဲ့ပါတယ်။ ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန် ၆၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၆၈၅၃ တန်၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန် ၇၅၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဧည့်မထ ဆန်တန် ၄၁၀၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၁၈၇၅ တန်နဲ့ ပေါ်ဆန်းဆန် ၂၄တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၁၅၁၉ တန်နဲ့ ပေါင်းဆန်တန် ၁၀၀၊ ဘရာဇီးနိုင်ငံသို့ ပေါင်းဆန်တန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ယခုတစ်ပတ်မှာဈေးကွက်သစ်အဖြစ် ဂီနီအာနိုင်ငံသို့ ဧည့်မထဆန်တန် ၅၀၀၀၊ Bolivarian နိုင်ငံများသို့ ငစိန်ဆန် တန် ၅၀၀၊ ဘီနင်နိုင်ငံသို့ ဧည့်မထဆန်တန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၁၀၇၀၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၈၂၆၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၉၇၅ တန်ကို အီးယူနိုင်ငံများသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၈၄၂၅တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲတန်ချိန်၂၄၅၀လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## ယခုနှစ် ဇန်နဝါရီလကုန်၌ ဗီယက်နမ်ဆန်သိုလှောင် လက်ကျန်တန်ချိန် ဆယ်သိန်းနီးပါးရှိ

၂၀၁၇ခုနှစ် ဇန်နဝါရီလကုန်စာရင်းများအရ ဗီယက်နမ်နိုင်ငံ၏ ဆန်သိုလှောင်လက်ကျန်မှာတန်ချိန် ကိုးသိန်းခြောက်သောင်းခန့်ရှိကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်း၏ ပြောကြားချက်အရ သိရှိရသည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၃၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၂၅၀၀၀ ကိုပြည်ပသို့ တင်ပို့ခဲ့ပြီး ဇန်နဝါရီလအတွင်း ဗီယက်နမ်ဆန်၏ပျမ်းမျှ FOB ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၇ ဒသမ ၅၁ ဖြစ်ကြောင်းသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၃ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၆ ဒသမ ၇၄၈ သန်းတင်ပို့ရောင်းချခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ဆန်တန်ချိန် ၆ ဒသမ ၄၆၁ သန်းသာ ပြည်ပသို့ ရောင်းချနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင်မူ ပြည်ပသို့ ဆန်တန်ချိန် ၆ ဒသမ ၆၁၅ သန်း တင်ပို့ရောင်းချနိုင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့်အတူ ကမ္ဘာတွင် ဂျုံနှင့် ပြောင်းကိုပိုမိုစားသုံးလာမှုကြောင့် ယခုနှစ်တွင်ပြည်ပသို့ ဗီယက်နမ်ဆန်တင်ပို့မှုမှာ အခက်အခဲများနှင့် ကြုံတွေ့ရဦးမည်ဖြစ်ကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်း၏ ပြောကြားချက်အရ သိရှိရသည်။ Source:Xinhua စန္ဒာထွန်း(TTI)

## ရွှေဘိုပေါ်ဆန်းဆန်ဈေးအနည်းငယ် မြင့်တက်သော်လည်း အရောင်းအဝယ်ပုံမှန်သာရှိ



ယခုတစ်ပတ် ရန်ကုန်ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများမှာ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ်၃၀၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်း ထိပ်စတစ်အိတ် ကျပ်၂၈၀၀၀၊လတ်စတစ်အိတ်ကျပ်၂၇၀၀၀ နဲ့ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၃၆၀၀၀ မှ ကျပ် ၃၇၅၀၀ နဲ့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀ မှ ၁၀၀၀ ခန့် ဈေးတက်ပါတယ်။

ဧည့်မထဆန် ထိပ်စတစ်အိတ်ကျပ် ၁၈၀၀၀နဲ့ လတ်စတစ် အိတ်ကျပ် ၁၇၀၀၀၊ နှွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၁၉၀၀၀မှ ကျပ် ၂၀၀၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ ဆန်ကြမ်းအသစ် (ရှယ်) တစ်အိတ်ကျပ် ၁၇၅၀၀မှကျပ် ၁၈၀၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ် ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၈၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ယခုတစ်ပတ်မှာ ဆန်ချောရောဆန်ကြမ်းပါ ကုန်စည်ဒိုင်ကိုဆန်အဝင်ပါးပြီး အရောင်းအဝယ်လည်း ပုံမှန်သာရှိကြောင်းသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ အရောင်းအဝယ် တော်တော်အေးကြောင်း၊ ဆန်လည်း ဈေးကျကြောင်း သိရှိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဆန်ဈေးနှုန်းများမှာ စူပါနဲ့ မော်ဘီဧည့်မထ ၅မှတ် တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ် ဧည့်မထ ၁၀ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၄ ယွမ်၊ ဧည့်မထ ၁၅ မှတ်တစ်အိတ် ၁၁၇ ယွမ်မှ ၁၁၉ ယွမ်၊ ဧည့်မထ ၂၅ မှတ်တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ် ဧည့်မထ ၃၅ မှတ် တစ်အိတ် ၁၀၉ ယွမ်မှ ၁၁၀၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ်၁၁၅ယွမ်မှ၁၁၆ယွမ်ဈေးရှိသော်လည်း မြေပြင်လက်တွေ့အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ဒိုင်ဈေးထက်လျော့နည်းနေကြောင်း သိရှိရပါတယ်။ အရောင်းအဝယ်အေးပြီး ဈေးကျရခြင်းမှာ တစ်ဖက်နိုင်ငံမှာ ဆန်လိုအပ်ချက်ရှိသော်လည်း ဈေးကွက်ထိန်းချုပ်မှုများ ရှိနေတဲ့အတွက် ပစ္စည်းအသွားနည်းပြီး ဈေးကလည်း ကုန်စည်ဒိုင်သတ်မှတ်ဈေးအတိုင်း မဟုတ်ဘဲ ရောင်းချရတဲ့အတွက် ဝယ်လက်ကြိုက်ဈေးအတိုင်း ရောင်းချခဲ့ရကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။ ဖေဖော်ဝါရီ ၂၄ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၅ ကျပ်ဈေးပေါက်ကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၈ | ၃၈၄ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၃ | ၃၆၉ | △ | ၃၅၀ | ၃၅၅ | △ | ၃၅၅ | ၃၈၀ | △ | ၃၃၅ | ၃၈၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၈ | △ | - | - | - | ၃၃၅ | ၃၇၉ | △ |
| ဆန်ဖြူ ၂၅% | ၃၅၈ | ၃၆၃ | △ | ၃၃၅ | ၃၄၃ | △ | ၃၄၀ | ၃၆၀ | △ | ၃၂၅ | ၃၄၈ | △ |
| ပေါင်းဆန် | ၃၉၂ | ၃၈၆ | ▽ | - | - | - | ၃၄၀ | ၃၇၅ | △ | ၃၆၅ | ၄၂၅ | △ |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၀၀ | △ | ၁၇၀၀၀ | ▽ | ၆၉၀၀ | ▽ | ၃၆၀၀၀ | △ |
| ပုသိမ် | ၄၄၂၀ | □ | ၁၇၅၀၀ | □ | ၇၀၁၀ | △ | ၂၉၀၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | △ | ၆၁၅၀ | □ | ၂၀၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | △ | ၂၂၀၀၀ | △ | ၉၅၀၀ | ▽ | ၃၃၀၀၀ | ▽ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၆၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | △ | ၁၇၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၅၇၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၀၀၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | □ | ၁၆၅၀၀ | □ | ၆၄၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | △ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၀-၂-၂၀၁၇ မှ ၂၄-၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 600 | 33,463,088.000 |
| 2 | Form D | 98 | 4,565,812.370 |
| 3 | Form E | 102 | 3,817,342.350 |
| 4 | Korea GSP | 6 | 93,467.850 |
| 5 | Form AK | 99 | 6,808,884.330 |
| 6 | Form AJ | 9 | 616,396.720 |
| 7 | Form AI | 61 | 2,409,460.075 |
| 8 | Form AANZ | 7 | 8,032.360 |
| 9 | Form DFTP | - | - |
| **Grand Total** | | **982** | **51,782,484.055** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၇/၂ | ၂၄/၂ | ပြောင်းလဲမှု | ၁၇/၂ | ၂၄/၂ | ပြောင်းလဲမှု | ၁၇/၂ | ၂၄/၂ | ပြောင်းလဲမှု | ၁၇/၂ | ၂၄/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၆၅ | ၁၅၄၅ | ▼ | ၁၅၃၃ | ၁၅၀၀ | ▼ | ၁၅၃၀ | ၁၅၀၀ | ▼ | ၁၅၃၀ | ၁၅၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၄၃ | ၁၂၁၃ | ▼ | ၁၁၈၃ | ၁၁၅၀ | ▼ | ၁၁၈၅ | - | - | ၁၁၈၀ | ၁၁၅၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၃၃၀ | ၁၄၀၀ | ▲ | ၁၉၉၁ | - | - | ၁၃၅၃ | ၁၃၅၃ | ■ | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | ၁၉၅၆ | ၁၇၇၈ | ▼ | ၁၉၇၄ | - | - | ၁၉၈၅ | ၁၇၄၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၄၆၅ | ၁၄၇၀ | ▲ | ၁၄၁၇ | ၁၄၀၀ | ▼ | - | - | - | ၁၇၉၀ | ၁၈၁၅ | ▲ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၁၀၀၅ | ▲ | ၁၆၇၉ | ၁၆၇၉ | ■ | ၈၉၅ | ၈၄၂ | ▼ | ၇၉၀ | ၉၂၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၇/၂ | ၂၄/၂ | ပြောင်းလဲမှု | ၁၆/၂ | ၂၂/၂ | ပြောင်းလဲမှု | ၁၆/၂ | ၂၂/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၇၂၀ | ၇၀၀ | ▼ | ၇၆၉ | ၇၃၂ | ▼ | ၈၂၂ | ၇၇၇ | ▼ |
| ၂ | ပဲစင်းငုံ | ၅၆၅ | ၅၅၀ | ▼ | ၆၃၅ | ၆၀၅ | ▼ | ၆၇၂ | ၆၃၅ | ▼ |
| ၃ | ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | ၆၈၇ | ၆၄၂ | ▼ | ၆၅၇ | ၆၄၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၉၅၀ | ၉၅၀ | ■ | ၇၈၄ | ၇၁၇ | ▼ | ၇၉၁ | ၇၄၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၁၁.၂.၁၇)ထိ | (၁၈.၂.၁၇)ထိ | (၁၈.၂.၁၇) ထိ |
| မတ်ပဲ | ၄၈၅၈၃ | ၁၀၂၁၃ | ၅၈၇၉၆ |
| ပဲတီစိမ်း | ၁၄၂၅၅ | ၂၈၁၃ | ၁၇၀၆၈ |
| ပဲစင်းငုံ | ၈၂၆၉ | ၃၅၇၅ | ၁၁၈၄၄ |
| ကုလားပဲ | ၁၉၈ | ၂၁၃ | ၄၁၁ |
| ပဲလွန်းဖြူ | ၁၇၈၅ | ၅၅၁ | ၂၃၃၆ |
| မြေထောက်ပဲ | ၁၀၃၁ | ၈၉၂ | ၁၉၂၃ |

## ပြည်ပဲပုပ်သစ် အဝင်ပါးလာတာကြောင့် လက်လီသာ အရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီ လကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်သို့ အခြားဆောင်းပဲသစ်များ အဝင်များလာပေမယ့် ပဲပုပ်သီးနှံ အဝင်ပါးလာခဲ့လို့ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပြည်ခရိုင်အတွင်း ပဲပုပ်သီးနှံစိုက်ပျိုးထွက်ရှိမှုမှာ အခြားပဲများကဲ့သို့ မများဘဲ စိုက်ဧက ထောင်ဂဏန်းမျှသာ စိုက်ပျိုးခဲ့ကာ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်တို့မှာ စိုက်ပျိုးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ပဲပုပ်သီးနှံဟာ ပဲပေါ်ချိန်ကာလအထွက်လှိုင်ချိန်လောက်သာ လက်လီလက်ကား အရောင်းအဝယ်ဖြစ်နေပေမယ့် ကျန်ကာလများတွင် လက်လီသမား ပုံမှန်ဝယ်ယူမှုအပေါ် အိတ်အနည်းငယ်ရောင်းချနိုင်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၂၅၀၀ ဖြင့် ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်နေခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်သာရှိတဲ့ ပဲလွန်းဖြူသီးနှံဟာ ပဲအဝင်သိပ်မရှိပေမယ့် လက်ကျန်ပဲ အသင့်အတင့်ရှိခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံကို ရွှေတောင်၊ ပြည်၊ ပန်းတောင်း၊ သဲကုန်းမြို့နယ်တို့တွင် စိုက်ဧက သုံးထောင်ကျော်သာ စိုက်ပျိုးလျက်ရှိပါတယ်။ ဒါကြောင့် ကျန်ပဲများကဲ့သို့ အရောင်းအဝယ်မသွက်ပေမယ့် လက်လီ ပုံမှန်ရောင်းဝယ်မှု နေ့စဉ်ရှိခဲ့ပါတယ်။ ပဲဈေးကတော့ တစ်တင်းကျပ် ၂၄၆၀၀ ဖြင့် ဈေးဆက်ငြိမ်လျက်ရှိကာ ပြည်ခရိုင်ဖက်က ထွက်ရှိသော ပဲလွန်းဖြူသီးနှံထက် သာယာဝတီခရိုင်၊ မိုးညှင်းမြို့နယ်ဖက်မှ ထွက်ရှိသော ပဲသီးနှံက အရည်အသွေးပိုကောင်းကာ ဈေးလည်း ပိုရခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ဖေဖော်ဝါရီ နောက်ဆုံးပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံသီးနှံ အရောင်းအဝယ်အသွက်ဆုံးဖြစ်ပြီး ပဲဈေးနှုန်းအားလုံး ဈေးအေးနေခဲ့



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဖေဖော်ဝါရီလကုန်တွင် ဆောင်းပဲသစ်မျိုးစုံ အများအပြား ဝင်ရောက်လာပေမယ့် ပဲဈေးနှုန်းများ လျော့လာတာကိုတွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများအထွက်လှိုင်လာလို့ ဈေးကွက်အတွင်း အဝင်များလာခဲ့သလို ကုလားပဲ၊ ပဲကြီး၊ ပဲပုပ်သစ်များလည်း ဝင်ရောက်လာပါတယ်။ ဈေးကွက်မှာ ယခုလကုန်ပတ် အရောင်းအဝယ်သွက်လျက်ရှိတဲ့ ပဲများကတော့ မတ်ပဲနှင့်ပဲစင်းငုံသီးနှံများဖြစ်ကာ ဝယ်လိုအားလည်း ကောင်းနေခဲ့တယ်လို့သိရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ပေါင်းတလည်၊ ရွှေတောင်၊ ကြီးသဲ၊ ပြည်အနီးတစ်ဝိုက်နှင့် နယ်စုံမှ ဝင်ရောက်လာကြသလို ကံမဘက်မှလည်း ဝင်ရောက်ခဲ့တဲ့အတွက် တစ်ရက်အိတ် ၅၀၀၊ ၆၀၀ ကျော်ထိ ဝင်ရောက်ပါတယ်။ ရန်ကုန်ဝယ်လက်က အဝယ်လိုက်နေလို့ နေ့စဉ်အဝင်ရှိသမျှ ပဲအားလုံး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ လလယ်က ဈေးထက်မြင့်လာတယ်လို့ ဆိုပေမယ့် ယခုလကုန်ပတ်မှာ ပဲဈေးပြန်လျော့နေလို့ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ယခင်နှစ်က ဈေးထက်လည်း လျော့နည်းနေခဲ့ပါတယ်။ယခင်နှစ်က ပဲသစ်ဈေးမှာယခုအချိန်တွင် တစ်တင်းကျပ်ငါးသောင်းခန့် ရရှိခဲ့တာကို တွေ့ရပါတယ်။ ပဲအထွက်လှိုင်လာချိန်တွင် ဈေးလျော့ပေမယ့် ယခင်နှစ်က ဧပြီလကုန်မှစ၍ ဈေးပြန်မြင့်လာခဲ့တာကြောင့် ယခုနှစ်မှာလည်း နောက်ပိုင်းကာလမှာ ဖြစ်ပေါ်လာမယ့် ပဲဈေးအခြေအနေကို စောင့်ကြည့်ကာ တောင်သူအချို့ကထွက်ရှိလာသော ပဲများအား မရောင်းချသေးဘဲ ဈေးဆက်စောင့်နေတယ်လို့လည်း သိရပါတယ်။

ပဲစင်းငုံသီးနှံအနေဖြင့် ပဲအထွက်လှိုင်လာချိန်ဖြစ်လို့ နေ့စဉ်အိတ် ၁၀၀၀ကျော် ဝင်ရောက်ပြီး ပေါက်ခေါင်း၊ ပန်းတောင်း၊ ပြည်မြို့နယ်များမှ အများဆုံးဝင်ရောက်ခဲ့တာတွေ့ရပါတယ်။ ပြည်ခရိုင်အတွင်း ပဲစင်းငုံသီးနှံကို စိုက်ဧက နှစ်သောင်းနီးပါး စိုက်ပျိုးခဲ့ကာ ပြည်၊ ပေါက်ခေါင်းနှင့် ပန်းတောင်းမြို့နယ်များတွင် အများဆုံးစိုက်ပျိုးလျက်ရှိပါတယ်။ ပဲစင်းငုံသီးနှံဟာ မတ်ပဲသီးနှံကဲ့သို့ တစ်နှစ်ပတ်လုံးဈေးကွက်သို့ ဝင်ရောက်ခြင်းမျိုးမဟုတ်ဘဲ ပဲအထွက်လှိုင်ချိန်ကာလများတွင်သာဈေးကွက်သို့အဝင်များပြီး ကျန်အချိန်များတွင် ပဲလက်ကျန်များဖြင့်သာ ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုအချိန်တွင်တော့ ပဲအထွက်လှိုင်ချိန်ဖြစ်လို့ ပဲဝင်ရောက်မှုများလာသလို ဝယ်ယူမှုကလည်း လှောင်လက်သမားရော ရန်ကုန်ဝယ်လက်ကပါ ဝယ်ယူနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ်၂၂၅၀၀ ဖြင့် မတ်ပဲ၊ ပဲတီစိမ်း သီးနှံများထက်လည်း ဈေးလျော့လို့ ပြည်ပဝယ်လက်ပဲထဲမှာ ဈေးအေးနေတယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံသစ်များ ပန်းတောင်းနှင့် ပြည်-အောင်လံကြားမြို့နယ်များမှ နေ့စဉ်အဝင်ဆက်ရှိလာလို့ အိတ် ၂၀၀၊ ၂၅၀ ကျော်ခန့် ဝင်ရောက်လာခဲ့ပါတယ်။ ပဲဝင်ရောက်မှုများလာလို့ ပဲဈေးနှုန်း လျော့ခဲ့တာကြောင့် (ရွှေကျွန်း) တစ်တင်းကျပ် ၂၇၅၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၆၅၀၀ ဖြင့် ဒေသတွင်း ပဲကြော်ဖိုလုပ်ငန်းသမားများနှင့် ရန်ကုန်ဝယ်လက်များ ဝယ်ယူလျက်ရှိတာကိုလည်းတွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ပဲအဝင်သိပ်မရှိတော့ဘဲ လက်ကျန်ပဲများရှိလို့ အိတ်အနည်းငယ်သာ ရောင်းဝယ်မှုရှိခဲ့ကာ ပဲဈေးမှာ တစ်တင်းကျပ် ၂၄၆၀၀ ဖြင့် ဈေးငြိမ်နေသလို ပဲနီပြားသီးနှံမှာလည်း လက်လီအဝယ်ရှိလို့ ပဲတစ်တင်းကျပ် ၂၀၀၀၀ ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ စားတော်ပဲသီးနှံမှာ ပဲသစ်ဝင်ရောက်ခြင်း မရှိသေးဘဲ လက်ကျန်ပဲအချို့ကို လက်လီဝယ်ယူ နေတာကြောင့် ပဲတစ်တင်းကျပ်၄၀၀၀၀ဖြင့် ဈေးအမြင့်ဆုံးရရှိနေတဲ့ သီးနှံဖြစ်ခဲ့လို့ ပြည်ပဝယ်လက် ပဲများထက်ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်းကို မန္တလေးဝယ်လက်ကရသလောက်ဝယ်ယူ

ဖေဖော်ဝါရီလကုန်ပတ် ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံတို့ အထွက်လှိုင်ချိန်ဖြစ်လို့ အရောင်းအဝယ်သွက်နေပေမယ့် ပဲတီစိမ်းသီးနှံအနေဖြင့် ပဲထွက်ရှိမှု တဖြည်းဖြည်းလျော့နည်းလာတဲ့အတွက် ဈေးကွက်သို့ ပဲဝင်ရောက်လာမှုမှာလည်း တဖြည်းဖြည်းပါးလာကာ တစ်ရက်အိတ် ၁၀၀ မှ ၁၅၀ ကျော်ခန့်သာ ဝင်ရောက်လျက်ရှိပါတယ်။ မန္တလေးလိုင်းသမားများကလည်း ဝင်ရောက်လာသမျှ ဝယ်ယူနေတာကြောင့် လက်ကျန်သိပ်မထားကြဘဲ ရောင်းဝယ်နေခဲ့ကြပြီး ပဲဈေးမှာတစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ဈေးနှုန်းလျော့ကျလာတယ်လို့လည်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်တင်း ကျပ် ၃၂၅၀၀ ရရှိခဲ့လို့ ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၂၅၀၀ ခန့် လျော့နည်းသွားကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်မြေပဲဆန်ဈေး ပုံမှန်အတိုင်းရှိ

ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ပုံမှန်ဖြစ်နေတာတွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များက လုံးဆန်ကိုအဝယ်ရှိနေသော်လည်း ဈေးမှန်နေတာတွေ့ရပါတယ်။ မနှစ်ကလုံးဆန်ဈေးက ယခုနှစ်လောက် မမြင့်တာတွေ့ရပါတယ်။ ဆီဆန်ဈေးကတော့ မနှစ်ထက် ဈေးပိုမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် မြေပဲဆန်ဝင်ရောက်မှုနည်းသွားပြီး အဝယ်ရှိနေသေးပေမယ့် ဈေးမှန်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ်၁၆၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀နှင့်လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ မနှစ်ကမြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၉၅၀ဖြင့် ယခုနှစ်ထက် ဈေးပိုလာခဲ့သော်လည်း လုံးဆန်(အနီ)မှာ တစ်ပိဿာလျှင်ကျပ်၂၃၅၀နှင့် လုံးဆန်(အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၅၀ ဖြင့် ယခုနှစ်ဈေးကို မမီတာတွေ့ရပါတယ်။ **ဝေဝေမင်း**

## ပြည်ကုလားပဲသီးနှံ ဈေးကွက် အတွင်းမှာ ဈေးအမြင့်ဆုံးနဲ့ ရပ်တည်နေ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပြည်ပဝယ်လက်ပဲများနည်းတူ ပြည်တွင်းဝယ်လက်ပဲများထဲမှာ ကုလားပဲသီးနှံဟာလည်း ပဲအဝင်များလာပြီဖြစ်လို့ အရောင်းအဝယ်သွက်လာပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်းနဲ့ကံမမြို့နယ်များမှ ပြည် ဈေးကွက်သို့ တစ်ရက်အိတ် ၂၀၀ မှ၂၅၀ ကျော် ဝင်ရောက်ခဲ့ပြီး ခွဲစက်သမားများအဓိကဝယ်ယူနေကြတာကြောင့် အိတ်၂၅၀ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးမှာတစ်တင်းကျပ် ၃၈၀၀၀ ဖြင့် လလယ်က ဈေးထက် ထပ်မံကျဆင်းခဲ့ပါတယ်။ သို့သော်လည်း မတ်ပဲ၊ပဲတီစိမ်း၊ပဲစင်းငုံသီးနှံများနှင့်ယှဉ်လျှင်တော့ ဈေးမြင့်ရလျက်ရှိသလို အရောင်းအဝယ်သွက်လျက်ရှိနေတဲ့ ပြည်ပဲဈေးကွက်အတွင်းရဲ့ ပဲများထဲမှာ ဈေးအမြင့်ဆုံးရနေတဲ့ပဲဖြစ်တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ကယားပြည်နယ်တွင် ပဲစင်းငုံဈေးနှုန်း ကျဆင်းမှုကြောင့် တောင်သူအချို့အခက်တွေ့

ကယားပြည်နယ်တွင် ပဲစင်းငုံစိုက်ပျိုးသော တောင်သူအများစုသည် ပဲစင်းငုံအထွက်ကောင်းသော်လည်း ဈေးနှုန်းက တောင်သူများမျှော်မှန်းသလောက်မရရှိဘဲ ယခင်နှစ်နှင့်များစွာကွာဟနေကြောင်းသိရှိရပါတယ်။ ယခင်နှစ်က ပဲစင်းငုံ တစ်ပိဿာလျှင် ကျပ် ၂၄၀၀ မှ ကျပ် ၂၇၀၀ ရှိရာမှ ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ အထိ ကျဆင်းလာခဲ့ရာ ပဲစင်းငုံစိုက်တောင်သူများအတွက် အခက်တွေ့စေခဲ့ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားပါတယ်။ ယခုတစ်ပတ်အတွင်း ပဲစင်းငုံတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဈေးပေါက်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ အများဆုံးဝယ်ယူကာ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ကြောင်း သိရှိရပါတယ်။ ပဲစင်းငုံနီအသစ်များ ဈေးကွက်အတွင်း အဝင်များလာခြင်းနှင့် ရန်ကုန်ဈေးကွက်တွင် ပဲစင်းငုံနီဈေးကျလာခြင်းတို့ကြောင့် ရန်ကုန်ဝယ်လက်နှင့် မြို့ခံကုန်သည်များကလည်း ဈေးလျှော့ဝယ်ယူခဲ့ကြောင်းသတင်းရရှိပါတယ်။

**ထွန်းနိုင်လင်း(လွိုင်ကော်)**

## မုံရွာကုန်စည်ဒိုင်သို့ ကုလားပဲသစ်များ ဝင်ရောက်လာ၍ ဈေးအနည်းငယ်ကျဆင်း

မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ဒီဇင်ဘာလပထမပတ်အတွင်းက ဈေးနှုန်းတက်ခဲ့သည့် ကုလားပဲအုပ်စုကုန်စည်များသည် နှစ်ဆန်းပိုင်းမှစ၍ ကုလားပဲအသစ်များဝင်ရောက်လာသဖြင့် ဈေးနှုန်းပြန်လည်ကျဆင်းသွားကြောင်း သိရှိရသည်။ ဖေဖော်ဝါရီလ တတိယပတ်တွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်ကျပ် ၂၀၀၀၀ ဝန်းကျင်ခန့် ဈေးကျသွား ကြောင်း သိရှိရသည်။ လက်ရှိမုံရွာကုန်စည်ဒိုင်တွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ်၃၃၀၀၀၊ ကုလားပဲ(ထိုင်ဝမ်) တစ်တင်းလျှင် ၃၃၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရပါသည်။

**လင်းလင်းသန့်**

## ယခုနှစ် ပဲစင်းငုံ ရန်ကုန်တင်ပို့မှုထက် ဒေသတွင်းလှောင်လက်များနေ

ယခုအခါတွင် ပဲစင်းငုံနီများ အထွက်လှိုင်နေပြီဖြစ်သဖြင့် မုံရွာကုန်စည်ဒိုင်သို့ အရာတော်၊ ဘုတလင်၊ မုံရွာ၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ပုလဲ ဒေသထွက် ပဲစင်းငုံနီများ နေ့စဉ် အိတ်ရေ ၆၀၀၀ကျော်ခန့် ဝင်ရောက်နေပြီဖြစ်ကြောင်း ကုန်သည်များထံမှ သိရှိရပါတယ်။ ယခင်နှစ်က ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၄၅၀၀၀မှ ၅၀၀၀၀ ကျော်အထိ ဈေးရှိခဲ့ပြီး ယခုနှစ်မှာတော့ တစ်တင်းကို ကျပ် ၂၃၀၀၀ကျော်မှ ၂၆၀၀၀ကျော် ဝန်းကျင်ဈေးသာရှိနေသလို၊ ရန်ကုန်ဝယ်လက်အနေနဲ့လည်း အဝယ်အေးအေး၊ ဈေးအေးအေးသာ ရှိနေပါတယ်။ လက်ရှိပေါက်ဈေးမှာလည်း လှောင်လက်သမားအကြိုက် ဖြစ်နေတဲ့အတွက် ကုန်စည်ဒိုင် ဝင်ရောက်သမျှပဲ အားလုံးကို ရန်ကုန်တင်ပို့မှုထက် ဒေသတွင်းလှောင်လက်က များနေတယ်လို့ ကုန်သည်တစ်ဦးက ပြောပြပါတယ်။

**အောင်မင်း(တန့်ဆည်)**

## မုံရွာကုန်စည်ဒိုင်သို့ မြေထောက်ပဲသစ်များ ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ မြေထောက်ပဲသီးနှံ စိုက်ပျိုးရန်လျာထား ဧက ခြောက်သောင်းကျော်ရှိသည့်အနက် ဧက ၆၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ယခုဖေဖော်ဝါရီမှစ၍ မြေထောက်ပဲများကို မော်လိုက်မြို့နယ်မှာ အများဆုံးစိုက်ပျိုးထွက်ရှိပြီး ကလေး၊ တမူး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ ကသာ၊ အင်းတော်၊ ထီးချိုင့် စသည့်မြို့နယ်များမှလည်း စိုက်ပျိုးလျက်ရှိကြောင်းသိရပါတယ်။ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း စသည့်မြို့နယ်များမှ မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ တစ်ရက်အိတ် ၁၀၀၀ခန့်ဝင်ရောက်လျက်ရှိကြောင်းသိရှိရပါတယ်။

မြေထောက်ပဲသစ်များ ထွက်ပေါ်၍ ဈေးအနည်းငယ်ကျခဲ့ပြီး ယခုတစ်ပတ် တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ်၂၈၀၀၀ နှုန်းပေါက်ပြီး ယခင်နှစ်ကာလတူ ပေါက်ဈေးမှာကျပ် ၂၉၀၀၀ ရှိသဖြင့် ယခင်နှစ်ကာလတူဈေးနှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်သာ ကွာခြားကြောင်းသိရှိရပါတယ်။ မြေထောက်ပဲဈေးကွက်မှာဒေသတွင်းသုံး ဝယ်လက်အနေနဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## ချောင်းဦးမြို့ရှိ ခရမ်းချဉ်သီးစိုက် တောင်သူများ အရှုံးပေါ်

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ပုရစ်ကုန်းကျေးရွာတွင်ရှိ ခရမ်းချဉ်စိုက်တောင်သူများသည် စိုက်ပျိုးစရိတ် များပြားသလောက် ခရမ်းချဉ်သီးပေါ်ချိန်တွင် ဝယ်လက်များထံမှ ဈေးကောင်းမရရှိသည့်အတွက် အရှုံးပေါ်လျက်ရှိကြောင်း ဒေသခံ ခရမ်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ယခုနှစ်ဆောင်းရာသီတွင် ခရမ်းချဉ်ဈေးကွက်၏ရာသီပေါ်ဈေးနှုန်းအဖွင့်မှာတစ်ပိသာလျှင် ငွေကျပ် ၂၀၀၀ဖြစ်သော်လည်း ဈေးကောင်းချိန်၌ အသီးကောက်၍ အမိရောင်းချနိုင်သူ တောင်သူအနည်းငယ်ခန့်သာရှိခဲ့ရာ အဝင်နည်း၍ ဈေးကောင်းရခြင်းဖြစ်ကြောင်း မုံရွာအဝယ်ဒိုင်မှ သိရှိရပါ သည်။နှစ်ဆန်းပြီး နောက်ပိုင်းရက်များတွင် ခရမ်းချဉ်သီးဈေးကွက်သည် တစ်နေ့တစ်ခြား ဈေးနှုန်းကျဆင်းရာ ဖေဖော်ဝါရီလတွင် ရှယ်သီး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ခန့် ဈေးရှိပါသည်။ ခရမ်းစိုက်တောင်သူများသည် ဈေးကောင်းချိန်တွင် သီးထွက်မကောင်းဖြစ်ခဲ့ပြီး သီးထွက်နှုန်းလှိုင်လှိုင်ပေါ်ချိန် တွင်လည်း ဈေးကောင်းမရသဖြင့် စိုက်ပျိုးစရိတ်အတွက် အရင်းအနှီး အကုန်အကျများကာ အရှုံးပေါ်လျက်ရှိကြောင်း သိရှိရပါ သည်။

**လင်းလင်းသန့်**

## ဖေဖော်ဝါရီ စတုတ္ထပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ ပဲသစ်မျိုးစုံ ဝင်ရောက်မှုများလား

မုံရွာကုန်စည်ဒိုင်သို့ ဖေဖော်ဝါရီ တတိယပတ်မှာ ပဲမျိုးစုံအသစ်များ ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက် ပဲများဖြစ်သော မတ်ပဲ၊ပဲစင်းငုံ၊ပဲတီစိမ်းသီးနှံများအဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံသီးနှံ ဝင်ရောက်မှုများလာပြီး ဈေးနှုန်းမှာလည်း အနည်းငယ် ကျဆင်းလာတာ တွေ့ရပါတယ်။ ပဲစင်းငုံ သီးနှံ တစ်တင်း(သစ်) ပေါက်ဈေးနှုန်းမှာ ကျပ် ၂၂၅၀၀ နှုန်းရှိပြီး နေ့စဉ်အိတ် ၅၀၀၀ ခန့်၊ မတ်ပဲသီးနှံမှာ ယခင်တစ်ပတ်ပေါက်ဈေးထက် အနည်းငယ်ဈေးတက်လာကာ ယခင်နှစ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ဈေးနိမ့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်မတ်ပဲတစ်တင်းပေါက်ဈေးမှာ (အထွက်တိုး)ကျပ် ၂၇၀၀၀၊ (ကုန်း) ကျပ်၂၉၅၀၀ နှုန်းဖြင့် နေ့စဉ်အိတ် ၂၀၀၀ ခန့်၊ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်ဈေးမှာ (ကြီး) ကျပ် ၂၉၀၀၀၊ (သေး) ကျပ် ၂၅၇၀၀ ဖြစ်ပြီးနေ့စဉ် (ကြီး/သေး) အိတ် ၄၅၀ ခန့်နဲ့ အရောင်းအဝယ်အသွက်ဆုံးသီးနှံများဖြစ်ကြောင်းသိရပါတယ်။ ဒေသတွင်းသုံးပဲဖြစ်သော ပဲလွန်းဖြူ/ပြာ အသစ်များလည်း နေ့စဉ်အိတ် ၅၀၀ ခန့်အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၂၈၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၅၀၀၀ နှုန်းရှိပြီး ဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲများမှာလည်း ဒေသတွင်း လုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ကုန်စည်ဒိုင်သို့ ပဲကြီးအသစ် အနည်းငယ်စတင်ဝင်လာပြီး ယခုတစ်ပတ်ပဲကြီး (ဟောင်း)တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၈၀၀၀၊ (သစ်)ကျပ် ၂၀၀၀၀နှုန်းရှိပြီး ကုလားပဲမျိုးစုံအသစ်များလည်း ဝင်ရောက်လျက်ရှိရာ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ် ဆက်လက်ကျဆင်းကာ V2 တစ်တင်း ကျပ် ၃၄၀၀၀၊ 929 ကျပ် ၃၃၅၀၀၊ ထိုင်ဝမ် ကျပ် ၃၃၅၀၀ နှုန်းဖြင့် သုံးမျိုးပေါင်း အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စွန်တာနီတစ်တင်း ကျပ် ၁၉၀၀၀ နှုန်းဖြင့် အိတ် ၂၀၀ ခန့်၊ ပဲလုံးကြားတစ်တင်း ကျပ် ၂၃၀၀၀ နဲ့ အိတ် ၁၅၀ခန့်၊ ပဲယင်း တစ်တင်း ကျပ် ၁၄၅၀၀ နှုန်းနဲ့ အိတ် ၉၀၀ခန့်၊ ထောပတ်ပဲ တစ်တင်း ကျပ် ၁၆၅၀၀ နှုန်းနဲ့ အိတ် ၂၀၀ ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၂၈၀၀၀ နှုန်းနှင့် အိတ် ၁၀၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်က ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ် အိတ် ၅၅၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ် အိတ် ၄၀၀ ခန့်ရှိပါတယ်။ ယခုတစ်ပတ်မြေပဲလုံး ဆန်ဖြူနဲ့ အနီဈေးနှုန်း အနည်းငယ် ဈေးကျပြီး ဆီဆန်ဈေးနှုန်းမှာ ဈေးငြိမ်လျက်ရှိကာ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန် တစ်ပိဿာ ဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၄၀၀၊ ဆီဆန်ဖြူ ကျပ် ၂၀၀၀၊လုံးဆန်နီ၂၃၇၅ ကျပ် အသီးသီးဈေးနှုန်းရှိခဲ့ရာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းနေကြောင်းသိရှိပါတယ်။နှမ်းမျိုးစုံဈေးကွက်မှာနှမ်းဖြူတစ်ပိဿာ ၂၂၀၀ကျပ်ဖြစ်ပြီး တစ်ရက်အိတ် ၁၀၀ ခန့်၊ နှမ်းနက် တစ်ပိဿာ၂၈၆၇ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၅၆၇ ကျပ်နှုန်းဖြစ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## မန်ကျည်းမှည့် ဝင်ရောက်မှုများပေမယ့် အရောင်းအဝယ်အေး

ပြည်ဒေသတွင်းမှာ မန်ကျည်းမှည့် ပေါ်ချိန်ဖြစ်နေတာကြောင့် ပွဲရုံအတွင်း မန်ကျည်းမှည့် ဝင်ရောက်မှု ပိဿာချိန်များနေပေမယ့် ဈေးငြိမ်နေသလို အဝင်များပြီး အရောင်းအဝယ်အေးနေတာ တွေ့ရပါတယ်။ မန်ကျည်း မှည့်ပေါ်ချိန်မှာ ဈေးမကျဘဲ မနှစ်ကထက် တစ်ပိဿာပေါ်တွင်(အသား)ကျပ် ၇၀၀ ခန့်ဈေးမြင့်နေတာ တွေ့ရပါတယ်။ (ပွဲရုံဈေး) တစ် ပိဿာလျှင် (အစေ့အနည်းငယ်ပါ) ကျပ် ၂၂၀၀ နှင့် (အစေ့ပါ) ကျပ် ၁၄၀၀ တို့ဖြင့်သာ ဈေးနှုန်းငြိမ်နေပြီး ဒေသတွင်း လက်လီဈေးကွက်မှာ တစ်ပိဿာ (အစေ့အနည်းငယ်ပါ) ကျပ် ၂၅၀၀ နှင့် (အစေ့ပါ) ကျပ် ၁၈၀၀ ဈေးတို့ဖြင့် ရောင်းချ နေတာ တွေ့ရပါတယ်။ လှောင်လက်သမားများမှာလည်း ဈေးအမြင့်တွင်သာရှိနေသေးတာကြောင့် အများအပြားဝယ်ယူပြီး လှောင်နေကြတာမတွေ့ရဘဲ လက်လွှဲရောင်းချမှုသာရှိနေကြောင်းလည်း သိရပါတယ်။ ဒေသတွင်း၊ ဓာတုဗေဒအချဉ်များနှင့် အချဉ်ဓာတ်ရှိ ဟင်းသီးဟင်းရွက်များပါပေါ်နေတာကြောင့် အရောင်းအေးနေတယ်လို့လည်း သိရပါတယ်။ မန်ကျည်းမှည့်ဟာ ပြည်ဒေသအနီးတစ်ဝိုက်မှ အကုန်ထွက်ရှိနေတာကြောင့် ပွဲရုံအဝင်များပြီး နယ်အထွက်နည်းနေတာ သိရပါတယ်။

**နီနီဝင်း**

## ပြည်ဈေးကွက်တွင် ကြက်သွန်ဖြူအသစ်များ ဝင်ရောက်လာ၍ ဈေးအနည်းငယ်ကျဆင်း

ပြည်ဈေးကွက်အတွင်းသို့ ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူအသစ်တွေ ဝင်ရောက်နေတာ တွေ့ရပါတယ်။ ရှမ်းစ အသစ်တွေ စတင်ဝင်ရောက်လာလို့ ကြက်သွန်ဖြူဈေးလည်း ကျလာတာ တွေ့ရပါတယ်။ ဒါကြောင့် တရုတ်လိုင်း ကြူကုတ်စ တစ်ပိဿာပေါ်တွင် ကျပ် ၂၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူပွဲရုံဈေးနှုန်းတွေက (ရှမ်း) ကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ထိ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းကွာဟနေခြင်းဖြစ်ပါတယ်။ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ်၄၈၀၀ ဈေးဖြစ်ပါတယ်။

ဒေသတွင်း လက်လီအရောင်းဈေးများမှာ ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၅၀၀၀ မှ ကျပ် ၅၅၀၀ တို့ဖြစ်ပြီး၊ (ကြူကုတ်စ) ကျပ် ၅၁၀၀ တို့ဖြင့် ရောင်းချနေတာတွေ့ရပါတယ်။ ကြက်သွန်ဖြူဈေးအနည်းငယ် ကျလာသော်လည်း ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ပုံမှန်အနေအထားသာ ရှိနေခဲ့ပါတယ်။ ဒေသတွင်း လက်လီသမားများရဲ့အဝယ်သာ ရှိနေတာကြောင့် အိတ် ၂၇၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

# မန္တလေးနန်းတော်ရှေ့မှ
# ရွှေချည်ထိုးလုပ်ငန်း

လင်းသူ



ယဉ်ကျေးမှုမြို့တော် မန္တလေးတွင် မြန်မာမှု လုပ်ငန်းများစွာရှိသည်။ ထိုအထဲတွင် ရွှေချည်ထိုး လုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရွှေချည်ထိုးဆိုသည်မှာ အဝတ်အထည်အဆောင် အယောင်တို့နှင့် ဆက်စပ်နေသော်လည်း မရှိမဖြစ် အသုံးပြု ရသော နေ့စဉ်သုံးကုန်ပစ္စည်းမဟုတ်ပေ။ အခမ်းအနား၊ အလှူမင်္ဂလာ၊ ကုမ္ပဏီ၊ ရုံးခန်းတို့တွင် အလှဆင်သည့် အရာတစ်ခုဖြစ်သည်။ ရှင်ပြုပွဲ အခမ်းအနားများ၊ ဇာတ်သဘင်ပွဲများတွင် အသုံးပြုကြသည်။ ထီးနန်းသုံး၊ တော်ဝင်သုံးပစ္စည်း ဟုဆိုလျှင်လည်း ရသည်။ မန္တလေးတွင် မြန်မာမင်း နေပြည်တော်ရှိစဉ်အခါက ရွှေချည် ငွေချည်ထိုး ထားသည့် အဆောင်အယောင်များကို ရာထူးရာခံ အဆင့်လိုက်အသုံးပြုကြသည်ဟုသိရသည်။ နန်းတော် အတွက်အသုံးပြုရန် ပညာရှင်များကို မန္တလေးမြို့ တွင်း ရပ်ကွက်တည်ထားပေးရသည်အထိ ကြီးကျယ် ခမ်းနားသည့် လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

မန္တလေး မဟာအောင်မြေမြို့နယ် မျက်ပါး ရပ်တွင် ရွှေချည်ထိုးလုပ်ငန်းများ ယခုအချိန်အထိ ရှိနေသည်။ မျက်ပါးရပ်ဆိုသည်မှာ ဘုရားရွှေချသည့် ရွှေပြားရွှေဆိုင်းလုပ်ကိုင်သည့်အရပ်ဖြစ်ပြီး ရွှေချည်ထိုးလုပ်ငန်းများပါ ပူးတွဲတွေ့ရှိရခြင်းဖြစ် သည်။ ဘုရင်နှင့် မိဖုရားတို့အတွက် ဆင်ယင်သော ရွှေချည်ငွေချည် ထိုးထားသည့် ဝတ်လဲတော်များ၊ အဆောင်အယောင်များကို ပညာရှင်အမျိုးသား သက်ကြီးများကသာ နန်းတွင်းသို့လာရောက်၍ ပြုလုပ်ပေးကြရသည်ဟု သိရသည်။ ထီးနန်းဓလေ့ ပျောက်ကွယ်ခဲ့ပြီဖြစ်သော်လည်း ထီးသုံးနန်းသုံး ယဉ်ကျေးမှုပစ္စည်းများ၊ ဆက်စပ်လုပ်ငန်းများကျန် ရှိနေသေးသည်ကို တွေ့မြင်နိုင်သည်။ ရွှေချည်ထိုး လုပ်ငန်းများ၏ ရှေးအသုံးအဆောင် ကုန်ကြမ်း များနေရာတွင် ခေတ်နှင့် လျော်ညီသည်များကို အစားထိုးကာ ဆက်လက် လုပ်ကိုင်ဆောင်ရွက် နေကြသည်။ ပြည်ပမှ လာရောက်သည့် ဧည့်သည် များက မန္တလေးရောက်ခိုက် ဝင်ရောက် လေ့လာ မှတ်တမ်းတင်ရသည့် မြန်မာမှုပညာရပ်အဖြစ် ဂုဏ်ယူဖွယ်ရာ ရပ်တည်နေပါသည်။

ကျွန်တော့်အနေဖြင့် မန္တလေးသို့ မကြာခဏ အလုပ်ကိစ္စဖြင့် သွားရောက်လေ့ရှိပါသည်။ ရောက်သည့်အခါတိုင်း မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှု အနုသုခုမလက်ရာများရှိသည့် နေရာများ၊ လက်မှုပစ္စည်းများ ထုတ်လုပ်ပေးနေသည့် အလုပ်ရုံများသို့ သွားရောက်ကာလေ့လာဖြစ်ခဲ့ပါ သည်။ ယခုတစ်ခေါက် မန္တလေးသို့ ခရီးဆက်ဖြစ် သည်တွင် မြန်မာ့ယဉ်ကျေးမှုလုပ်ငန်းတစ်ခု ဖြစ်သော စိန်မြင့်ရွှေချည်ထိုးသို့ခြေဦးတည်ဖြစ်ခဲ့ပါသည်။

ရွှေချည်ထိုးပညာရှင် ဦးစိန်မြင့်သည် ရန်ကုန်မြို့ ယောမင်းကြီးလမ်း ခြံအမှတ် ၆၅ တွင် Gallery 65 အမည်ဖြင့် အနုပညာပြခန်းတစ်ခု ဖွင့်လှစ်ထားသည်။ ယင်းပြခန်းအတွင်း ၂၀၁၃ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပန်းချီပညာရှင် ဦးဝင်းဖေနှင့် ဦးစိန်မြင့် တို့ပူးပေါင်းပြီး ပြပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ပန်းချီပညာရပ်ကို ထိတွေ့ နားလည်တတ်သူမဟုတ်သော်လည်း ပြပွဲသို့ အချိန်ပေးကာလေ့လာဖြစ်ပြီး ရွှေ ချည်ထိုးပညာရပ်ကိုပါ တတ်မြောက်သည့် ဆရာဦးစိန်မြင့် အကြောင်းကိုလည်း စေ့ငုကြည့်မိခဲ့ပါသည်။ ဦးဝင်းဖေ အပါအဝင် ပေါ်ဦးသက်၊ ဦးလူတင်တို့ကဲ့သို့ နိုင်ငံကျော် ဆရာကြီးများထံတွင် ဦးစိန်မြင့်သည် ပန်းချီပညာကို လေ့လာခဲ့သူဖြစ်သည်။ ပန်းချီဖြင့် မြန်မာမှု အနုပညာလုပ်ငန်းများကို စတင်ခဲ့သော်လည်း ၁၉၈၅ ခုနှစ်မှစကာ မြန်မာ့ရိုးရာ ရွှေချည်ထိုးပညာ ရပ်အား စိတ်ဝင်တစား လေ့လာ ပြုလုပ်ခဲ့သည်။

၁၉၉၀ ခုနှစ်တွင် ဦးစိန်မြင့်ဖန်တီး ပြုလုပ်ထားသော အလျား ၁၇ ပေ၊ အနံ ၇ ပေရှိသည့် မြန်မာမှု ရွှေချည်ထိုးကားကြီးကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂရုံးတွင် ချိတ်ဆွဲထားရန် ဂုဏ်ယူဖွယ်ရာ ရွေးချယ်ခံခဲ့ရသည်။

**မြန်မာနိုင်ငံအစိုးရ၏ နေပြည်တော်ရုံးများအတွက်**

ထို့အတူ မြန်မာနိုင်ငံအစိုးရ၏ နေပြည်တော်ရုံးများအတွက် ရွှေချည်ထိုးကားများကို ဦးစိန်မြင့်၏ အလုပ်ရုံမှ ပြုလုပ်ပေးခဲ့သည်ဟု သိရသည်။ ရွှေချည်ထိုးလုပ်ငန်း အများစုမှာ မျက်ပါး ရပ်တွင်ရှိသော်လည်း ဦးစိန်မြင့်အလုပ်ရုံမှာ နန်းတော်ရှေ့ရပ်တွင် သီးသန့်တည်ရှိသည်။ မြန်မာဘုရင် လက်ထက်တော်ကတည်းက မျိုးရိုးစဉ်ဆက် လုပ် ကိုင်လာခြင်း မဟုတ်သော်လည်း အောင်မြင်မှုရှိနေသည့် လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေ သည်။ ဝန်ထမ်း အမျိုးသမီး ၁၅ ဦး ဝင်ရောက် လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ကျွမ်းကျင်လုပ်သား များ ဖြစ်ခြင်းကြောင့် အဆင်ပြေမှုရှိနေသည်။ စတင်စဉ်ကတည်းက လုပ်ငန်းနှင့် အံဝင်ခွင်ကျမည့် သူများကိုသာ စိစစ်ရွေးချယ်ထားသည်ဟုဆိုသည်။

ရွှေချည်ထိုးလုပ်ငန်း၏ အားသာချက်မှာ သက်သောင့်သက်သာဖြင့် အရိပ်ထဲတွင် လုပ်ကိုင် နိုင်ခြင်းဖြစ်သည်။ အလေးအပင်မ,ပြီး ပင်ပင်ပန်း ပန်း အားစိုက်စရာမလိုအပ်သည့်အတွက် အမျိုး သမီးသီးသန့် လုပ်ကိုင်၍ရသည်။ မိန်းမသားအချင်း ချင်းလည်းဖြစ်၍ လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့် လင်းလင်း ပြောဆိုဆောင်ရွက်နိုင်ကြသည်။ အသက် အရွယ်မရွေး လုပ်ကိုင်နိုင်သည့်အတွက် ရွှေချည် ထိုးလုပ်ငန်းသည် အမျိုးသမီးများအတွက် အလုပ် အကိုင် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်သည်ကို တွေ့ရသည်။ လုပ်အားခကို လစာဖြင့် မဟုတ်ဘဲ နေ့စားဖြင့် ရှင်းပေးခြင်းဖြစ်သည်။ ယခင်က ပြည်ပသို့ တင်ပို့မှုရှိခဲ့သော်လည်း ယခုအခါတွင် ပြည်တွင်း အတွက်သာ ထုတ်လုပ်နေခဲ့ပြီ ဖြစ်သည်။

**ကုန်ကြမ်းများ**

ရွှေချည်ထိုး၏ အဓိကကုန်ကြမ်းမှာ ကတ္တီပါစ ဖြစ်သည်။ အခြားလိုအပ်သည်များမှာ ပိတ်စဖြူ ပိတ်စအနက်၊ ဖဲ၊ ပိုးစ၊ မိုင်းကိုင်စက္ကူ ဘော်ကြယ် (စီးကွင့်ခေါ် ရောင်စုံပလတ်စတစ် ကြယ်များ)၊ ရွှေချည်ငွေချည် (နာဂထာကြိုး)ပညာရပ်အပါအဝင် ကျောက်သွေး၊ ရောင်စုံချက်ကျောက်၊ ဥကျောက်၊ ကော် စသည်တို့ ဖြစ်သည်။ နာဂထာကြိုးဆိုသည်မှာ လုပ်ငန်းအခေါ်ဖြစ်ပြီး ရွှေရောင်လက် နေသည့် ကြိုးမျှင်ကလေးများ ဖြစ်သည်။ ရွှေချည်ငွေချည်နှင့် ယင်းနာဂထာကြိုးကို ပေါင်းကာ အသုံး ပြုရခြင်းဖြစ်သည်။ အဓိကကုန်ကြမ်းဖြစ်သည့် ကတ္တီပါစကို အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယတို့မှ ဝယ်ယူ အသုံးပြုရသည်။ အိန္ဒိယထက်စာလျှင် မှုဆယ်လမ်းကြောင်း ပွင့်နေသောကြောင့် တရုတ် ကို အားထားရသည်။ ကတ္တီပါအပြင် အခြား အသုံးပြုရသည့် ရွှေကြိုး၊ ငွေကြိုး၊ စီးကွင့် အားလုံး ကိုလည်း တရုတ်မှသာ ဝယ်ယူရသည်။ မြန်မာ့ ရိုးရာပစ္စည်းများအစား ပြည်ပကုန်ကြမ်းများက နေရာယူလာသည့် သဘောဖြစ်သည်။

ရွှေချည်ငွေချည်ကြိုးများကို ရှေးက အမရပူရက ပြုလုပ်ရောင်းချကြသည်။ ယခုတိုင်လည်း အမရပူရဘက်တွင် ယင်းလုပ်ငန်းရှိနေသေးသည်။ သို့သော် လှပပြီးဈေးသက်သာသည့် တရုတ်နိုင် လွန်ချည်များကို ပိုမိုအသုံးပြုကြသည်။ ပြည်တွင်းထွက် ဘော်ကြယ်များနေရာတွင်လည်း စီးကွင့်ဟုခေါ်သည့် ပလတ်စတစ်များကို အစားထိုးလာကြပြီ ဖြစ်သည်။ ကုန်ကြမ်းပစ္စည်းများကို တရုတ်သို့ တိုက်ရိုက်မှာယူရန်မလိုဘဲ မန္တလေးမြို့ရှိ ရွှေချည် ထိုးပစ္စည်းရောင်းချသည့် ဆိုင်များတွင် ဝယ်ယူရရှိ နိုင်သည်။ တရုတ်က ကတ္တီပါစများကို အလိပ်လိုက် ရောင်းချခြင်းဖြစ်သည့်အတွက် ရွှေချည်ထိုး လုပ်ကိုင်သူများသည် မိမိတစ်နိုင်စာ အရွယ်အစား အတိုင်း အရောင်းဆိုင်များ၊ ကုန်သည်များထံမှသာ လိုသလောက်မှာယူကြခြင်း ဖြစ်သည်။

**လုပ်ငန်းအဆင့်ဆင့်**

ရွှေချည်ထိုးပြုလုပ်ရာတွင် အဆင့်များစွာ မရှိပေ။ လုပ်ငန်းစသည်မှ ပြီးဆုံးသည်အထိ အဓိကအားဖြင့် လေးဆင့်သာရှိသည်။ ယင်းတို့မှာ ကားကြက်ခြင်း၊ ပုံရေးအကွက်ဖော်ခြင်း၊ ချည်ထိုးခြင်းနှင့် ကော်ကပ်ပုံဖော်ခြင်းတို့ဖြစ်သည်။ ပညာရှင်များက ကားချပ်ဘောင်ပြုလုပ်ခြင်းနှင့် အရုပ်ထိုးရခြင်းဟူသည့်နှစ်ပိုင်းသာရှိကြောင်း ဆိုသည်။

ရွှေချည်ထိုးသည် ပန်းဆယ်မျိုးတွင် ပါဝင်ခြင်းမရှိသော်လည်း ပန်းချီပညာရပ်မတတ်လျှင် လုပ်ကိုင် ၍ မရသည့် နောက်ဆက်တွဲလုပ်ငန်း ဖြစ်သည်။ ထို့ကြောင့် ပန်းဆယ်မျိုး၏ ဆင့်ပွားပညာရပ်ဟုဆိုရမည်။ ကိုယ်တိုင် ပန်းချီမရေးတတ်လျှင် ပညာရှင်ကို ပညာကြေးပေးပြီး အလုပ်အပ်ရသည်။ မျက်ပါးရပ်အတွင်း ရွှေချည်ထိုး လုပ်ငန်းများအတွက် ပန်းချီဆွဲပေးသော ပညာရှင်များရှိသည်။ စိန်မြင့် ရွှေချည်ထိုးလုပ်ငန်းတွင် ပိုင်ရှင်ဖြစ်သည့် ဦးစိန်မြင့်က ပန်းချီဆရာ ဖြစ်သည့်အတွက် အဆင်ပြေမှုရှိသည်။ ကိုယ်တိုင် ရေးဆွဲထားသည့် ပုံများကိုသာ ရွှေချည်ထိုးကားများ အတွက် အသုံးပြုသည်ဟု သိရသည်။

ရွှေချည်ထိုးရာတွင် ပထမဆုံးပြုလုပ်ရသည်မှာ သရုပ်ဖော်ပုံရေးဆွဲထားသည့် ပိတ်စအဖြူကို သစ်သား (သို့မဟုတ်) ဝါးကိုအသုံးပြုကာ ဘောင်ကွပ်ရခြင်းဖြစ်သည်။ ထို့နောက်ပန်းချီပုံကောက်ကြောင်း အတိုင်းလိုက်ကာ အပ်နှင့်ချည်ကို အသုံး ပြုပြီး ပုံဖော်ရသည်။ မျက်လုံးကလေးများက အစ ချည်ဖြင့်လိုက်ကာ ရေးဆွဲချုပ်လုပ်ရသည်။ ပုံတစ်ခုလုံးကို ချည်ဖြင့်ချုပ်ပြီးသည်နှင့် ယင်းသီးသန့်ပုံကို ညှပ်ယူရသည်။ ပန်းချီဆွဲထားသည့် ပုံများလျှင် များသလောက် ကောက်ကြောင်းများအားလုံးကို ချုပ်ကာ တစ်ခုချင်း ကပ်ကြေးဖြင့် ညှပ်ရခြင်း ဖြစ်သည်။ ညှပ်ထားသည့်ပုံများကို နောက်တစ်ကြိမ် ဘောင်ကွပ်ထားသော ပိတ်စပေါ်သို့ ပန်းချီပုံအတိုင်း တင်ထားခင်းထားရသည်။ ပိတ်စအဖြူ အောက်ခံမည်ဆိုပါက ပိတ်ကိုအသုံးပြုသလို ကတ္တီပါ အခင်းသုံးမည်ဆိုလျှင် ကတ္တီပါနှင့် ပြုလုပ်ရမည် ဖြစ်သည်။ အခင်းပေါ် ရောက်သွားသည့် ချည်ထိုးပုံလေးများကို ဆက်စပ်မှုရှိသည့် ပန်းချီပုံစံအတိုင်း မြဲနေစေရန် လက်ချုပ်လိုက်ထားရသည်။

*စာမျက်နှာ - ၂၂ သို့*

# ခာတ်ဆီ/ဒီဇယ်

## ခာတ်ဆီ /ဒီဇယ်တန်ချိန် စုစုပေါင်း ၁၂၀၀၀၀ ကျော်ဝင်

ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၀၄၃၇၇၇၃ တန်ဖိုးရှိဒီဇယ်၁၀၂၆၀၉ဒသမ၃၀၁တန်နဲ့ ကန်ဒေါ်လာ ၄၀၈၅၇၇၉၇ တန်ဖိုးရှိခာတ်ဆီ ၂၀၅၇၃ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဒီဇယ်၊အဆင့်မြင့်ဒီဇယ်၊ (95) နဲ့ (92)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၄၄၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၈၁၆၀ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခာတ်ဆီတန်ချိန် ၁၂၆၄၀ ကျော်နဲ့ နှိုင်းယှဉ် ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၉၂၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ် ပတ်မှာ ဒီဇယ်ရောခာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅၇၀၃၅၈ တန်ဖိုးရှိ ဒီဇယ် ၁၀၉၅ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၈၇၁ တန်ဖိုးရှိခာတ်ဆီ ၂၁ တန်နဲ့ တာချီလိတ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ၅၈၇၄၄၄တန်ဖိုးရှိ ဒီဇယ် ၁၀၉၆ ဒသမ ၆၄၈ တန်နဲ့ ကန်ဒေါ်လာ ၂၆၂၄၇၁တန်ဖိုးရှိခာတ်ဆီ၄၂၁ဒသမ ၉၈၂တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခာတ်ဆီရော၊ ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့ (92)ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၂၅ကျပ်၊ အောက်တိန်း (92) ၇၃၅ကျပ်၊ အောက်တိန်း (95)၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၄၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဖေဖော်ဝါရီ ၂၀ ရက်မှာ ခာတ်ဆီ ဝယ်ဈေး ကျပ်၁၅၀၀၀၀၊ ရောင်းဈေး ကျပ်၁၅၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ရက်တွင် ဝယ်ဈေး ကျပ်၁၅၂၀၀၀၊ ရောင်းဈေး ကျပ် ၁၅၇၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရော ခာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၁၀၀ ၊ ခာတ်ဆီတစ်ဂါလံကျပ်၃၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခာတ်ဆီ၊ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95)တစ်လီတာ ၈၈၀ ကျပ်၊ ဒီဇယ် ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်၊ အောက်တိန်း (92) ၈၀၀ ကျပ် နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂၀ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ်၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၂၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၁၀၀၀၊ ရောင်းဈေး ကျပ် ၁၅၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၉၀၀၀၊ ရောင်းဈေး ကျပ် ၁၄၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် ဝယ်ဈေး ကျပ် ၂၀၀၀၊ ဈေးမြင့်ပြီးရောင်းဈေး ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီ ဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၂၀၀၊ ဓါတ်ဆီ ကျပ်၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ခာတ်ဆီမှာ ဈေးငြိမ်ပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ခာတ်ဆီကျပ်၃၃၀၀၊ ဒီဇယ် ၃၄၂၀ ကျပ်၊ အောက်တိန်း ကျပ် ၃၄၈၈ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင် များမှာ ခာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၅၀၀၊ အောက်တိန်း တစ်ဂါလံကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျအနည်းငယ်ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကထက် အနည်းငယ် မြင့်တက်လာခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ နေ့စဉ်အတက်အကျဖြစ်ပေါ်လျက် ရှိနေကြောင်း သိရသည်။ ယင်းကဲ့သို့ အတက်အကျ ဖြစ်ပေါ်လျက်ရှိသော်လည်း ဈေးကွက်အတွင်း၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ဆိုသည်။

"ဒီတစ်ပတ်မှာတော့ ငွေဈေးက အတက်အကျနည်းနည်းရှိတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကထက်လည်း နည်းနည်းတက်လာတယ်။ ဒါပေမယ့် အရောင်းအဝယ်တော့ ဖြစ်ပါတယ်။ နေ့စဉ် အတက်အကျရှိနေတဲ့အတွက် စောင့်ကြည့်နေရပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းလုပ်ကိုင်နေသူ ကိုချမ်းမြက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဖေဖော်ဝါရီ ၂၀ ရက်က အမေရိကန်တစ်ဒေါ်လာ လျှင်ရောင်းဈေး ၁၃၆၈ ကျပ်၊ ဝယ်ဈေး ၁၃၆၄ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၆၈ ကျပ်၊ ဝယ်ဈေး ၁၃၆၆ကျပ်သို့ မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၄ ရက် ဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၃၆၅ ကျပ်၊ ဝယ်ဈေး ၁၃၆၂ ကျပ်ရှိခဲ့သော်လည်း ညနေပိုင်းတွင် ရောင်းဈေး ၁၃၆၆ ကျပ်၊ ဝယ်ဈေး ၁၃၆၃ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး ကျပ်ကိုးသိန်းကျော်အထိ ရောက်ရှိလာ

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ကျပ်ကိုးသိန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက် အတွင်းမှ စုံစမ်းသိရှိရသည်။ ယင်းကဲ့သို့ ကျပ်ကိုးသိန်းကျော် အထိ မြင့်တက်လာခြင်းသည် ယခင်နှစ်က မြင့်တက်ခဲ့သည့် စံချိန်နီးပါးအတိုင်း မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

"ကမ္ဘာ့ရွှေဈေးက ဒီတစ်ပတ်ထဲမှာ မြင့်တက်လာတယ်။ အတိအကျပြောရမယ်ဆိုရင်တော့ ဒီဖေဖော်ဝါရီ ၂၄ ရက်မှာ ခုန်တက်သွားတာ။ တစ်ရက်ထဲကို အမေရိကန်ဒေါ်လာ ၂၀ လောက်ခုန်တက်သွားတော့ ဒီက ရွှေဈေးကလည်း ကျပ်ကိုးသိန်းကျော်အထိ ရောက်သွားတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းကလည်း ဒီလိုပဲ ကမ္ဘာ့ရွှေဈေးတက်လာတော့ ပြည်တွင်းရွှေဈေးက ကျပ် ၉၀၃၅၀၀ အထိ တက်သွားတာ။ အခုကတော့ ကျပ် ၉၀၀၅၀၀ အထိပဲ တက်သေးတာဆိုတော့အဲဒီစံချိန်ကို မမီသေးဘူးလို့ ပြောရမယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က သုံးသပ်ပြခဲ့သည်။

ပြည်တွင်းရွှေဈေးသည် အခေါက်ရွှေ တစ်ကျပ်သားလျှင် ဖေဖော်ဝါရီ ၂၀ရက်က ကျပ် ၈၉၄၀၀၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၃ရက်တွင်ကျပ် ၉၈၅၀၀၀ သို့မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ကျပ် ၈၉၈၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ညနေပိုင်းတွင် ကျပ် ၉၀၀၅၀၀ သို့မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ဖေဖော်ဝါရီ ၂၀ ရက်က ၁၂၃၅ ဒေါ်လာရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းတွင် ၁၂၄၉ ဒေါ်လာရှိခဲ့ကာ ညနေပိုင်းတွင် ၁၂၅၅ ဒေါ်လာသို့ ရုတ်ခြည်းမြင့်တက်ခဲ့သည်။ **မယ်သီတာ**

## အစုရှယ်ယာဈေးနှုန်းများ ဆက်လက်ငြိမ်သက်လျက်ရှိ

ယခုတစ်ပတ်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများ ဆက်လက်ငြိမ်သက်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ ထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ဈေးငြိမ်သက်ခဲ့သည့် အစုရှယ်ယာဈေးနှုန်းများသည် ယခုတစ်ပတ်တွင် ဆက်လက် ငြိမ်သက်လျက်ရှိသဖြင့် အစုရှယ်ယာ ဝယ်ရောင်းလုပ်နေသူအများစုမှာ မချင့်မရဲဖြစ်နေကြသည်ဟု ဆိုသည်။

"အစုရှယ်ယာဈေးတွေ ငြိမ်နေတဲ့အတွက် ရှယ်ယာကို ဝယ်ရောင်းလုပ်နေတဲ့သူတွေ မချင့်မရဲတွေ ဖြစ်နေကြတယ်။ ရောင်းချင်တဲ့သူတွေက ဈေးအတက်ကို စောင့်နေကြတဲ့အတွက် အခုလိုဈေးငြိမ်နေတာမျိုးကို မလိုချင်ကြဘူး။ သီလဝါက ဇုန်ဘီကို ဖွင့်လှစ်လိုက်ပြီဆိုတော့ သူ့ရဲ့ရှယ်ယာဈေးတွေ တက်လာမလားလို့ စောင့်ကြည့်ရမယ်"ဟု ရှယ်ယာများဝယ်ရောင်းလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုတစ်ပတ်တွင် FMI ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၁၆၀၀၀၊ MTSH ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၄၁၀၀၊ MCB ရှယ်ယာဈေးနှုန်းမှာ ကျပ်၈၈၀၀၊ FPB ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၃၁၀၀၀ ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

February 24, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 79.67 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.87 |
| EUR | Euro | 0.95 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.64 |
| I DR | Indonesia Rupiahs | 13331.78 |
| JPY | Japan Yen | 112.90 |
| MYR | Malaysia | 4.45 |
| PKR | Pakistan Rupees | 104.82 |
| PHP | Philippines Pesos | 50.19 |
| RUB | Russia Rubles | 57.77 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1129.32 |
| LKR | Sri Lanka Rupe | 151.82 |
| THB | Thailand Baht | 34.96 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22744.90 |

Source:xe.com

## World Gold Price

February, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | 1232 | 1232 | 1233 |
| 21 | 1230 | 1233 | 1233 |
| 22 | 1232 | 1234 | 1234 |
| 23 | 1234 | 1235 | 1235 |
| 24 | 1247 | 1247 | 1248 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-2- 2017 | 893.00 | 893.00 |
| 21- 2-2017 | 892.50 | 892.00 |
| 22-2- 2017 | 895.50 | 894.50 |
| 23-2 -2017 | 895.00 | 894.70 |
| 24-2- 2017 | 898.00 | 898.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6 .87 | 35.02 | 80.23 | 66.99 |
| 21 | 6. 89 | 35.04 | 79.92 | 66.98 |
| 22 | 6 .88 | 35.02 | 80.03 | 66.95 |
| 23 | 6 .88 | 34.99 | 79.77 | 66.83 |
| 24 | 6.87 | 34.96 | 79.67 | 66.64 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20- February | 17.92 | 2840.32 | 1904.00 | 6087.87 | 999.00 |
| 21- February | 17.95 | 2915.58 | 1910.27 | 6110.94 | 998.00 |
| 22- February | 17.94 | 2885.79 | 1886.08 | 6074.43 | 999.00 |
| 23- February | 17.93 | 2875.94 | 1898.40 | 6038.82 | 993.00 |
| 24- February | 18.15 | 2843.68 | 1893.92 | 5951.23 | 1010.00 |

Source:kitco.com

## Energy NYMEX 24-2-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 54.47 | 0.02 | 0.04 |
| Brent Crude Futr (USD/bbl) | 56.63 | 0.05 | 0.09 |
| Gasoline Rbob Fut (Cent/gal) | 152.50 | -0.36 | -0.24 |
| Natural Gas Futr (USD/MMBtu) | 2.61 | 0.00 | 0.15 |
| Heating Oil Futr (Cent/gal) | 165.30 | -0.37 | -0.22 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၇၀၀၀ ကျော်ဝင်



ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၁၇၁၁၃ တန်ဖိုးရှိ ဘိလပ်မြေ ၇၃၂၁ ဒသမ ၉၆ တန်ကို ပင်လယ်ရေကြောင်းကုန် သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၃၆တန်၊ ကိုရီးယား နိုင်ငံမှ ၃၅ ဒသမ ၅၄ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန်၆၉၅၀ နဲ့ ဗီယက်နမ်နိုင်ငံမှ သုည ဒသမ ၄၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၅၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ် ပတ်မှာ တန်ချိန် ၆၇၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၇၃၂၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ကဝင်ရောက်ခဲ့တဲ့ တန်ချိန် ၅၉၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၇၀၀ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၇၀၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၉၂၅၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၂၂၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီးနယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်ဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင် ဆင် ကျပ် ၅၄၀၀၊ ကြံ့ခိုင်နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ၅၃၇၅ကျပ်၊ စိန်(ထိုင်း) ၅၃၇၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်ဘိလပ်မြေက ပစ္စည်းပြတ်နေပြီး အပါချီက ကျပ် ၁၀၀၊ ဆင်(ထိုင်း)က ကျပ် ၃၀၀ ဈေးမြင့်ခဲ့ပြီး ကျပ်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါး ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အပါချီက ဈေးအနည်းငယ်မြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ကျပ်၄၇၅၀၊ ဆင်(ထိုင်း)ကျပ် ၅၆၀၀၊ ကြံ့ ကျပ်၄၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၂၀၀၀ကျော်ဝင်

ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၇၆၁၇၄ တန်ဖိုးရှိ မြေသြဇာ ၂၀၆၈ဒသမ ၃၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၅၃၇တန်၊ အီရန်နိုင်ငံမှ ၅၂၅ တန်၊ အစ္စရေးနိုင်ငံမှ ၂၄တန်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၃၂၀၊ ကိုရီးယားနိုင်ငံမှ ၉၈ တန်၊ မလေးရှားနိုင်ငံမှ ၃၃ ဒသမ ၈၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၈ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်၊ အမိုးနီးယမ်းဆာလဖိတ်၊ မြေား၁၀%၊ မြေား၂၀%၊မြေား၃၃%၊ မြေား၁၂%၊ ယူရီးယားနဲ့ နိုက်ထြိုဂျင်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၂၈၈၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး

ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ ၂၀၆၈တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၂၈၈၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၁၀ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၃၇၉၀ ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် ၁၆၁၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးသလို ဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့ကွန်ပေါင်းက ဈေးနည်းနည်းမြင့်လာပြီး တီစူပါနဲ့ ပိုတက်က ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၉၆၀၀၊ ပိုတက်(အိန္ဒိယ)ကျပ် ၂၂၀၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ယခုအချိန်က ကြက်သွန်ဖြူနဲ့ပြောင်း စိုက်ချိန် မဟုတ်တော့တာကြောင့် အရောင်းအဝယ် အေးတယ်လို့သိရ ပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့တီစူပါက ကျပ် ၃၀၀၊ ဓာတ်ဆားနဲ့ ပိုတက် က ကျပ်၅၀၀၊ မြေားကမ္ဘာက ကျပ် ၂၀၀ ဈေးကျခဲ့ပြီး ပိုးသတ်ဆေးက ကျပ်၁၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်)ကျပ် ၂၂၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၆၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၀၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀ ၊ မြေားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပို

ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၁၁၆၅၉၇၅ တန်ဖိုးရှိ နို့ဆီ ၈၁၆ ဒသမ ၄၇၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၃၇၈ ဒသမ ၇၁၇ တန်နဲ့စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ Falcon၊My Boy၊ ဒွန်းနို့ဆီနဲ့ အိုကေနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ တန်ချိန် ၁၉၈ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၁၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

နို့မှုန့်ကဒီတစ်ပတ်မှာ သြစတြေးလျနိုင်ငံမှ ၁၇တန်၊ အိုင်ယာလန်နိုင်ငံမှ ၆ ဒသမ ၇၇ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၄၂ ဒသမ ၆၅ တန်၊ ပိုလန်နိုင်ငံမှ ၅၁ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၀ ဒသမ ၂၉ တန်၊ စုစုပေါင်း ၃၃၇ ဒသမ ၇၁ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် သုည ဒသမ ၉၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

**မကွေးဈေးကွက်**မှာ မြေသြဇာ အရောင်းအဝယ် ဆက်အေးနေပြီး ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြေားကမ္ဘာ-တရုတ်(၁၂း၁၃) အပြာကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၇၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊တီစူပါ ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၂ မှ ၁၇/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၂ မှ ၁၀/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၈၇.၅၀ | ၄၄၇.၂၅ | (-) | ၁၅၉.၇၅ |
| ၂။ | လွယ်ဂျယ် | ၇၄၄.၅၀ | ၈၇၄.၀၀ | (-) | ၁၂၉.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၂.၇၅ | ၃၄၅.၂၅ | (-) | ၁၀၂.၅၀ |
| ၄။ | ကန်ပိုက်တီး | ၅၇၅၉.၀၀ | ၄၂၀၆.၀၀ | (+) | ၁၅၅၃.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၉၇၅၀.၀၀ | (-) | ၇၇၅၀.၀၀ |
| ၆။ | မြဝတီ | ၁၀၇၉.၉၀ | ၁၄၃၇.၃၅ | (-) | ၃၅၇.၄၅ |
| ၇။ | ကော့သောင်း | ၁၃၅၅၅.၀၄ | ၁၁၃၀၀.၀၀ | (+) | ၂၂၅၅.၀၄ |
| ၈။ | မြိတ် | ၃၃၇၅.၀၀ | ၉၀၀.၀၀ | (+) | ၂၄၇၅.၀၀ |
| | စုစုပေါင်း | ၂၇၀၄၃.၆၉ | ၂၉၂၅၉.၈၅ | (-) | ၂၂၁၆.၁၆ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၂ မှ ၁၇/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၂ မှ ၁၀/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၁၇၁.၂၅၀ | ၁၂၂၂၉.၈၅၀ | (-) | ၁၀၅၈.၆၀၀ |
| ၂။ | လွယ်ဂျယ် | ၉၅.၀၀၀ | ၆၅.၀၀၀ | (+) | ၃၀.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၃.၀၀၀ | ၁၅၆၈.၀၀၀ | (-) | ၁၃၂၅.၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၃၃၉.၈၀၀ | ၆၃၂.၆၈၅ | (-) | ၂၉၂.၈၈၅ |
| ၆။ | ကော့သောင်း | ၅၀.၀၀၀ | ၂၂၀.၂၈၈ | (-) | ၁၇၀.၂၈၈ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၉၀၀.၀၀၀ | ၁၄၀၀.၀၀၀ | (+) | ၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၃၇၉၉.၀၅၀ | ၁၆၁၁၅.၈၂၃ | (-) | ၂၃၁၆.၇၇၃ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ယခင်တစ်ပတ်ကအတိုင်းဈေးငြိမ်နေတာတွေ့ရပါတယ်။ ဝယ်လက်အဝယ်ရှိပြီး ပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။ မြန်အောင်ဘက်မှ နှမ်းများကုန်းလမ်း၊ ရေလမ်းများမှ ရက်ခြားဝင်ရောက်လာတာတွေ့ရပါတယ်။ နှမ်းနက်ရိုးရိုးနဲ့ စမုံနက်နှမ်းမှာ အရောင်းအဝယ်ဖြစ်သော်လည်း ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးမြင့်တာတွေ့ရပါတယ်။ ယခင်နှစ်က ဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းတဲ့အတွက် အဝယ်လိုက်သဖြင့်ဈေးမြင့်ခဲ့ရခြင်းဖြစ်ပါတယ်။ ယခုနှစ်မှာ နွေနှမ်းစိုက်ချိန်အထိ နှမ်းဝင်ရောက်မှုရှိနေသေးတဲ့အတွက် ဈေးကွက်မှာ နှမ်းလက်ကျန်များနေ၍ နှမ်းဈေးမှာ ယခင်ကလောက် မမြင့်တာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ ရိုးရိုးနှမ်းနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၅၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူက နှမ်းနီတစ်တင်းလျှင် ကျပ် ၂၆၆၀၀ ၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၅၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ဝေဝေမင်း**

# တရုတ်နိုင်ငံသို့ နှမ်းပိုမိုတင်ပို့

မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်ကာလတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၈၆ သန်းတန်ဖိုး ရှိ နှမ်းရောင်စုံ ၈၇၅တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၃၄တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ၃၄ တန်ခွဲဖြစ်ပြီး ချင်းရွှေဟော်မှ နှမ်းနက်တန် ၃၅၀၊ နှမ်းဖြူ ၄၀၆ တန်ကျော်နဲ့ နှမ်းညိုတန် ၅၀ ခန့်ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှနှမ်းတင်ပို့မှုမရှိဘဲ ချင်းရွှေဟော်မှ နှမ်းဖြူနဲ့ နှမ်းနက် ၆၉၈ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ နှမ်း ၁၇၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ရက်အတွင်း နှမ်းဖြူ တစ်တန်လျှင် ၁၃၃၈၅၂၀ ကျပ်ရှိပြီး နှမ်းနက်တစ်တန်လျှင် ၂၃၁၁၂၈၄ ကျပ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ



# သုံးလခွဲအတွင်း အနိမ့်ဆုံးဈေးသို့ ကျဆင်းနေရာမှ အဝယ်လိုက်လာသဖြင့် မလေးရှားစားအုန်းဆီဈေးနှုန်း ပြန်လည်မြင့်တက်လာ

ရောင်းလိုအား မြင့်တက်မှုမရှိတော့ကြောင်းနှင့် ဝယ်လိုအား ကျဆင်းမှုမရှိတော့ကြောင်း ရင်းနှီးမြှုပ်နှံသူတို့က ယုံကြည်လာသည့်အတွက် ဖေဖော်ဝါရီ ၂၂ ရက်တွင် မလေးရှားစားအုန်းဆီဈေးက ပြန်လည်မြင့်တက်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ပြန်လည်မြင့်တက်လာခြင်းမှာ သုံးလအတွင်း အနိမ့်ဆုံးဈေးသို့ကျဆင်းရာမှ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) တွင် မေအတွက် ကြိုတင်ရောင်းချသော စားအုန်းဆီအခြေခံထားဈေးနှုန်းမှာ ဖေဖော်ဝါရီ ၂၂ ရက်ဈေးပိတ်ချိန်တွင် တစ်တန်ကို ၂၈၀၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၁) နှုန်းရှိခဲ့သည်။ စောစောပိုင်းကမူ ကြိုတင်စာချုပ်ချုပ်ဆိုရောင်းချဈေးမှာ ၂၇၆၃ ရင်းဂစ်အထိ ကျဆင်းခဲ့ရာ နိုဝင်ဘာ ၇ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးဖြစ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက် ညနေက စားအုန်းဆီရောင်းချမှုပမာဏမှာ ၂၅ တန်ရှိအတွဲ ၉၇၈၁၃တွဲရှိခဲ့သည်။

"မနေ့ကအထိ တစ်ရှိန်ထိုးကျဆင်းနေတဲ့အတွက် စားအုန်းဆီဈေး ကျဆင်းနေတာကို အကြောင်းပြုပြီး ဝယ်ယူသူများပြားလာတာကြောင့် စားအုန်းဆီဈေး ပြန်လည်မြင့်တက်ခဲ့ပါတယ်"ဟု ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီထုတ်လုပ်မှု မြင့်တက်နေခြင်းက စားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိသကဲ့သို့ ဝယ်လိုအားကလည်း ကျဆင်းနေသည့်အတွက် စားအုန်းဆီ ကြိုရောင်းဈေးများက စောစောပိုင်းတွင် လေးရက်ဆက်တိုက် ကျဆင်းခဲ့သည်။အဝယ်လိုးနီညီကြောင့်သီးနှံပျက်စီးရသည့်အကျိုးဆက်များ နည်းပါးစပြုလာသည့်အတွက် ဖေဖော်ဝါရီတစ်လလုံးတွင် ထုတ်လုပ်မှုပြန်လည်မြင့်တက်လာလိမ့်မည်ဟု ကုန်သည်များက ခန့်မှန်းထားကြသည်။

ယခင်လကာလတူနှင့်နှိုင်းယှဉ်ပါက ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း စားအုန်းဆီပြည်ပတင်ပို့မှုက သုညဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းအဖွဲ့ Intertek Testing Service က ပြုစုထားသော ကိန်းဂဏန်းများအရ သိရသည်။ သို့သော် အခြားကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Societe Generale de Surveillance ၏ တွက်ချက်မှုအရ စားအုန်းဆီတင်ပို့မှုမှာ ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board of Trade) တွင် ပဲပုပ်ဆီဈေးမှာ သုညဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) တွင် ပဲပုပ်ဆီဈေးမှာ သုညဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၂-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၁၅၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၉၇၅ | ၁၈၅၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၄၀ | ၁၉၆၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၀၀၀ | ▽ | ၂၀၅၀ | ၂၀၃၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မုံရွာ | ၃၈၀၀ | ၃၈၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၂၀၆၀ | ၂၀၀၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၂-၂၀၁၇ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီဒုတိယပတ် | ဖေဖော်ဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၄၅.၀၀ | ၇၂၅.၀၀ | ▽ |
| RBD P.Olein | ၇၆၀.၀၀ | ၇၄၆.၀၀ | ▽ |
| RBD P.Stearin | ၇၅၃.၀၀ | ၇၃၃.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄- ၂ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၈၈.၈၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၂၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၄၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၂၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၁.၆၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၃.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၄၈.၄၁၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၆၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၄-၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အမေရိကန်ပြည်ထောင်စုသည် ယေဘုယျ စည်းဝါးညီအကောက်ခွန် အစီအစဉ် ၂၀၁၇ (2017 HTSA Basic Edition) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့

အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းလာမည့် ကုန်စည်များအတွက် အကောက်ခွန် duty နှုန်းနှင့် စာရင်းဇယား ရည်ရွယ်ချက်အရ ခွဲခြားဆောင်ရွက်ရန် ရည်ရွယ်၍ 2017 HTSA Basic Edition (အမေရိကန် ပြည်ထောင်စု၏ ယေဘုယျ စည်းဝါးညီ အကောက်ခွန် အစီအစဉ် ၂၀၁၇ အခြေခံထုတ်ဝေခြင်း) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ စာအုပ်မှာ အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်မရှင်အနေဖြင့် နှစ်စဉ်ထုတ်ပြန်သော စာအုပ်ဖြစ်ပြီး ယခုထုတ်ပြန်လိုက်တဲ့ စာအုပ်မှာ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စာအုပ်နောက်ပိုင်းတွင် ပြုလုပ်ခဲ့သော အပြောင်းအလဲ လုပ်ဆောင်ချက်များ အားလုံး ပါဝင်ကြောင်းဖော်ပြထားပါတယ်။ အမေရိကန်ပြည်ထောင်စု အနေဖြင့် ၎င်းတို့နိုင်ငံသို့ ပြည်ပနိုင်ငံများမှ တင်သွင်းလာမယ့် ကုန်စည်များအပေါ် ကောက်ခံမည့် အကောက်ခွန်နှုန်း၊ အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်ဆိုင်ရာ နယ်နိမိတ် ပိုင်ဆိုင်မှု၊ အကောက်ခွန်နှုန်းများ၊ ယေဘုယျအကောက်ခွန် သက်သာခွင့်စနစ် (Generalized System of Preferences-GSP) အစီအစဉ်အရ အကျိုးခံစားခွင့်ရှိသည့် နိုင်ငံများ၏ ထုတ်ကုန်များ၊ အထူးအကောက်ခွန် ခံစားခွင့်ရှိမည့်ပစ္စည်းများ၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှုဒေသများ၊ ဥပဒေများအရ ဆောင်ရွက်ကျင့်သုံးလျက်ရှိတဲ့ ပစ္စည်းများအပေါ် ကိုက်ညီရမယ့် အချက်များကို ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါတယ်။



ယခုထုတ်ပြန်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့2017 HTSA Basic Edition မှာ အမေရိကန် ပြည်ထောင်စုက တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့် ပြုလျက်ရှိတဲ့ ယေဘုယျအကောက်ခွန် သက်သာခွင့်စနစ် - Generalized System of Preference (GSP) အကျိုးခံစားခွင့်ရှိတဲ့ နိုင်ငံများစာရင်းမှာ မြန်မာနိုင်ငံအမည်ကို ထည့်သွင်းဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

အမေရိကန်ပြည်ထောင်စုသည် ၎င်းတို့အနေဖြင့် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပြုသည့် GSP အစီအစဉ်တွင် မြန်မာနိုင်ငံအား အကျိုးခံစားခွင့်ကို နိုဝင်ဘာ ၁၃ ရက်မှာ စတင် ပြန်လည် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုရဲ့GSP အစီအစဉ်နှင့် ပတ်သက်တဲ့ အချက်အလက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် သိရှိ အသုံးချစေနိုင်ရေးအတွက် Commerce Journal တွင် ဆောင်းပါးဖြင့် ထည့်သွင်းဖော်ပြခြင်း၊ အသိပေးကြေညာချက် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ အမေရိကန် ပြည်ထောင်စုရဲ့ GSP ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများကို www. commerce.gov.mm website ရဲ့ ကုန်သွယ်/သုတ အစီအစဉ်အောက်ရှိ အကောက်ခွန်သက်သာခွင့်အတွက် ပင်ရင်းထောက်ခံချက်ဆိုတဲ့ ကဏ္ဍမှာ ထည့်သွင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ယခု အမေရိကန်ပြည်ထောင်စုကထုတ်ပြန်လိုက်တဲ့ အမေရိကန်ပြည်ထောင်စု၏ ယေဘုယျ စည်းဝါးညီ အကောက်ခွန် အစီအစဉ်(၂၀၁၇) မှာ အမေရိကန်ပြည်ထောင်စုသို့ ကုန်သွယ်မှုပြုလျက်ရှိတဲ့ လုပ်ငန်းရှင်များအနေနဲ့ ဗဟုသုတရရှိနိုင်မယ့် အချက်အလက်များစွာ ပါရှိတဲ့အတွက် လိုအပ်သလို အသုံးပြုနိုင်စေဖို့အတွက် www. commerce.gov.mm website ရဲ့ကုန်သွယ်/သုတ အစီအစဉ်အောက်ရှိ အကောက်ခွန် သက်သာခွင့်အတွက် ပင်ရင်းထောက်ခံချက်ဆိုတဲ့ ကဏ္ဍမှာ ထည့်သွင်း ဖော်ပြထားမှာဖြစ်တဲ့အတွက် လေ့လာကြည့်ရှုပြီး ကုန်သွယ်မှုကို တိုးမြှင့် ဆောင်ရွက်နိုင်စေဖို့ တိုက်တွန်းဖော်ပြလိုက်ရပါတယ်။

**ရွှေစင်ဦး၊ DOT**

# နယ်စပ်ဒေသလုံခြုံရေးအတွက် နိုင်ငံခြားခရီးသည်များ၏ လက်ဗွေများကို တရုတ်နိုင်ငံက ရယူကောက်ခံသွားမည်

တရုတ်နိုင်ငံသို့ နှစ်စဉ်လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသည် သန်းပေါင်းများစွာရှိရာ နိုင်ငံအတွင်း အဝင်/အထွက်ပြုလုပ်ရာတွင် နယ်စပ်ဒေသများလုံခြုံမှု မြှင့်တင်ရေး ခြေလှမ်းတစ်ရပ်အဖြစ် ခရီးသည်များ၏ လက်ဗွေများအားရယူ ကောက်ခံသွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက်မှစ၍ ရှန်းကျန့် နိုင်ငံတကာလေဆိပ်တွင် စတင်အကျုံးဝင်မည်ဖြစ်ပြီး အခြားနယ်စပ်ဒေသများတွင်လည်း မူဝါဒများ ဆက်လက်ချမှတ် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုမူဝါဒတွင် အသက် ၁၄ နှစ် နှင့် ၇၀ နှစ်ကြား ခရီးသည်များ၏ လက်ဗွေများအား ရယူသွားမည်ဖြစ်ပြီး၊ သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများနှင့် နှစ်နိုင်ငံအပြန် အလှန်သဘောတူညီမှုရရှိထားသူများအနေဖြင့် လက်ဗွေနှိပ်ခြင်းပြုလုပ်ရန် မလိုအပ်ဘဲ ကင်းလွတ်ခွင့်ရရှိမည်ဖြစ် သည်။

ယမန်နှစ်ကတရုတ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသည်ပေါင်း ၇၆ သန်းရှိပြီး၊ အများစုမှာ တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့်ရုရှားတို့မှဖြစ်သည်။ အမေရိကန်အနေဖြင့် ၂၀၀၄ ခုနှစ်ကတည်းကပင် နိုင်ငံခြားခရီးသည် အများစု၏ လက်ဗွေရာရယူသည့်စနစ် ကိုကျင့်သုံးခဲ့ကြောင်း၊ ယခုအစီအစဉ်မှာ အခြားနိုင်ငံများကျင့်သုံးသည့် မူဝါဒများနှင့်ကိုက်ညီမှုရှိပြီး အဝင်/အထွက်စီမံခန့်ခွဲမှု အားကောင်းခိုင်မာစေရန်မှာ အရေးပါသော အစီအမံတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# CLMV နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများဖွံ့ ဖြိုးတိုးတက်မှုရရှိရေး Index Creative Village Plc ကစီစဉ်လျက်ရှိ

CLMV နိုင်ငံများတွင် စီးပွားရေးဆိုင်ရာ ကုန်စည်ပြပွဲများအား အဓိကဆောင်ရွက်နေသည့် Index Creative Village Plc ကုမ္ပဏီက အင်ဒိုချိုင်းနားဒေသရှိနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြပွဲများ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Index Creative Village Plc ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စားသုံးသူများနှင့်သက်ဆိုင်သည့် ဂီတဖျော်ဖြေပွဲများ၊ ကုန်စည်ပြပွဲများနှင့် ဈေးကွက် ချဲ့ထွင်ရေး လုပ်ငန်းများအား အလေးပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထူထောင်သူလည်းဖြစ် အမှုဆောင်အရာရှိချုပ်လည်းဖြစ်သူ Mr.Kreingkrai Kanjanapokin က ပြောကြားခဲ့သည်။

Index Creative Village Plc ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော ICVeX,Index ကို မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်ကတည်းက ထူထောင်ထားရှိခဲ့ပြီး၊ လူနေမှုဆိုင်ရာပြပွဲများနှင့် ဖျော်ဖြေပွဲများကို ကြည့်ရှုနိုင်သည့် လူတန်းစားကို အဓိကထားသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းများတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား လူ့စွမ်းအားအရင်းအမြစ်နှင့် စီးပွားရေး လုပ်ငန်းများ ခိုင်မာ တိုးတက်လာစေရန်အတွက် ဖျော်ဖြေပွဲများ၊ ကုန်စည်ပြပွဲ များ၊ ထုတ်ကုန်ပစ္စည်းပြပွဲများနှင့် ဈေးကွက်ချဲ့ထွင်ရေးလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ပထမသုံးလပတ်သုံးသပ်ချက်များအရ CLMV နိုင်ငံများအနက်မှ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဖြင့် ဦးဆောင်နေကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အခြေခံအဆောက်အအုံကဏ္ဍ၊ ကုန်ပစ္စည်းဝယ်ယူသုံးစွဲခြင်းနှင့် ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်အများအပြား၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတို့တွင် အကျိုးအမြတ်များရရှိနေကြောင်း သိရသည်။

ယခုအခါ ICVeX သည် မြန်မာနိုင်ငံတွင် ၎င်း၏လုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး၊ ယခုနှစ်တွင် ကုမ္ပဏီအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်ပြည်သူများနှင့် တိုက်ရိုက်ဆက်ဆံ လုပ်ကိုင်နိုင်မည့် မဟာဗျူဟာချမှတ်၍ သုံးစွဲသူများအကြိုက်တွေ့စေမည့် လုပ်ငန်းများ ဖန်တီးနိုင်ရေးကို စီစဉ်လျက်ကြောင်း၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်ပြီး လုပ်ငန်းများရှေ့ဆက် လုပ်ကိုင်ရာတွင် အခွင့်အလမ်းများရရှိရေး အတွက် လုပ်ငန်းတော်တော်များများတွင် ပူးပေါင်းလုပ်ကိုင်ရန် အဆိုပြုထားကြောင်း၊ စွန့်ဦးတီထွင်သူနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုတိုးတက်စေရန် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ပြီး လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်းလည်း Mr. Kreingkrai က ပြောကြားခဲ့သည်။

ICVeX အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ အမှတ်တံဆိပ်များအတွက် ကုန်ပစ္စည်းကြော်ငြာပေးသည့် လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး၊ မြန်မာနိုင်ငံတွင် အများပြည်သူအား ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Mr. Kreingkrai က အာဆီယံနိုင်ငံများများမှ ရရှိသော ၎င်းတို့ကုမ္ပဏီ၏ ဝင်ငွေသည် ၂၀၁၇ ခုနှစ် ပထမသုံးလပတ်အတွင်း သိသာစွာ တိုးတက်လာနိုင်ကြောင်း၊ တခြား စီးပွားရေးနယ်ပယ်များရှိ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် မြေယာဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကိုလည်း စီစဉ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ခင်စုစုလှိုင် (CJ)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်သူလယ်သမားများအား ပိုးသတ်ဆေးသုံးစွဲမှုဆိုင်ရာ အသိပညာပေးရေး သင်တန်းများ ပို့ချရန် တရုတ်အစိုးရစီစဉ်

ပိုးသတ်ဆေးများအား နည်းလမ်းမှန်ကန်စွာနှင့် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများအား တရုတ်နိုင်ငံ သီးနှံကာကွယ်ရေးဆိုင်ရာမှ ကျွမ်းကျင်ပညာရှင်များ၊ ပါရဂူများ၊ သင်တန်းသားများအား လေ့ကျင့်သင်တန်းပေးရန်အတွက် တရုတ်နိုင်ငံ ကောက်ပဲသီးနှံကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအသင်းနှင့် ဂျာမနီကုမ္ပဏီတို့မှ မဟာဗျူဟာဆိုင်ရာ သဘောတူညီချက်တစ်ရပ်အား လက်မှတ်ရေးထိုးခဲ့ကြောင်း တရုတ်နိုင်ငံဆိုင်ရာ Bayer Crop Science Division ၏အကြီးအကဲ Huang Weidong က ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ လဆန်းပိုင်းတွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ကောင်စီ၏ အသစ် ပြင်ဆင်ပြဋ္ဌာန်းထားသော ပိုးသတ်ဆေး သုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံ၏ လိုအပ်ချက်များအား ပြည့်မီနိုင်ရေးအတွက် လယ်သမားတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းများပို့ချသွားမည်ဖြစ်သည်။

Bayer အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအား နှစ်ပေါင်းများစွာ ရေရှည်ထိန်းသိမ်းနိုင်ရန် စိတ်ပိုင်းဖြတ်၍ ရည်ရွယ်လုပ်ဆောင်ခဲ့ပြီး၊ သင်တန်းသားများအား သင်တန်းပို့ချခြင်းဖြင့် ပိုးသတ်ဆေးနှင့် သက်ဆိုင်သည့် အသိပညာများ၊ ပတ်ဝန်းကျင်၊ စီးပွားရေးအခြေအနေကောင်းများနှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာတို့အား ကျွမ်းကျင်ပညာရှင်များမှ တစ်ဆင့်သိရှိစေနိုင်ပြီး၊ တိုးတက်မှုရရှိစေနိုင်မည်ဖြစ်ကြောင်း Huang မှ ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်ကတည်းကပင် ပိုးသတ်ဆေးသုံးစွဲမှု ပညာပေးရေးဆိုင်ရာ အစီအစဉ်များအား Bayer ကစတင်ဆောင်ရွက်ခဲ့ပြီး၊ တရုတ်နိုင်ငံ လယ်သမားများအား လက်အိတ်ဝတ်ဆင်ခြင်း၏ အရေးပါမှုနှင့် ပိုးသတ်ဆေးအား အန္တရာယ်ကင်းရှင်းပြီး ဆင်ခြင်တုံတရားနှင့် သုံးစွဲနိုင်စေရေးနည်းလမ်းများအား ပညာပေးသင်ကြားခဲ့သည်။ ကုမ္ပဏီအနေဖြင့် ယခုအစီအစဉ်အတွင်း ၂၀၁၄ ခုနှစ်မှစ၍ ယွမ်တစ်သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ လယ်သမားသင်တန်းသားပေါင်း တစ်သိန်းကျော်အား သင်တန်းပေးခဲ့ပြီး၊ ဓာတုပစ္စည်းများမှ ကာကွယ်ပေးသော လက်အိတ်ပေါင်း သုံးသောင်းကျော်၊ တစ်ခါသုံးလက်အိတ် ငါးသောင်းကျော်နှင့် ဓာတုပစ္စည်းများမှ ကာကွယ်ပေးသောအဝတ်အစားနှင့် မျက်နှာဖုံးနှစ်သောင်းကျော်အား အခမဲ့ပေးဝေခဲ့ကြောင်း Bayer မှ ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) က အခွန်ကင်းလွတ်ခွင့် ကာလကို တိုးမြှင့်

ထိုင်းနိုင်ငံသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် အစိုးရ၏ဦးစားပေး လုပ်ငန်းကဏ္ဍများတွင် အခွန်ကင်းလွတ်ခွင့် ကာလကို ရှစ်နှစ်ပေးထားရာမှ ယခုအခါ ၁၃ နှစ်သို့တိုးမြှင့်ပေးရန် ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) က အတည်ပြုခဲ့ပါသည်။

ယခုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ကို တိုးမြှင့်ပေးရာတွင် နှစ်ပိုင်းခွဲခြားထားပြီး နည်းပညာဆိုင်ရာ လုပ်ငန်းများနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ဟူ၍ ဖြစ်ပါသည်။ နည်းပညာကဏ္ဍတွင် ဇီဝနည်းပညာ၊ နာနိုနည်းပညာ၊ အဆင့်မြင့် ကုန်စည်များထုတ်လုပ်သည့် နည်းပညာ၊ ဒစ်ဂျစ်တယ်လုပ်ငန်းများဖြစ်ပြီး ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများမှာ သိပ္ပံနှင့်နည်းပညာသင်တန်း၊ အီလက်ထရောနစ်ဒီဇိုင်း၊ အင်ဂျင်နီယာဒီဇိုင်း ရေးဆွဲခြင်း၊ ဓာတ်ခွဲခန်းဝန်ဆောင်မှုနှင့် စံနှုန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ကြပါသည်။

ထို့အပြင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဓာတုဗေဒပစ္စည်းများ၊ မူရင်းစက်ရုံထုတ်အပိုပစ္စည်းများ၊ တိရစ္ဆာန်များသို့မဟုတ် အပင်များစသည့်ကုန်စည်များကို သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပေးခြင်း၊ သုတေသနနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများတွင် ရင်းနှီးမြှုပ်နှံပါက အခွန်လျှော့ချပေးခြင်းတို့လည်း ပါဝင်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်ပြီး ယခုနှစ်တွင် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘတ် ဘီလီယံ ၆၀၀ရရှိရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် Mrs. Hiranya ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘတ် ၅၈၀ ဘီလီယံဝင်ရောက်ခဲ့ရာ ၅၁ ရာခိုင်နှုန်း သို့မဟုတ် ဘတ်ဘီလီယံ ၂၉၀ သည် အစိုးရ၏ ဦးစားပေးကဏ္ဍများတွင် ရင်း နှီးမြှုပ်နှံခြင်းဖြစ်ပါသည်။ ယခုနှစ်အတွက် လုပ်ငန်းစီမံကိန်းလေးခုအတွက် ရင်းနှီးမြှုပ်နှံမှုဘတ် ၂၅ ဒသမ ၃ ဘီလီယံကို လက်ခံအတည်ပြုထားပြီး ဖြစ်ပါသည်။

ထိုင်းအစိုးရ၏ ဦးစားပေးကဏ္ဍ ၁၀ ခုမှာ Next generation cars, Smart electronics, Affluent, Medical and wellness tourism, Agriculture and biotechnology, Food, Robotics for industry, Logistics and aviation, Biofuels and biochemicals, Digital and Medical services စသည်တို့ဖြစ်ကြပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံရှိ Saha စီးပွားရေးလုပ်ငန်းစုကြီးက မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံမည်

ထိုင်းနိုင်ငံတွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုတွင် အကြီးဆုံးစီးပွားရေးလုပ်ငန်းစုကြီး ဖြစ်သော Saha သည် အိမ်နီးချင်းနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့မည်ဖြစ်ရာ အဓိကအားဖြင့် မြန်မာနိုင်ငံတွင် ဦးစားပေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Saha သည် ကမ္ဘောဒီးယားနိုင်ငံတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမှု အပါအဝင် စုစုပေါင်းဘတ်တစ်သန်းကို ရင်းနှီးမြှုပ်နှံထားပြီး လာအိုနိုင်ငံတွင် ဘတ်သန်း ၆၀၀ ကို ရင်းနှီးမြှုပ်နှံထားပါသည်။

Saha သည် ရန်ကုန်တွင် ခေါက်ဆွဲစက်ရုံတစ်ရုံနှင့် မန္တလေးမြို့တွင် နောက်ထပ် Mama ခေါက်ဆွဲစက်ရုံသစ်ကို ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် Saha ၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ဘတ်နှစ်ဘီလီယံ ရှိလာကြောင်း၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ ကုမ္ပဏီ၏ ရောင်းအားသည် ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး၊ နောက်ထပ်တိုးတက်မည့် အလားအလာများရှိကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ် စသည့်နိုင်ငံများသို့ အလွယ်တကူ ချိတ်ဆက်နိုင်သော အချက်အခြာကျသည့် တည်နေရာတွင်ရှိကြောင်း၊ Saha ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သည့် Wacoal သည်လည်း အမျိုးသမီး အဝတ်အစား အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံကို မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးဖြစ်ကြောင်း Saha လုပ်ငန်းစု၏ ဥက္ကဋ္ဌ Boonsithi Chokwatana ကပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံရှိအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းသည် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံအပေါ် ယုံယုံကြည်ကြည်ဖြင့် ရင်းနှီးမြှုပ်နှံလာသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီး သီလဝါ အထူးစီးပွားရေးဇုန်တွင် ဂျပန်ကုမ္ပဏီ ၃၈ ခု ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကြောင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံများသို့ ယခင်ထက် လွယ်ကူစွာကုန်သွယ်မှုပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ အခြေခံ အဆောက်အအုံကဏ္ဍသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံရှိ SMEs လုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးမည်

ထိုင်းနိုင်ငံရှိ SMEs လုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို မြှင့်တင်ရန်အတွက် ကုန်ကျစရိတ်များကို လျှော့ချရန်နှင့် SMEs ထုတ်ကုန်များအား ပြည်ပသို့ တင်ပို့မှု တိုးတက်ရေးတို့ကို အထောက်အကူပြုမည့် အကူအညီများပေးရန် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr.Uttama Savamayana က ပြောကြားခဲ့ပါသည်။

SMEs လုပ်ငန်းများသည် ပို့ကုန်မြှင့်တင်ရေးအတွက် e-commerce ကို တွင်ကျယ်စွာအသုံးပြုသင့်ကြောင်း၊ အာဆီယံနိုင်ငံများသို့လည်း တင်ပို့သင့်ကြောင်း၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အထောက်အပံ့များကို အစိုးရအနေဖြင့် အဘက်ဘက်မှ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ SMEs လုပ်ငန်းများအတွက် ပံ့ပိုးပေးမည့်အစီအစဉ်များကို ချမှတ်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ညှိနှိုင်းလျက်ရှိသည်။

ထိုင်းနိုင်ငံ၏စတုတ္ထစက်မှုတော်လှန်ရေး (Thailand 4.0) မူဝါဒနှင့်အညီ SMEs နှင့် အခြားသောစက်မှုလုပ်ငန်းများသည် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အလေးထား၍ ဆောင်ရွက်ကြရန် အစိုးရကတွန်းအားပေးလျက်ရှိပါသည်။ နိုင်ငံတောင်ပိုင်း၌ ရုတ်တရက်ရေလွှမ်းမိုးမှုများကြောင့် စက်မှုလုပ်ငန်းများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများအား စက်မှုဝန်ကြီးဌာနက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၇-၂-၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်အတိုင်း ဈေးဆက်ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၆၄ ယွမ်မှ ၆၈ ယွမ် (တစ်တန် ၁၂၈၀ ယွမ်မှ ၁၃၆၀ ယွမ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်အတွင်း တစ်ဖက်နိုင်ငံသို့ တန်ချိန် ၃၉၃၀၀ တန်တင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တန်ချိန် ၁၉၆၅ တန် ပိုမိုတင်ပို့ နိုင်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ CP ပြောင်းဈေးကယခင်တစ်ပတ်ထက် အနည်းငယ်တက်လာခဲ့သလို အရောင်းအဝယ်လည်းသွက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာ ကျပ် ၂၉၀ သာရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၅ ကျပ်(တစ်တန် ၁၈၀၆၅၅ ကျပ်)ဈေးနဲ့ ဈေးမြင့်အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပတ်အတွင်း ပိဿာချိန် ၄၄၀၀၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၄၈၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ပိဿာချိန် ၄၀၀၀၀ ကျော် ပိုမိုခဲ့ကြောင်းသိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်မှာတော့ လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ပြန်ကျခဲ့သလို အရောင်းအဝယ်လည်းအေးခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာ ကျပ် ၃၁၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်)နဲ့ ဈေးနိမ့်အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပိဿာချိန် ၂၉၄၂၄၃၀ ပိဿာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၂၀၉၇၀၄၀ ပိဿာသာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ပိဿာချိန် ၈၄၀၀၀၀ ကျော်လျော့နည်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးကျခဲ့သလို ပဲစင်းငုံနီဈေးကလည်း ဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC)တစ်တန်ကို ကျပ် ၉၆၀၀၀၀၊ မတ်ပဲ SQ(RC)တစ်တန်ကို ကျပ် ၁၀၉၇၀၀၀ ထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ မတ်ပဲ FAQ(RC) တစ်တန်ကို ကျပ် ၉၂၅၀၀၀ ဖြစ်ခဲ့တဲ့အတွက် တစ်တန်ကို ကျပ် ၃၅၀၀၀ ဈေးကျခဲ့ပါတယ်။ မတ်ပဲ SQ(RC)ကလည်းတစ်တန်ကို ကျပ် ၁၀၇၅၀၀၀ ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ကျပ် ၂၂၀၀၀ ထိ အသီးသီးဈေးကျခဲ့ပါတယ်။ အလားတူပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကိုကျပ် ၇၆၂၀၀၀ အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၇၂၇၀၀၀ အထိ ဈေးဆက်လက်ကျဆင်းခဲ့တာကြောင့် ယခင်တစ်ပတ်ထက်တစ်တန်ကို ကျပ် ၃၅၀၀၀ ခန့် ထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျပြီး အခြားပဲသီးနှံများ ဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲတီစိမ်းနဲ့ အခြားပဲသီးနှံများ ဈေးတက်ရိပ်ပြခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ လှော်င်လက်များက အဝယ်နည်းပြီးဈေးလျှော့ဝယ်ယူမှုကြောင့် ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၆၀ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့တစ်ပိဿာ ၁၅၂၅ ကျပ်(တစ်တန် ၉၃၃၈၉၀ ကျပ်) ထိ ဈေးကျခဲ့ပြီး တစ်ရက်ကို အိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်တွင် လက်ကျန်နည်းလာခဲ့ပြီး ရောင်းလိုအားရော ဝယ်လိုအားပါနည်းပေမယ့် ပဲတီစိမ်းက ယခုတစ်ပတ်မှာလည်း ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးနှုန်းက ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၆၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၇၅၀ ကျပ်(တစ်တန် ၁၀၇၁၆၈၀ ကျပ်) ထိဈေးမြင့်ခဲ့ပြီး တစ်ရက်အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ ပဲလွန်းနီတို့ကလည်း ဈေးကွက်အတွင်း အဝင်များလာခဲ့သလို ဈေးနှုန်းလည်း တက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းဖြူတစ်ပိဿာ ၁၄၅၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၇၅ ကျပ်(တစ်တန် ၉၀၃၂၇၀ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၆၀၀ ခန့်၊ ယခင်တစ်ပတ်က ပဲလွန်းနီတစ်ပိဿာ ကျပ် ၁၉၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၂၅ ကျပ်(တစ်တန် ၁၂၄၀၀၉၀ ကျပ်)နဲ့ တစ်နေ့အိတ် ၇၀၀ ခန့်အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၁၀၀ ရှိခဲ့တဲ့ ပဲပုပ်ဆီတိုးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၅၀ ကျပ်(တစ်တန် ၇၀၄၂၄၈ ကျပ်) နဲ့ တစ်နေ့အိတ် ၈၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီ ဈေးဆက်ကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ခဲ့ပြီး ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ကာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းမျိုးစုံမှာလည်း နှမ်းနီဈေးငြိမ်ပြီး ကျန်နှမ်းမျိုးစုံဈေးကျခဲ့ပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်များက ပုံမှန်ဝယ်လိုအားရှိပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၇၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၅၀ ကျပ်(တစ်တန် ၁၀၁၀၄၄၀ ကျပ်)ထိ ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၁၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၉၀ ကျပ်နဲ့ဈေးကျခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၁၂၀ ကျပ် (တစ်တန် ၆၈၅၈၇၆ ကျပ်) ထိ ဈေးဆက်လက်ကျဆင်းခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်လိုအားနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ပဲစင်းငုံနီတစ်နေ့အိတ် ၈၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၈၀ ကျပ်(တစ်တန် ၁၀၉၀၀၅၄ ကျပ်) နဲ့ ဆက်လက်ဈေးငြိမ်နေပြီး၊ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၃၀၀၀ ရှိခဲ့တဲ့ သိပ္ပံနှမ်းနက်က ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၃၅ ကျပ်(တစ်တန် ၁၇၉၇၃၆၄ ကျပ်)နဲ့ ယခင်တစ်ပတ်က နှမ်းနက် တစ်ပိဿာ ၂၃၃၅ ကျပ်မှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၂၂၅ ကျပ် (တစ်တန် ၁၃၆၂၅၆၇ ကျပ်)နဲ့ ဈေးကျခဲ့ပြီး နှမ်းမျိုးစုံအနေနဲ့ တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲတို့ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၇၀ ကျပ်နဲ့ဈေးမြင့်ခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်)ထိ ဈေးကျခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်ဝယ်လိုအားများခဲ့ပြီး တစ်နေ့ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၆၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်) ထိဈေးကျခဲ့ပါတယ်။ ကုလားပဲ(ဟော်လန်) ကလည်း ပြည်ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုများလာခဲ့သလို အရောင်းအဝယ်သွက်ခဲ့ပေမယ့် ပဲခွဲစက်လုပ်ငန်းရှင်များက ဈေးလျှော့ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ဟော်လန်) အနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၅၀ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၉၀၀ (တစ်တန်၁၁၆၃၅၄၀ ကျပ်) ထိ ဈေးကျခဲ့ပြီး တစ်နေ့ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအသစ်ကတော့ တစ်ပိဿာ ၁၁၂၅ ကျပ် (တစ်တန် ၆၈၈၉၃၀ ကျပ်) နဲ့ ရန်ကုန်ဝယ်လက် လှော်င်လက်များက တစ်နေ့အိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေး ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေခဲ့ပြီး ပဲစင်းငုံနီဈေးဆက်လက်ကျခဲ့ပါတယ်။ ပဲတီစိမ်းက တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်)နဲ့ တစ်နေ့ကိုအိတ် ၈၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၈၀ ကျပ်ထိဈေးကျခဲ့တဲ့ ပဲစင်းငုံနီ(အသစ်)က ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၁၂၀ ကျပ်(တစ်တန် ၆၈၅၈၇၆ ကျပ်) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပေမယ့် ရန်ကုန်ဝယ်လက်၊ မြို့ခံလှော်င်လက်များက ဝယ်လိုအားရှိတာမို့ တစ်နေ့ကိုအိတ် ၁၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူထိပ်စတစ်မျိုးသာ ဈေးတက်ခဲ့ပြီး နှမ်းနီဈေးငြိမ်နေကာ နှမ်းနက်စမုံကတော့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၁၀ ကျပ်ရှိခဲ့တဲ့ နှမ်းဖြူထိပ်စက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၅၅ ကျပ်(တစ်တန် ၁၄၄၂၁၇၈ ကျပ်) ထိ ဆက်လက်ဈေးမြင့်ခဲ့ကာ မြို့ခံနှမ်းလှော်လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ နှမ်းနီက ယခင်တစ်ပတ်က ဈေးနှုန်းအတိုင်း တစ်ပိဿာ ၂၀၄၅ ကျပ်(တစ်တန် ၁၂၅၂၃၃၇ ကျပ်) နဲ့ဈေးငြိမ်နေသလို အရောင်းအဝယ်လည်းအေးခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၉၅၅ ကျပ်ဈေးရှိခဲ့တဲ့နှမ်းနက် (စမုံ) က ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၉၃၅ ကျပ်(တစ်တန် ၁၇၉၇၃၆၀ ကျပ်) ထိဈေးကျခဲ့သလို အရောင်းအဝယ်လည်းနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို နှမ်းမျိုးစုံအိတ် ၃၅၀၀ ခန့်ရှိကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ(အသစ်)ဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းရွှေဝါဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ(အသစ်) ဈေးငြိမ်နေပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းရွှေဝါတို့ဈေးကျခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်နဲ့မြို့ခံပဲခွဲစက်တွေက အရောင်းအဝယ်အားကောင်းခဲ့ပေမယ့် မတ်ပဲ(အသစ်)ကတော့ ယခင်တစ်ပတ်ဈေးအတိုင်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာ ၁၄၆၇ ကျပ်(တစ်တန် ၈၉၈၃၇၆ ကျပ်)နဲ့တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီ(အသစ်) ကလည်း ရန်ကုန်ဝယ်လက်နဲ့ မြို့ခံလှော်င်လက်များက ဝယ်လိုအားရှိပြီး ဈေးကွက်အတွင်းအဝင်များခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(အသစ်) ဈေးနှုန်း အနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၂၀၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၁၂ ကျပ်(တစ်တန် ၆၈၀၉၇၇ ကျပ်) ယခင်တစ်ပတ်က ပဲစင်းငုံ(နီ) အဟောင်း တစ်ပိဿာ ၁၁၁၇ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၂၅ ကျပ်(တစ်တန် ၆၂၇၇၀၀ ကျပ်)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါ (အသစ်)ကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၉၈ ကျပ် (တစ်တန် ၁၂၈၄၇၉၀ ကျပ်)နဲ့ဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

×××××××××××××××××

# မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အစည်းအဝေး (၁/၂၀၁၇) ကျင်းပ

မကွေးတိုင်းဒေသကြီး၏ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အစည်းအဝေး(၁/၂၀၁၇)ကို ဖေဖော်ဝါရီ ၁၇ ရက် က မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် ကျင်းပခဲ့ရာ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ(စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီး) ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ကော်မတီမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီး) ဦးဇော်မင်းက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စားသုံးသူ ရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူ အသိပညာပေးမှု အနေဖြင့် မြို့ပေါ်ကျေးလက်နေ ပြည်သူလူထုအား ခုနစ်ရာခိုင်နှုန်းကျော် လွှမ်းခြုံနိုင်ပြီဖြစ်ကြောင်း၊ ထုတ်ကုန်များ စစ်ဆေးရာတွင် ရည်မှန်းချက်တာဝန် အတိုင်း ဆောင်ရွက်နေပါကြောင်း၊ ဌာန၏ လျာထားချက်နှင့် အမှန်ဆောင်ရွက်မှုများကိုလည်းကောင်း၊ လုပ်ငန်းရှင်များအား ကွင်းဆင်းဆောင်ရွက်မှု အနေဖြင့် စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာမှ ပဲကြော်လုပ်ငန်းရှင်အား လုံခြုံစိတ်ချမှုမရှိသော နိုင်ငံခြားကော်မှုန့်များကို မသုံးဘဲ ပြည်တွင်းထုတ် FDA ထောက်ခံချက်ရရှိထားသော ပြောင်းဖူးကော်မှုန့်များအား အစားထိုးသုံးစွဲရန် ဆွေးနွေးခဲ့ပါကြောင်း၊ လုံခြုံစိတ်ချမှုရှိသော ပစ္စည်းများအဖြစ် ထုပ်ပိုးရာတွင် ပါဝင်ရမည့် အချက်(၁၀)ချက်အနက် ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာမှ ထုတ်လုပ်သည့် ငြိမ့်မုန့်မျိုးစုံလုပ်ငန်းတွင် အချက် ခုနစ်ချက် ထည့်သွင်းလာသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ သရက်ခရိုင်နှင့် ပခုက္ကူခရိုင်တို့တွင် FDA ရုံးခွဲများ ဖွင့်လှစ်ပြီးဖြစ်၍ ခရိုင် အငြင်းပွားမှုအဖွဲ့များတွင် FDA မှ ခရိုင်တာဝန်ခံများအား တွဲဘက်အတွင်းရေးမှူးအဖြစ် ထည့်သွင်း ဖွဲ့စည်းရေး ခရိုင်အုပ်ချုပ်ရေးမှူးများသို့ တင်ပြ ဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း၊ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသော ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ခရီးစဉ်အပြီး UMFCCI ၌ပြုလုပ်သည့် အစည်းအဝေးတွင် ရန်ကုန်၊ ပဲခူး၊ မကွေးတိုင်းများမှ သွားရောက်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်းရှင်းလင်းတင်ပြပါသည်။ ဆက်လက်၍ ဆင်ဖြူကျွန်းမြို့ စည်ပင်ဈေးတွင် ရွှေဗမာကုန်စုံဆိုင်မှ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် အိမ်သုံးဆေးများအား နီးကပ်စွာ



ရောင်းချနေသည်ကို တွေ့ရှိရသည့်အတွက် ရောင်းချခြင်းမပြုရန် စည်ပင်မှ သတိပေးမှတ်တမ်း ရေးထိုးခဲ့သော်လည်း ထပ်မံသွား ရောက်စစ်ဆေးခဲ့ရာတွင် စိုက်ပျိုးရေးဆေးများနှင့် အိမ်သုံးဆေးများကို နံရံသာခြားပြီး ရောင်းချနေသည်ကို တွေ့ရှိရသည့်အတွက် စားသုံးသူ ရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနများ ပူးပေါင်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရေး ပညာပေး စည်းရုံး ဆောင်ရွက်သွားရန်ကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၁ ရက်နှင့် ၃ ရက်တွင် သတင်းစာ၌ ကြော်ငြာထားသည့် စားသုံးရန်မသင့်သည့် အစားအသောက်များနှင့် စပ်လျဉ်း၍ ချောက်မြို့ စည်ပင်သာယာဈေးတွင် ကွင်းဆင်းစစ်ဆေးတွေ့ရှိရမှုအပေါ် ရောင်းချသူများအား ဈေးကွက်အတွင်းမှ မိမိအစီအစဉ်ဖြင့် ပြန်လည်သိမ်းဆည်းစေရန်၊ တိုင်းအတွင်းရှိ မုန့်လုပ်ငန်းရှင်များအား အသေးစားစက်မှုလုပ်ငန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ နည်းပညာများ ပံ့ပိုးပေးသွားရန်တို့ကိုလည်းကောင်း၊ ဒေသတွင်း လက်ကားရောင်းချသည့် စားအုန်းဆီဆိုင်များတွင် စားအုန်းဆီ တင်သွင်းခွင့်ပြုသည့် ကုမ္ပဏီမှ ဆိပ်ကမ်းမှမချမီ စားအုန်းဆီ၏ ဓာတ်ခွဲစစ်ဆေးချက် Test Reselt မိတ္တူများ တင်ပြရောင်းချသွားရေး စည်းရုံးဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## မုံရွာမြို့တွင် စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများအကြောင်း အသိပညာပေး ရက်တိုသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ စိုက်ပျိုးရေးသုံး ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ အကြောင်း အသိပညာပေး ရက်တိုသင်တန်းကို ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ စုစုပေါင်း ၃၀ဦး တက်ရောက်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စားသုံးသူပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ သုံးစွဲရာတွင် ‘စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်’ မျှော်မှန်းချက်ထားရှိသည်ဖြစ်၍ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့်ပတ်သက်၍ စံချိန်၊ စံညွှန်းကိုက်ညီသော ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ သုံးစွဲနိုင်ရေးအတွက် အသိပညာများရရှိနိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ သုံးစွဲရန်နှင့် စိုက်ပျိုးရေးသုံး ပစ္စည်းများဖြစ်သော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို သုံးစွဲရာတွင် စံချိန်၊စံညွှန်းနှင့်ကိုက်ညီပြီး စနစ်တကျ သုံးစွဲတတ်ရန် မိမိတို့ဌာန ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တရားဝင် တင်သွင်းခွင့်ပြုထားသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများနှင့် ပတ်သက်၍ အသိပညာ ဗဟုသုတများရှိရန် လိုအပ်သလို၊ တရားမဝင်လမ်းကြောင်းမှ တင်သွင်းနေသည်များကိုလည်း သိရှိထားရန်လိုအပ်ကြောင်း၊ ဒါကြောင့် သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်ရန် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းဆရာများက ဘေးအန္တရာယ်ကင်းသော စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ပေးရမည့် ဘက်စုံသီးနှံကာကွယ်ရေး၊ ပိုးသတ်ဆေး ဥပဒေ၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ဓာတ်ကြွင်းပြဿနာများ၊ မြေသြဇာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ မြေသြဇာ ဓာတ်ခွဲစမ်းသပ်ရန်နမူနာယူခြင်း၊ မြေသြဇာသုံးစွဲခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ မြန်မာ GAP Protocol (ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လယ်ယာသီးနှံများ)၊ Aflatoxin နှင့် Heavy metal များ၊ သိုလှောင်သီးနှံများနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် - မုံရွာ**

## ဒီမောဆိုမြို့ရှိ မြို့မဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းစစ်ဆေး

လွိုင်ကော်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်တို့သည် ဖေဖော်ဝါရီလ ၂၂ ရက်က လွိုင်ကော်ခရိုင် ဒီမောဆိုမြို့ရှိ မြို့မဈေး၌ နိုင်ငံတော်မှ တားမြစ်ထုတ်ပြန်ထားသော စားသုံးရန်မသင့် အစားအသောက်များ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကုန်ပစ္စည်းထုပ်ပိုးမှုအညွှန်းများ ပြည့်စုံမှုရှိ/မရှိကို ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်တားမြစ်ထားသော စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းမရှိကြောင်းကို တွေ့ရှိခဲ့ရသည်။ ထို့ပြင် ဈေးအတွင်းရှိ ကုန်စုံဆိုင်များကိုလည်း မိမိတို့ရောင်းချရန် ဝယ်ယူသော စားသောက်ကုန်ပစ္စည်းများကို သက်တမ်းလွန်ခြင်း၊ အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းစသည်တို့ ပါဝင်ခြင်း ရှိ/မရှိကို သတိပြုဝယ်ယူရန် မှာကြားခဲ့သည်။

ဆက်လက်၍ အသားငါးများ ရောင်းချနေသော ဆိုင်များတွင် အသားငါးများ သန့်ရှင်း လတ်ဆပ်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေး၍ ကြက်သားများအား အရောင်လှစေရန် ဆိုးဆေးများ အသုံးပြုခြင်း၊ ရေထိုးခြင်း၊ ဖော်မလင်သုံးခြင်းများကို ရှောင်ကြဉ်ရန်နှင့် တစ်ရက်ရောင်းကုန်နိုင်သော အတိုင်းအတာ တစ်ခုကိုသာ ထုတ်လုပ်ရန်မှာကြားခဲ့ပြီး၊ ကုန်စုံဆိုင်များ၌လည်း စားသောက်ကုန်ပစ္စည်းများ၏ ထုပ်ပိုးမှုအညွှန်းများတွင် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်သူ၏အမည်၊ လိပ်စာဖုန်းနံပါတ်၊ သုံးစွဲရန်အညွှန်း၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်စသည့် အချက်များမပါဝင်သော အစားအသောက်များကို ရောင်းချခြင်းမပြုရန် အသိပညာပေး ဆွေးနွေးခဲ့ကာ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး လက်ကမ်း စာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**လွင်ကိုအောင်( ကယား)**

# တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ်(၁)မှ ၂၀၁၆ခုနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ရန်ပုံငွေ ကျပ်သန်း ၂၆၀ ကျော်အထိ တိုးတက်ရရှိ




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်-မယ်ဆိုင် ချစ် ကြည်ရေးတံတားအမှတ်(၁)မှ တစ်ပိုင်တစ်နိုင်ဒေသသုံး ကုန်ပစ္စည်းတင်သွင်းမှုအပေါ် တံတားဖြတ်သန်းခ သုံးရာခိုင်နှုန်း ကောက်ခံရရှိငွေမှာ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၂၆၃ ဒသမ ၁၄ သန်းကျော် ရရှိခဲ့သဖြင့် လေးနှစ်အတွင်း ယင်းတံတားမှ ရှမ်းပြည်နယ်အစိုးရအတွက် ဘတ်ဂျက်ရန်ပုံငွေ အထူး တိုးတက်ရရှိခဲ့ကြောင်း သိရပါသည်။

ထိုသို့တိုးတက်ရရှိခဲ့ခြင်းမှာ ရှမ်းပြည်နယ်အစိုးရက နယ်စပ်ဝင်ပေါက်များ ကြီးကြပ်ရန် ပြည်နယ် ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်တာဝန်ပေးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ခုနစ်လအတွက် ရရှိငွေမှာ ကျပ် ၁၀၅ ဒသမ ၅၅ သန်းကျော်ဖြစ်ပြီး ပြည်နယ်အစိုးရမှ စတင်ကြီးကြပ်ဆောင်ရွက်ခဲ့သည့်ဩဂုတ်လမှဒီဇင်ဘာလအထိ ရငွေမှာကျပ် ၁၅၇ ဒသမ ၅၈ သန်းကျော်ဖြစ်သဖြင့် ပျမ်းမျှနှစ်ဆကျော် တိုးတက်ခဲ့ကြောင်း ရှမ်းပြည်နယ်အစိုးရ နယ်စပ်ဝင်ပေါက်များကြီးကြပ်ရေး ကိုယ်စားလှယ်၏ ပြောပြချက်အရ သိရှိရသည်။

ထိုသို့ ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ရန်ပုံငွေ ကောက်ခံခဲ့ခြင်းကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)တွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေသအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်ဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေး၊ စိုက်ပျိုးရေးစသည့်ဌာနတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ငွေကျပ် ၁၈၈ ဒသမ ၃ သန်းကျော်၊ ၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၂၀၅ ဒသမ ၄ သန်းကျော်၊ ၂၀၁၅ ခုနှစ်တွင် ငွေ ကျပ် ၂၃၀ ဒသမ ၃ သန်းကျော် ရရှိခဲ့ကြောင်း ယခင်ထုတ်ပြန်ခဲ့သော စာရင်းများအရ သိရသည်။

**မင်းအောင်(တောင်ကြီး)**

## မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလအတွင်း ပို့ကုန်တင်ပို့မှု ပိုမိုသော်လည်း သွင်းကုန်ပစ္စည်းများ လျော့နည်းခဲ့၍ ကုန်သွယ်မှုကျဆင်း

မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၇ ဇန်နဝါရီလအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၃ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၅၂၉ သန်းရှိခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၄၆၂ သန်းရှိခဲ့ပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဒီဇင်ဘာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ သုညဒသမ ၉၇၇ သန်း ပိုမိုဆောင်ရွက်နိုင်သော်လည်း သွင်းကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၆၄ သန်းလျော့နည်းခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၈၇ သန်း လျော့နည်းခဲ့ပါတယ်။

ပို့ကုန်တင်ပို့မှု ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတို့တွင် ပိုမိုခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုအုပ်စု၊ လူသုံးကုန်ပစ္စည်းအုပ်စုတို့ဖြစ်တဲ့ အိမ်သုံးအပ်ချုပ်စက်များ၊ နို့ဆီ၊ နို့စိမ်း၊ ဆပ်ပြာ၊ အလှကုန်ပစ္စည်းမျိုးစုံ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊ စက်နဲ့စက်ပစ္စည်းများ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ သံနဲ့သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဝါယာကြိုးများ၊ လုပ်ငန်းသုံး၊ ကုန်ကြမ်းပစ္စည်းအုပ်စုဖြစ်တဲ့ ဓာတုဗေဒပစ္စည်းများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ အခြားချည်ခင်များ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ဇန်နဝါရီလဆန်းပိုင်းက တစ်ဖက်ထိုင်းနိုင်ငံရဲ့ နှစ်သစ်ကူးကာလဖြစ်တဲ့အတွက် တစ်ဖက်နိုင်ငံကုမ္ပဏီများရဲ့ လုပ်ငန်းများ ရပ်နားခဲ့ခြင်း၊ နှစ်သစ်ကူးကာလအပြီး လုပ်ငန်းများ ပြန်လည်စတင်ခဲ့သော်လည်း ကုမ္ပဏီအားလုံးမှ ပြန်လည်ဆောင်ရွက်ခြင်းမရှိသေးဘဲ တရုတ်လူမျိုး လုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် ကုမ္ပဏီများမှ တရုတ်နှစ်သစ်ကူးကာလ ထပ်မံရပ်နားခဲ့ခြင်း၊ တရုတ်နှစ်သစ်ကူးကာလအတွင်း Re-export သကြားများ တင်သွင်းမှု လျော့နည်းခဲ့ခြင်း၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် ကူဘိုတာ မြန်မာကစက်ရုံများ တည်ဆောက်ပြီးဖြစ်သဖြင့် ထိုင်းနိုင်ငံရှိ ကူဘိုတာ စက်ရုံအား မြန်မာနိုင်ငံသို့ လယ်ယာသုံးပစ္စည်းများ တင်ပို့ခြင်း မပြုရန် တားမြစ်ထားခြင်းတို့ကြောင့် သွင်းကုန်တန်ဖိုး လျော့နည်းကာ ကုန်သွယ်မှုလျော့နည်းခဲ့ရခြင်းဖြစ်ကြောင်း မြဝတီကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပြည်ပမှ ဆိုင်ကယ်မျိုးစုံ ပိုမိုတင်သွင်း

အိမ်နီးချင်းနိုင်ငံများမှ ဖေဖော်ဝါရီလ ၁၁ မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ တစ်ဆင့် အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၆၃ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ အစီးရေ ၁၂၈၀၀ ကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၅၇၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၂၈ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၀၉၇၀ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၃ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၁၂၀ ၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၂၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၇၀၈ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ -အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းတို့မှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၅ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၃၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၃၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၉ တန်လျော့နည်းကျဆင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်နယ်စပ်မှ ကွမ်းသီးတစ်မျိုးသာ တင်ပို့နိုင်သော်လည်း တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၄ သန်းတန်ဖိုးရှိ နန့်ဖာလုံ အမယ်စုံ၊ စီးကရက်နဲ့ မျောက်ငိုသီးတို့ကို ၂၇ တန်တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်တင်ပို့မှု ဆက်လက်ကျဆင်း

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၄၇၇၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၈၆၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၄ တန်ခန့် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်သွင်းခဲ့တဲ့အတွက်ကြောင့် ရေထွက်ကုန်တင်ပို့မှုကျဆင်းခဲ့ကြောင်း သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၇၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၁၇ သန်း တန်ဖိုးရှိ ငါးမှုန့်၊ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ပြည်ကြီးငါး၊ သဲကဏန်း တို့ကို ၃၁၃၉ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၈ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်၊ ကဏန်းတို့ကို ၁၅၆၀ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ရေချိုငါးမြစ်ချင်း တန် ၈၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၄ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၄ တန်ခန့်ကို တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်တန်ခန့် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်း တန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုတ်၊ ချင်းအစို၊ ဆီးခြောက်၊ သစ်ခေါက်၊ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်တို့ကိုလည်း ၂၁၁ တန် တင်ပို့နိုင်တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြစ်တဲ့ မောင်တောကုန်သွယ်ရေးစခန်းမှလည်း ရေထွက်ကုန်ပစ္စည်းများကို အမေရိကန်ဒေါ်လာ သုညဒသမ ၁၁၄ သန်း တန်ဖိုးရှိ ရေငန်ပုစွန်၊ ကျောက်ငါး၊ ငါးကုန်းညှိခြောက်၊ ငါးစုံလေးခြောက် တို့ကို ၁၂၁ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါပိုမိုတင်ပို့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၄၁၅ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၄၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၂၅၅ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၆ သန်း၊ တန်ချိန်အားဖြင့် တန် ၁၆၀ ခန့်ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ငါးမျိုးစုံ၊ ငါးပူတင်းအရေခွံခြောက်၊ ငါးလိပ်ကျောက်အရေခွံခြောက်၊ ကင်းမွန်ခြောက်နဲ့ ငါးမြစ်ချင်းစီဖောင်း တင်ပို့မှုလျော့နည်းခဲ့ပေမယ့် ကဏန်း၊ ငါးဆားနယ်၊ ငါးခြောက်၊ ငါးလေးခြောက်၊ ပုစွန်ခြောက်နဲ့ ပုစွန်ဖွဲ့ပိုမိုတင်ပို့ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံယွမ်ဈေးအနေဖြင့် ငါးရှဉ့်ဈေးရော၊ ကဏန်းဈေးပါ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**



## လှည်းကူး (CTQM ) တွင် စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ပတ်သက်၍ အသိပညာပေး ရက်တို သင်တန်းဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲအောက်ရှိ လှည်းကူးမြို့ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာန (CTQM)တွင် စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများနှင့် ပတ်သက်၍ အသိပညာပေး ရက်တို သင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ/ဆရာမများနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား/သူ ၃၆ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ရောင်းချသည့် ကုန်သွယ်လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုပေးသူများကို လိုအပ်သလို ပညာပေးဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ထို့အပြင် သင်တန်း ဆရာ၊ဆရာမများက သင်ကြားပို့ချသည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့နှင့် ပတ်သက်သည့် သုံးစွဲမှုဥပဒေရေးရာကိစ္စရပ်များ၊ အရည်အသွေးပိုင်းဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုများနှင့် သီးနှံများဘေးအန္တရာယ်ကင်းရှင်းရေး၊ ခွင့်ပြုပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနည်းနှင့် ဓာတ်ကြွင်းအာနိသင်များ၊ Aflatoxin နှင့် Heavy Metal များ၊ GAP၊ GHP၊ သိုလှောင်သီးနှံများနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပိုးသတ်ဆေးအဆိပ်များနှင့် ရှေးဦးသူနာပြုစုနည်းများကို မှတ်သားလေ့လာကြရန် လမ်းညွှန်မှာကြားပါသည်။ အဆိုပါ သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပတ်သက်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကိုလည်း သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရပါသည်။

**ဌေးဌေးနွယ်၊ CTQM (လှည်းကူး)**

## အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပြပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြခန်း ပါဝင်ပြသ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ကျင်းပခဲ့သည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပြပွဲနှင့် လူထုပညာပေးပွဲကို ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။ အဆိုပါပြပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြခန်းကို ပါဝင်ပြသခဲ့ပါတယ်။



စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးပြခန်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဦးစီးဌာန၏ မျှော်မှန်းချက် (Vision)၊ ရည်မှန်းချက် (Mission)၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုကို ဝယ်ယူစားသုံး၊ သုံးစွဲရာတွင်ရရှိသင့်သည့် စားသုံးသူများ၏ အခွင့်အရေး၊ စားသုံးသူများလိုက်နာရမည့် တာဝန်များ၊ ထုတ်လုပ်/ ရောင်းချသူ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကော်မတီ/အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာ၊ NGOs၊ စီးပွားရေးလုပ်ငန်းရှင်၊ စားသုံးသူတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံ၊ ဌာနမှ အဓိကထား ဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ၊ စားသုံးသူများကုန်စည်များဝယ်ယူရာတွင် သတိပြုရွေးချယ်ဝယ်ယူရမည့် အချက်အလက်များ၊ အမှတ်တံဆိပ်၊ ထောက်ခံချက်ပြည့်စုံမှု/ပြည့်စုံမှုမရှိသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများကို ကုန်စည်များအုပ်စုအလိုက် နမူနာများပြသထားခြင်း၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းအတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှု၊ ဆက်စပ်ဌာန/အသင်းအဖွဲ့များနှင့် ပူးပေါင်း ကွင်းဆင်းဆောင်ရွက်မှု၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပဆောင်ရွက်ခဲ့မှုမှတ်တမ်း ဓာတ်ပုံများ၊ စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေ (မူကြမ်း)ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များအတွက် စံပြလုပ်ထုံး လုပ်နည်းများရေးဆွဲရေးအလုပ်ရုံ ဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံများ၊ စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူအခွင့်အရေးများ ဆုံးရှုံးခြင်း၊ ကုန်စည်၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် အမှန်တကယ်ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခံစားရပါက စားသုံးသူပြည်သူများက တယ်လီဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင် လည်းကောင်း တိုင်ကြားနိုင်မည့်နေရာများ၊ တယ်လီဖုန်းနံပါတ်များ စသည်တို့ကို ပြပွဲသို့ လာရောက်သည့် သူများ သိရှိရအောင် ဗီနိုင်းများဖြင့် ချိတ်ဆွဲပြသခဲ့ပြီး လာရောက်လေ့လာကြည့်ရှုသူများ၏မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပါတယ်။

ပြပွဲနှင့်အတူ ကျင်းပသည့် အသိပညာပေးပွဲ၊ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမော်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်မှုများနှင့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ပြပွဲကာလအတွင်း ဓာတ်ခွဲဌာနခွဲမှ အများပြည်သူ နေ့စဉ် စားသုံးနေသော စားသောက်ကုန်များ၊ အလှကုန်များအား Screening Method (ကနဦးလျင်မြန်စစ်ဆေးခြင်းနည်း)ဖြင့် အခမဲ့စစ်ဆေးပေးခြင်း၊ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ တစ်ခန်းရပ်ပြဇာတ်များ၊ ညဏ်စမ်းပဟေဠိအစီအစဉ်များ၊ ပျော်ရွှင်စရာဂိမ်းအစီအစဉ်များ၊ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ပြသခြင်းနှင့် လက်တွေ့ အသုံးချမှုများကိုလည်း ပူးတွဲကျင်းပခဲ့ပါတယ်။

အဆိုပါပြပွဲတွင် စားသုံးသူရေးရာဦးစီးဌာနနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းအသီးသီးကလည်း ပြခန်းပေါင်း ၁၀၀ ကျော်တို့ဖြင့် ပါဝင်ပြသခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ခင်သီ(စားသုံးသူ)ရန်ကုန်**

## ကုန်သွယ်မှု အခြေခံသင်တန်း (မန္တလေး) အမှတ်စဉ် (၃) သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်က ပို့ကုန်/သွင်းကုန်ရုံး (မန္တလေး) တွင် ကျင်းပခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါသင်တန်းကိုကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်း၌ ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များဖြစ်သည့် ကုန်သွယ်မှု လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေး ဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ်အသီးသီး၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအပြင် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သင်ကြားပို့ချခဲ့ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က သင်တန်းဆင်းအမှာစကား ပြောကြားပြီးသင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းသင်တန်းကို ဇန်နဝါရီ ၃၀ ရက်မှဖေဖော်ဝါရီ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား/သူ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးသီတာ(DOT –MDY)**


Khun Brothers
International Co.,Ltd
Antimony, Tin and Wolfram
Refining & Trading
Factory Address - Kyae Kone, Kyauk Tann, Shan State, Kalaw Township.


GLOBAL WORLD INSURANCE CO.,LTD
Marine Cargo Insurance
Life Insurance
Fire Insurance
Comprehensive Motor Insurance
Cash In Safe Insurance
Cash In Transit Insurance
Fidelity Guarantee Insurance
Special Travel Insurance
Health Insurance
www.gw-isnurance.com, Hot Line : 09 - 33087771, 793087771


Honda Maung Maung
Construction & Trading Co.,Ltd
မုံရွာတောင်၊ နတ်လှူထပ်ပန်ရပ်ကွက်၊ မုံရွာမြို့။
Ph : 09 2132221 , 09 962132221, 09 6450607, 09 2132223,
09 962132223, 09 33332373, & 07 125522


MPC
Myanma Pivot
မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
MYANMA PIVOT CONSTRUCTION CO., LTD.
No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com

# IBS IDEAL BUSINESS SUCCESS CO.,LTD.

CAR EXPORTER, IMPORTER, GENERAL, TRADING & SERVICES

IBS Bring the Best



No.(118), Makhayar Minthagyi Maung Pyo Street,
Hlaing Tharyar Industrial City Zone(2),
Yangon. Myanmar.
Tel : (95)-1-684513, 684683, Fax : (95)-1-684513
E-mail : msteelcement@myanmar.com,ms.thanthansu@gmail.com.

# ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်

## စစ်မှန်ပြည့်ဝ ဝိစာရ







## ပြောင်း

### တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ငါးသောင်းကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၉၆ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့တန်ချိန် ၅၀၉၄၄ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၄၅၂၄၅ တန်ခွဲ၊ လွယ်ဂျယ်မှ ၁၁၆၆ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၄၅၃၂ တန်ကျော် ဖြစ်ပါတယ်။ ယခုတစ်ပတ် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ပြောင်းတင်ပို့မှုမရှိတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုကတီးကုန်သွယ်ရေးစခန်းလေးခုမှ ပြောင်းဖူးစေ့ ၃၉၇၂၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ၁၁၂၂၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိသီတင်းပတ်အတွင်း ပြောင်းတစ်တန်ကို ၂၂၅၉၀၁ ကျပ်ရှိရာမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း ၂၂၅၆၈၁ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ သယ်ယူစရိတ်မှာ တစ်ပိဿာ ၇၂ ကျပ်မှ ၇၈ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၁၆၁၄ စီးဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### လှိုင်ကော်မှ မူဆယ်သို့ ပြောင်းများ နေ့စဉ်တင်ပို့

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၂ ရက်အတွင်း ကယားပြည်နယ် လှိုင်ကော်မြို့မှ မူဆယ်ဈေးကွက်သို့ တစ်ရက် လျှင် ပြောင်းတန်ချိန် ၁၀၀ ခန့်တင်ပို့လျက်ရှိရာ ယခုတစ်ပတ်အတွင်း တန်ချိန်ပေါင်း ၅၉၉ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

လှိုင်ကော်မှ တင်ပို့သည့် ပြောင်းများကို မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မူဆယ်မြို့သို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့သည့် ပြောင်းတန်ချိန် ၅၉၉ တန်တွင် လှိုင်ကော်မြို့၊ လင်ဖုံလေးရွာမှတစ်ဆင့် မိုးပြဲ၊ ဖယ်ခုံလမ်းကြောင်း၊ လှိုင်လင်လေးမှတစ်ဆင့် ဆီဆိုင်၊ တောင်ကြီးလမ်းကြောင်းတို့မှတင်ပို့သည့် ပြောင်းတန်ချိန်များ မပါဝင်ကြောင်း သိရသည်။

အဆိုပါလမ်းကြောင်းများမှ တင်ပို့သည့်ပြောင်းတန်ချိန်များကိုပါ ထည့်သွင်းတွက်ချက်ပါက တစ်ရက်လျှင် ပြောင်းတန်ချိန် ၁၅၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ လှိုင်ကော်မြို့မှ ပြောင်းစိုက်တောင်သူများမှာ ပြောင်းစိုက်ပျိုးခြင်းမှ အမြတ်အများအပြား မရရှိဘဲ အရင်းကျေရုံသာရရှိခဲ့ကြောင်း သိရသည်။

**ဗညားထက်**

## ဝါ

### မူဆယ်မှ ဝါဂွမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၆၄၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၁၁၂တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန် ၁၆၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါ ၄၈ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ငွေချည်-၆-ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ စလေ၊ ရမည်းသင်း၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချကြတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### ကန်ပိုက်တီမှ တစ်သျှူးငှက်ပျောလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၄၀ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၄၀၇၀ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ ကန်ပိုက်တီမှ ၃၇၅၀ တန်နဲ့ လွယ်ဂျယ်မှတန် ၃၂၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ကန်ပိုက်တီမှ တန်ချိန် ၅၅၀၀၊ လွယ်ဂျယ်မှ ၂၅၆ တန်နဲ့ တာချီလိတ်မှ တန် ၂၀၀ စုစုပေါင်း ၅၉၅၆ တန်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တစ်သျှူးငှက်ပျော တန်ချိန် ၁၈၇၆ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်က ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျော စိုက်ဧကစာရင်းကောက်ယူရာတွင် ဝိုင်းမော်မြို့နယ်ရှိကုမ္ပဏီ ၁၃ ခုမှ စိုက်ဧကပေါင်း တစ်သောင်းခြောက်ထောင်ကျော် စိုက်ပျိုးနေတယ်လို့ မြစ်ကြီးနားမြို့နယ် တာလောကြီးဒေသမှ တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### တစ်ပတ်အတွင်း ရော်ဘာတန် ၁၄၀၀ ကျော် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၁၁၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS1 ၃၂ တန်ကျော်၊ RSS3 ၁၃၆၂ တန်ကျော်၊ RSS5 ၃၄ တန်၊ MSR 20 ၈၈၂ တန်ကျော်၊ MSR 50 ၁၇ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS1 ၃၄၃ တန်၊ RSS3 ၈၈တန်ကျော်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS3 ၃ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစိမ်း တန် ၃၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာတင်ပို့မှုမှာ ၂၅၆၈ တန်ဖြစ်တဲ့အတွက် ယခုတစ်ပတ်မှာ ၅၄၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်(၁၀၅) မိုင်ကုန်စည်ဒိုင်မှာ ယခုတစ်ပတ်ရဲ့ ရော်ဘာဈေးတစ်တန်ကို ကျပ် ၉၇၅၀၀ ဈေးတက်ကြောင်း သိရှိရပါတယ်။ RSS3 တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၂၆ ဒသမ ၃၂၅ သိန်းမှ ယခုတစ်ပတ်မှာ ကျပ် ၂၇ ဒသမ ၃၀ သိန်း၊ RSS5 တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၂၅ ဒသမ ၃၆၂ သိန်းမှ ယခုတစ်ပတ်မှာ ကျပ် ၂၆ ဒသမ ၃၃၇ သိန်းသို့ ဈေးတက်လာပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၂၃ သန်းတန်ဖိုးရှိ ရော်ဘာ ၁၄၇၄ တန် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ ရော်ဘာ RSS3 ၃၈၇ တန်၊ MSR 20 (TSR 20) တန် ၂၁၀၊ ဂျပန်နိုင်ငံသို့ MSR 20 (TSR 20) ၂၄၉ တန်ကျော်၊ စင်ကာပူနိုင်ငံသို့ MSR 20 ၁၂၃ တန်ကျော်နဲ့ MSR 10 ၄၀၃ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR 20 (TSR 20) ၁၀၁ တန်တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၅၆၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၀၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ ပင်လယ်ရေကြောင်းနဲ့ ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၁၄၅၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခင်တစ်ပတ်က တစ်တန်ကို ဒေါ်လာ ၁၀၀ ကျော် ဈေးတက်လာတဲ့ ရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ တစ်တန်ကို ဒေါ်လာ ၅၀၀ ကျော် ဈေးကျလာပါတယ်။ ဒါကြောင့်ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးချပြီး မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင်ဒေါ်လာ | ၂၄၅၀-၂၅၅၀၊ |
| RSS 2 | တစ်တန်လျှင်ဒေါ်လာ | ၂၄၀၀-၂၅၀၀၊ |
| RSS 3 | တစ်တန်လျှင်ဒေါ်လာ | ၂၃၅၀-၂၄၅၀၊ |
| RSS 4 | တစ်တန်လျှင်ဒေါ်လာ | ၂၃၀၀-၂၄၀၀၊ |
| RSS 5 | တစ်တန်လျှင်ဒေါ်လာ | ၂၂၅၀-၂၃၅၀၊ |
| MSR 3L | တစ်တန်လျှင်ဒေါ်လာ | ၂၆၀၀-၂၇၀၀၊ |
| MSR 10 | တစ်တန်လျှင်ဒေါ်လာ | ၂၃၅၀-၂၄၅၀၊ |
| MSR 20 | တစ်တန်လျှင်ဒေါ်လာ | ၂၃၀၀-၂၄၀၀၊ |
| MSR 50 | တစ်တန်လျှင်ဒေါ်လာ | ၂၂၀၀-၂၃၀၀၊ |
| Crepe Rubber | တစ်တန်လျှင်ဒေါ်လာ | ၂၁၅၀-၂၂၅၀ |

**ယဉ်ယဉ်အေး**

### နနွင်းတန်ချိန် ၁၃၀ နီးပါးတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၂၆ ဒသမ ၇၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်း(ရှမ်းစ) ၅၁ ဒသမ ၇၈ တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း နနွင်း(ရှမ်းစ) ၇၅ တန်ကို မလေးရှားနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၃၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၂၀ ကျော် တင်ပို့မှု လျော့နည်းခဲ့ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှကန်ဒေါ်လာ၆၇၅-၆၈၀ ရရှိခဲ့တာကြောင့် စုစုပေါင်းကန်ဒေါ်လာ ၈၅၇၃၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ပါကစ္စတန်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန်၃၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၂၀ ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၈၃၇၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့သလို ထိုင်းနိုင်ငံမှလည်း သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၀၄၉ သန်းတန်ဖိုးရှိ သကြား ၅၈၀၀၅ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၅၇၈၆၅ တန်ကျော်နဲ့ ချင်းရွှေဟော်မှ သကြားဖြူ ၁၃၉ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၅၂၈၉၇ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၅၂ တန်ခွဲ စုစုပေါင်းသကြားတန် ၅၂၉၄၉ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် သကြား ၅၀၅၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း သကြားတစ်တန်ကို ၉၈၆၇၀၀ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်မှာ ၉၇၈၉၀၀ ကျပ်သို့ ဈေးအနည်းငယ်ကျခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင်ယွမ် ၂၅၀ မှ ၂၅၁ ယွမ်ဈေးရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၆၂သန်းတန်ဖိုးရှိ Re-export သကြား ၁၃၃၈၅တန် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၅၁၉၇တန်နဲ့ နှိုင်းယှဉ်ပါက ၈၁၈၈ တန်ပိုမို တင်သွင်းခဲ့ပါတယ်။ **မော်မော်အောင်**

### မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်း တန်တစ်ထောင်ကျော်တင်ပို့

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၈၈ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၈ မျိုး၊ တန်ချိန်အားဖြင့် ၁၀၈၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၆၈၉ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ ပရဆေး ၃၉၄ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ မုတ်ခါး၊ ချင်းခြောက်၊ တောချင်း၊တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ မာလာဥ၊ မာလာဥခေါင်း၊ ဆီးဆန်၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

ယခင်တစ်ပတ်က တင်ပို့ခြင်းမရှိတဲ့ နနွင်းခေါင်း၊ ချဉ်ပေါင်ဖာလာ(အခွံမပါ)၊ ချင်းခြောက်နဲ့ ကွမ်းစားဂမုန်းတို့ တင်ပို့ခဲ့သလို အချို့ပရဆေးအမယ်တွေကို ယခုတစ်ပတ်မှာ ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ပရဆေးကုန်ကြမ်း တင်ပို့မှုပိုမိုရတာဖြစ်ပါတယ်။ **မော်မော်အောင်**

# Yanmar နှင့် Mitsui & Co. တို့ အကျိုးတူ ပူးပေါင်း၍ ရန်ကုန်မြို့တွင် အရောင်းစီးပွားရေးလုပ်ငန်းများ စတင်



ဂျပန်နိုင်ငံမှ ဒီဇယ်အင်ဂျင်စက်ထုတ်လုပ်ရောင်းချနေသော Yanmar ကုမ္ပဏီသည် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ Mitsui & Co. နှင့် အကျိုးတူပူးပေါင်းကာ လုပ်ငန်းများ စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Yanmar နှင့် မတ်ဆုအိကုမ္ပဏီတို့သည် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ နည်းလမ်းရှာဖွေရေးစင်တာတချို့တွင် စီးပွားရေးအရ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အကျိုးတူစီးပွားရေးလုပ်ငန်းသည် သီလဝါအထူးစီးပွားရေးလုပ်ငန်းဇုန်တွင် တည်ရှိပြီး ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်နှင့် မြန်မာနိုင်ငံ၏ဆန်စပါးစိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်သည်။

Yanmar Myanmar Co.,Ltd.မှ ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်သူ Takeshi Terada က "မြန်မာနိုင်ငံက ဆန်စပါး ထုတ်လုပ်ရေးလုပ်ငန်းမှာ ကမ္ဘာ့နံပါတ်(၇)နေရာမှာရှိနေပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အခုဆိုရင် ဆန်စပါးစိုက်ပျိုးရေးအတွက် စက်ကိရိယာထုတ်လုပ်မှု လိုလားတောင်းဆိုမှုတွေပိုပြီးများလာတာကိုတွေ့နေရတာကြောင့် မြန်မာနိုင်ငံရဲ့ လယ်ယာစီးပွားရေး တိုးတက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်နေတာတွေကိုလည်း တွေ့နေရပါတယ်။ ကျွန်တော်တို့ရဲ့ Mitsui & Co. ကုမ္ပဏီနဲ့ ပူးပေါင်းမှုကလည်း ရောင်းဝယ်အားတွေ ပိုမိုကောင်းလာအောင်နဲ့ မြန်မာနိုင်ငံရဲ့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို အကောင်းဆုံး အရည်အသွေးထွက်ကုန်တွေနဲ့ လုပ်ငန်းလည်ပတ်နိုင်အောင် ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့က နိုင်ငံတစ်ဝန်းလုံးမှာ နေထိုင်နေကြတဲ့ လူသားတွေရဲ့ ဘဝကို အဆင့်မြင့် တိုးတက်အောင် အသိပညာပေးခြင်းတွေကိုလည်း များစွာဆောင်ရွက်နိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

"Mitsui & Co. က Yanmar Myanmar Co., Ltd နဲ့ ပူးပေါင်းတဲ့အခါမှာ ၄၀ ရာခိုင်နှုန်း ပါဝင်မှုရှိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ အလုပ်အမှုဆောင်ချုပ်ဖြစ်သူ Ryotaro Sumi က ပြောသည်။

"ကျွန်တော်တို့က မြန်မာနိုင်ငံဟာ နိုင်ငံတကာ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းပိုင်းမှာ အရေးကြီးတဲ့ ဈေးကွက်တစ်ခုအနေနဲ့ ဖွံ့ဖြိုးတိုးတက်လာတာကို သတိထားမိပါတယ်။ Yanmar က အာရှတစ်ခွင်မှာ ကောင်းတဲ့ပြယုဂ်တစ်ခုအနေနဲ့ရှိနေပြီးတော့ Mitsui & Co., Ltd ရဲ့ အဓိကစီးပွားရေးနယ်ပယ်တွေကလည်း အာရှပစိဖိတ် နိုင်ငံတွေရဲ့ စားသောက်ကုန်နဲ့ စိုက်ပျိုးရေးတို့ဖြစ်ပါတယ်။ ဒီနေ့ရဲ့ ကြေညာချက်ကတော့မြန်မာတို့အတွက် သတင်းကောင်းတစ်ခုဖြစ်ပြီး ကျွန်တော်ကတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတိုးတက်ဖို့အတွက် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေးရလဒ်တွေကို ပေးစွမ်းသွားမှာဖြစ်ပြီး စားသောက်ကုန်လုပ်ငန်းတိုးတက်ဖို့အတွက် ပညာပေးမျှဝေသွားမှာဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယုံကြည်စွာနဲ့ပြောချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Yanmar နှင့် Mitsui & Co. တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ဝယ်ယူသူများအတွက် ကောင်းမွန်သော အရည်အသွေးနှင့် စက်ကိရိယာများကို ကျယ်ပြန့်စွာ ပို့ဆောင်လုပ်ကိုင်သွားမည်ဖြစ်သည်။ ၎င်းတွင် ကြီးမားသော ကုန်လှောင်ရုံ၊ ဝယ်ယူသူများအတွက် ဝန်ဆောင်မှုနှင့် သင်ကြားပို့ချရေးစင်တာ၊ ပြခန်းတစ်ခုနှင့် ဧည့်ဝတ် ကျေပွန်ရန်ပံ့ပိုးမှုများ ပါဝင်သည်။ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်ကုမ္ပဏီတို့မှ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ဆောင်မှုများကို ခေတ်မီနည်းစနစ်များနှင့် အသိပညာများ သင်ကြားပို့ချပေးရန် ရည်ရွယ်ထားသည်။

လုပ်ငန်းအား Yanmar Myanmar Co., Ltd အမည်ဖြင့် လုပ်ကိုင်သွားမည်ဖြစ်သည်။ လယ်ယာ စိုက်ပျိုးရေးပစ္စည်းများအား ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် မတ်လမှ စတင်ခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းပေါင်း ၁၀၀ နီးပါးအား ခန့်အပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



## ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းရှိဟု မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း ၂၀၁၅ အစီရင်ခံစာတွင် ဖော်ပြ

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် စီးပွားရေးလုပ်ငန်းများသည် မြန်မာတစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းရှိကြောင်း မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်း ၂၀၁၅ (Myanmar Business Survey 2015) တွင်ဖော်ပြထားသည်။

အဆိုပါစစ်တမ်းသည် ၂၀၁၅ ခုနှစ်အတွင်းက ကောက်ယူထားသည့် စစ်တမ်းဖြစ်ပြီး မြန်မာ့စီးပွားရေးလောကအတွက် အရေးပါသည့်အချက်အလက်များကို ကောက်ယူထားသည့် စစ်တမ်းဖြစ်ကြောင်း သိရသည်။

"စစ်တမ်းကောက်ယူခြင်းအားဖြင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးဆိုင်ရာအချက်အလက်တွေ၊ ပွင့်လင်းလာနိုင်တဲ့၊ အလားအလာကောင်းတဲ့ လုပ်ငန်းစုတွေကိုဖော်ထုတ်လာနိုင်မှာဖြစ်သလို အခြေခံကိန်းဂဏန်းအရင်းအမြစ်တွေဟာ အမျိုးသားစာရင်းစနစ်တွက်ချက်ရာမှာ အထောက်အကူပြုနိုင်ဖို့၊ လက်တွေ့ကျ တဲ့မူဝါဒတွေရေးဆွဲရာမှာ အချက်အလက်များပံ့ပိုးပေးနိုင်ဖို့နဲ့ ဆက်စပ်မူဝါဒများဖွံ့ဖြိုးရေးကိစ္စရပ်များမှာ ထည့်သွင်းစဉ်းစားရန်အချက်များအဖြစ် အသုံးပြုနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီစစ်တမ်းတွေ့ရှိချက်တွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေအပါအဝင်အမျိုးမျိုးသော စာရင်းအချက်အလက်အသုံးပြုသူတွေအတွက် တန်ဖိုးရှိတဲ့ Input များပဲဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားခဲ့သည်။

အဆိုပါစစ်တမ်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီးပွားရေးလုပ်ငန်း နှိုင်းယှဉ်ချက်များ၊ စီးပွားရေးလုပ်ငန်းများနှင့် လူဦးရေအချိုးနှိုင်းယှဉ်ချက်၊ တစ်နာရီလျှင် ပေးချေရသည့်လုပ်အားခများစသည်ဖြင့် ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင် မြန်မာ့စီးပွားရေးလောကတွင် စီးပွားရေးလုပ်ငန်းအများစုသည် ကုန်ထုတ်လုပ်မှုကဏ္ဍများဖြစ်ပြီး လုပ်ငန်းပေါင်း ၅၁၀၀၀ခန့်ရှိကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချမှု/ကုန်သွယ်မှုကဏ္ဍတွင် လုပ်ငန်းပေါင်း ၄၁၀၀၀ ကျော်နှင့် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းပေါင်း ၃၄၀၀၀ ကျော်ရှိကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။ ယင်းစစ်တမ်းကိုကောက်ယူရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍနှင့် သက်ဆိုင်သော စီးပွားရေးစာရင်းအင်းများကို ပြည့်စုံစွာပံ့ပိုးပေးနိုင်ရန် အစိုးရ၏မူဝါဒချမှတ်သူများနှင့် အစိုးရမဟုတ်သော ပါဝင်ပတ်သက်သူများအားလုံးကို သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့်အမျိုးသားစာရင်း တွက်ချက်ရာတွင် အဓိကကျသော အချက်အလက်ရင်းမြစ်တစ်ခု ရရှိစေရန်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါစစ်တမ်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းကောက်ယူစဉ်အတွင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် အီတလီအမျိုးသားစာရင်းအဖွဲ့တို့က စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် နည်းပညာအကူအညီများပေးခဲ့ပြီး ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုများကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ကပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

**မယ်သီတာ**

## Solar Home ၏ ရုံးခန်းသစ်ကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်

Solar Home ၏ ရုံးခန်းသစ်ကို ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်ရှိ Eastern Busiess Center ၊ ၃ လွှာတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း SolarHome ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စင်ကာပူနိုင်ငံရှိ အထင်ကရ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုဖြစ်သည့် Forum Capital ၏ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ SolarHome သည် ဓာတ်အားလိုင်းနှင့် ဝေးကွာပြီး သွားရောက်ရန် ခက်ခဲသည့် မီးမရရှိသေးသော ကျေးလက်ဒေသများတွင် သင့်တင့်သက်သာသောနှုန်းထားဖြင့် ဆိုလာအိမ်သုံးစနစ်ကို မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်စတင်စမ်းသပ်သည့်အဆင့်တွင် SolarHome က လစဉ်ငွေပေးချေမှုဖြင့် အသုံးပြုနိုင်သော ဆိုလာ ထုတ်ကုန်သုံးမျိုးဖြစ်သည့် Sun King Home 60, Sun King Pro နှင့် Omnivoltaic အမျိုးအစားများကို မိတ်ဆက်သွားမည်ဖြစ်သည်။ ယင်းစနစ်သည် အသုံးပြုသူများအတွက် မီးအလင်းရောင်ရရှိရန်အတွက် လက်ရှိအသုံးပြုနေရသည့် ဖယောင်းတိုင်မီးကြောင့်ဖြစ်လာမည့် အန္တရာယ် ဝန်ထုပ်ဝန်ပိုးများကို ဖြေရှင်းနိုင်ပြီး SolarHome ၏ နည်းပညာအသစ်ဖြင့် Solar စွမ်းအင်အလင်းရောင်ကို ရိုးရှင်းစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

SolarHome ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Ted Martynov က "အာရှရဲ့ဈေးကွက်သစ်လည်းဖြစ်တဲ့ မြန်မာနိုင်ငံမှာ စတင်ပြီး ကျွန်တော်တို့ရဲ့ လုပ်ငန်းကို စတင် မိတ်ဆက်ပေးရတာ အရမ်းပဲ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့က ဒီမှာသန့်ရှင်းတဲ့ ဆိုလာစွမ်းအင်စနစ်ကို အသုံးပြုသူတွေအတွက် ပညာရေးပိုင်းဆိုင်ရာ အခွင့်အလမ်းများဖြစ်ပေါ်လာအောင် ဖန်တီးပေးခြင်း၊ လူမှုဘဝနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများလုပ်ဆောင်နိုင်ရေးအတွက် မြှင့်တင် ဆောင်ရွက်ပေးခြင်းတွေနဲ့အတူ ကျေးလက်နေလူထုရဲ့ လူနေမှုဘဝတွေကို တန်ဖိုးရှိရှိ နေထိုင်ဖြတ်သန်းနိုင်အောင် တစ်ဖက် တစ်လမ်းကနေ ကူညီပေးသွားဖို့ ရည်ရွယ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအတွက် လက်ရှိလုပ်ဆောင် လျက်ရှိသော NGO များ၊ ကျေးလက်လူထု အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပြီး မကြာတော့သည့် အနာဂတ်တွင် ကျေးလက်ဒေသ နယ်ပယ်များစွာကို တွင်တွင်ကျယ်ကျယ် ဖြန့်ကြက်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ/နယ် |
| ၂။ | နီဆန်း/နုတ် (၂၀၁၃) | ယာယီ | ၁၅၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ် |
| ၃။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ် |
| ၄။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၅။ | ပါဆို (၂၀၁၁) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၆။ | နွတ်ချ် (၂၀၀၃) | 9I | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1.5 ဓာတ်ဆီ |
| ၈။ | အပ်ကား(နှစ် ၂၀) | - | ၁၀၅ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | သဃ်န်းကျွန်းမြို့နယ်၊ စံပြဈေးအနီး | ၆၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၃၅၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၂။ | တိုက်ခန်း | သဃ်န်းကျွန်းမြို့နယ်၊ AKK ပလာဇာရှေ့ရပ်ကွက်၊ လမ်းတစ်လမ်းကျော် | ၉၅၀ စ/ပေ | မြေညီ၊ ဟောလ် | ၁၂၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက် | ၇၅၀ စ/ပေ | (၄ )လွှာ၊ အခန်းဖွဲ့ | ၃၀၀ သိန်း | | ၀၁/၇၀၂၂၇၉ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ လမ်းသွယ် | ၁၁၀၀ စ/ပေ | MB (၁)၊ BR(၁) | ၁၀၅၀ သိန်း | ဓာတ်လှေကားပါ | ၀၁/၇၀၂၂၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁) ထပ်၊ အခန်းဖွဲ့ | ၂၃၅၀ သိန်း | မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅ x ၄၅) ပေ | RC (၁) ထပ်၊ MB(၁)၊ BR (၁) | ၂၅၀၀ သိန်း | အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၇။ | မြေ | ဒဂုံမြို့သစ်(မြောက်)၊ (၄၄) ရပ်ကွက်၊ နဝရတ်လမ်းသွယ် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၇၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့၊ စီလမ်း | ၂၄၀၀ စ/ပေ | BR (၁)၊ RC (၁) ထပ် | ၃၅၀၀၀၀ သိန်း ၁လအငှားနှုန်း | စိုးစံပညာ သင်တန်းအနီး | ၀၉/၅၁၁၇၂၆၂ |

# မုံရွာမြို့၌ ကျင်းပခဲ့သည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးပြခန်းပါဝင်ပြသ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၁၇ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများကို မုံရွာမြို့၊ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၂ ရက်အထိ ပြသခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများ လုံခြုံစိတ်ချရမှုရှိစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးပြခန်းတစ်ခန်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြခန်းတွင် စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ အာဆီယံနိုင်ငံများမှ ဆောင်ရွက်နေသော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ စားသုံးသူအကာ အကွယ်ပေးရေးဗဟိုကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ပေးမည့် နည်းလမ်းများ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေဇယား၊ ရွှေဘိုပေါ် ဆန်းမွှေး ဒေသဆိုင်ရာအညွှန်း GI ရရှိရေး ဆောင်ရွက်မှုမှတ်တမ်းများ ခေါင်းစဉ်ဖြင့် ပြသခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ စားသုံးသူကာကွယ်ရေးကိစ္စရပ်များတွင် အာဆီယံနိုင်ငံများ၊ အခြားပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု စာအုပ်များ၊ Commerce Journal များ၊ ဘေးအန္တရာယ်ရှိ စံချိန်မမီသည့် စားသုံးသူကို ထိခိုက်စေသောပစ္စည်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသည့် အချက် (၅) ချက်နှင့် ပြည့်စုံသည့် အစားအသောက်များ၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်၊ စိုက်ပျိုးရေးသုံး ဆေးနမူနာပစ္စည်းများ။ ရွှေဘိုခရိုင်မှထွက်ရှိသော ရွှေဘိုပေါ် ဆန်းမွှေးစပါးနှင့် Export Quality မီ ရွှေဘိုပေါ် ဆန်းမွှေးဆန်နမူနာများ၊ ဖူလုံမြန်မာကုမ္ပဏီမှ Export ရွှေဘိုပေါ် ဆန်းမွှေးဆန်နှင့် ဧရာမင်းဆန်နမူနာများ၊ နိုင်ငံတကာမှ စားသုံးသူ အကာအကွယ်ပေးရေး ဗွီဒီယိုများ၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်တို့၏ စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ စည်ပင်သာယာဈေးများသို့ စစ်ဆေးခြင်းစသည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ တောင်တွင်းကြီး မုန့်တိုက်ပွဲ အစားအသောက် ထုတ်လုပ်သည့် ဗွီဒီယိုများ၊ ဝန်ဆောင်မှု နမူနာပြသသည့် ကားအရုပ်နှင့် ရှင်းလင်းချက် စသည်တို့ကို ခင်းကျင်း ပြသခဲ့ကြောင်း သိရသည်။

ထို့ပြင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကာတွန်း၊ သတင်းဆောင်ပါး မှတ်တမ်းများ၊ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အာဆီယံစားသုံးသူအကာအကွယ်ပေးရေးကော်မတီ (ACCP) က ထုတ်ပြန်ကြေညာထားသည့် သုံးစွဲရန်မသင့်သောဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ၊ အင်တာနက်အသုံးပြုနေကြသော စားသုံးသူပြည်သူများအား ဆိုက်ဘာလုံခြုံရေးအတွက် သိရှိလေ့လာရှောင်ကျဉ်နိုင်ရန်များ၊ စားသုံးသူ အကာအကွယ်ပေးရေးအတွက် နေအိမ်တွင်း၊ လုပ်ငန်းခွင်နှင့် အစားအသောက်အန္တရာယ် ကင်းရှင်းရေးလိုက်နာဆောင်ရွက်ရမည့် အချက်အလက် စသည့် ခေါင်းစဉ်များဖြင့် ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် (မုံရွာ)**

## စာမျက်နှာ (၈) ➢➢➢ မန္တလေးနန်းတော်ရှေ့မှ ···· မှအဆက်

ပုံများကိုလှသည်ထက် လှလာစေရန် ရောင်စုံချည်ကြိုးများ၊ စီးကွင့်များ၊ နာဂထာကြိုးများအသုံးပြုကာ ချုပ်အပ်ဖြင့် လက်ချုပ်လိုက်ပေးရသည်။ အရောင် ရွေးချယ်မှု၊ အနုပညာမြောက်စွာအရောင်ထည့် သွင်းမှုလိုအပ်သည်။ အရောင်ရှိတိုင်းလှသည်ဆိုတိုင်း ထည့်သွင်းအသုံး ပြုမည်ဆိုပါက ကြည့်ရဆိုးသော၊ အနုပညာမဆန်သောဖန်တီးမှုတစ်ခုဖြစ်နေပေလိမ့်မည်။ လှပသောအရောင် ထည့်သွင်းချုပ်လုပ်ထားသည့် အရုပ်များ၊ ရှုခင်းပုံများကို ပိုပြီးရုပ်လုံးရုပ်ကြွဖြစ်နေစေရန် ပုံများအောက်သို့ ဂွမ်းစထည့်ပေးရသည်။ ယင်းကိုလုပ်ငန်းအခေါ် အရ ဂွမ်းထိုးသည်ဟုခေါ်သည်။ အဖောင်းအကြွညီစေရန် ပုံအားလုံး၌ ဂွမ်းကို မျှတစွာ ထည့်ရသည်။ ဂွမ်းထည့်ပြီးညီညာတင့်တယ်သွားသည်နှင့် ပုံကလေးများ အောက်ခံပိတ်နှင့် ကပ်နေစေရန် ချုပ်ပေးရသည်။

ထိုသို့ချုပ်လုပ်ရာတွင် ကော်ကိုလည်းထည့်သွင်းအသုံးပြုရသည်။ ရွှေချည်ထိုးကားတစ်ခုတွင် အပ်ချက်ပေါင်းမရေတွက်နိုင်အောင်ရှိသည့်အတွက် အပ်ချည်ချက်များ မကျိုးပြတ်ရန်နှင့် ပုံများမြဲစွာကပ်နေစေရန် ကော်ကို အသုံးပြုရခြင်းဖြစ်သည်။ ကော်သုံးသည့်အခါ လက်ဖြင့် ကော်ကိုကိုင်ပြီးသုတ်လိမ်းကြရသည်။ ခေတ်မီကော်များကို အသုံးပြုခြင်းမရှိဘဲ ကိုယ်တိုင်ကျိုထားသောသာကူကော်ကို အသုံးပြုကြသည်။ ကော်ပြုလုပ်သည့်ပုံစံမှာ သာကူမှုန့်ကိုရေစပ်စပ်ဖြင့်နယ်ကာ ရေနွေးပွက်ပွက်ထည့်၍ ပြုလုပ်ရခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ထားမှသာ ကော်ကိုလိုအပ်သလို အပျော့အမာ လုပ်ကိုင်နိုင်ပေမည်။ ပိတ်စအနက်၊ ဖဲစ၊ ကတ္တီပါစ၊ မိုင်းကိုင်စက္ကူ စသည်တို့ကို အလှအပအတွက် လိုအပ်သလို ထည့်သွင်းအသုံးပြုကြသည်။ မိုင်းကိုင်စက္ကူမှာ ရှေးခေတ်ရွှေချည်ထိုးလုပ်ငန်းများတွင် အသုံးပြုကြသော်လည်း ယခုခေတ်တွင် အသုံးနည်းသွားခဲ့သည်။ ဂွမ်းစထည့်၍ ချုပ်လုပ်ပြီးသွားသည်နှင့် လုပ်ငန်းအဆုံးသတ်ပြီဖြစ်သည်။

ရွှေချည်ထိုးကားကို သစ်သားဘောင်အတွင်းထည့်ပြီးပါက မှာထားသူထံ ပို့နိုင်ပြီ ဖြစ်သည်။ သစ်သားဘောင်ကို ပန်းပုသမားထံမှာရသည်။ ရွှေချည်ထိုးလုပ်ငန်းသည် ပန်းချီပညာလိုအပ်သလို ပန်းပုပညာရှင်နှင့်လည်း ကင်းလွတ်မရသည့် ပညာဖြစ်သည်ကို တွေ့ရသည်။ ရွှေချည်ထိုးမှာပန်းချီ၊ အပ်ချုပ်၊ ကျောက်စီ၊ ကြယ်ခတ် စသည်ဖြင့် ကဏ္ဍများစွာဖြင့် ပတ်သက်ပါဝင်နေသည့် လုပ်ငန်းဖြစ်သည်။ ရွှေချည်ထိုးပန်းချီကား၏ အရွယ်အစားအသေးအကြီးကိုလိုက်ကာ ပြုလုပ်ရသည့် အချိန်ကြာမြင့်မှု ကွာခြားသွားသည်။ တစ်ပေပတ်လည် ကားသေးလေးများအတွက် တစ်ရက်တာအတွင်း ပြီးစီးနိုင်သည်။ ရုံးဧည့်ခန်းများတွင် အလှချိတ်ထားသည့်ပုံများအတွက် တစ်ပတ်မှတစ်လအတွင်း အချိန်ပေးရသည်။ ပုံကြီးလျှင်ကြီးသလို အချိန်ပေးရသည်။ ဈေးနှုန်းများမှာလည်း ထိုနည်းတူဖြစ်သည်။ ရောင်းတန်းပြုလုပ်ထားသည့် ပုံထက် သီးသန့်မှာသည့်ပုံက ဈေးကြီးသည်။ ဇာတ်ကြီးဆယ်ဘွဲ့ပုံများ၊ မြန်မာ့ခလေ့ထုံးတမ်းစဉ်လာသရုပ် ဖော်ပုံများ၊ ဗုဒ္ဓဝင်၊ ရာဇဝင်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ရှေးခေတ်စစ်ချီ၊ စစ်တက်၊ စစ်ထိုးနေသည့်ပုံများ၊ ရာသီပွဲ သဘင်၊ သဘာဝရှုခင်းပုံကိုအများဆုံးအပ်နှံကြသည်။

### မန္တလာမှရွှေချည်ထိုး

မန္တလေးမြို့မှ ရွှေချည်ထိုးလုပ်ငန်းများတွင် ပန်းချီကားများရေးဆွဲခြင်း၊ ရှင်ပြုပွဲများတွင်အသုံးပြုရန် မောင်ရင်လောင်းပုဆိုး၊ စလွယ်အမျိုးမျိုး၊ ခေါင်းပေါင်း၊ နားသမင်္ဂလာအတွက် မာလိကာတန်ဆာ၊ ခေါင်းဆောင်းသည့် စည်းပုံအမျိုးမျိုး၊ မကိုဋ်များ၊ ဇာတ်သဘင်နှင့် ဝင်းခင်းလှည့်လည်သည့် အခမ်းအနားများအတွက် နတ်၊ သိကြားမင်း အဝတ်တန်ဆာ၊ ဝန်ကြီး၊ ဝန်ကလေး၊ အမတ်များဆောင်းသည့် ဖော့လုံး၊ ဗောင်း၊ မှူးကြီးမတ်ရာ ဝတ်ရုံအင်္ကျီ၊ ရုပ်သေးရုပ် အဝတ်တန်ဆာတို့ကို ပြုလုပ်ပေးကြသည်။ အခါအခွင့်ကြုံလျှင်ဖြင့် မျက်ပါးရပ်တွင်ရှိနေသည့် အလုပ်ရုံများသို့လည်း နောက်ထပ်ဝင်ရောက်လေ့လာ မှတ်တမ်းပြုသွားရမည်ဟုစဉ်းစားရင်း မန္တလာမှ ရွှေချည်ထိုးလုပ်ငန်းအကြောင်းကို အဆုံးသတ်လိုက်ရပါသည်။

(ဆောင်းပါးရေးသားနိုင်ရေးအတွက် အကူအညီပေးပါသော စိန်မြင့်မြန်မာမှု အနုပညာလုပ်ငန်းမှ ဆရာဦးစိန်မြင့်အား အထူးကျေးဇူးတင်ပါသည်)

## ပုသိမ်မြို့သမဝါယမသင်တန်းကျောင်း (မြက်တိုရပ်ကွက်) တွင် သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

ပုသိမ်မြို့၊ သမဝါယမသင်တန်းကျောင်း (မြက်တိုရပ်ကွက်)တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်လျက် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းတစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ အဆိုပါသင်တန်းသို့ မြို့ပေါ်ရှိ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ရေခဲချောင်းထုတ်လုပ်ရောင်းချသူများ၊ဖျော်ရည်ဆိုင်များ၊ အသေးစားမုန့်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ လူငယ်လူရွယ်များစုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်စေရန်သာမက ဆင်းရဲနွမ်းပါးမှုလျှော့ချ၍မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည့်အပြင် ပြည်သူလူထုအတွင်း နည်းပညာများပျံ့နှံ့စေပြီး သွင်းကုန်အစားထိုးလုပ်ငန်းများအဖြစ် စီးပွားဖြစ်ထုတ်လုပ်နိုင်စေရန် သင်တန်းများကိုဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးစိုးနိုင်ထူးက ပြောပါသည်။

စားသောက်ကုန်လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့လုပ်ငန်းများတွင် အသုံးပြုသော ဆိုးဆေးများ အသုံးပြုရာတွင် ခွင့်ပြုထားသော ဆိုးဆေးများကိုသာ အသုံးပြု၍ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ဓာတုဗေဒပစ္စည်းများ၏ အသုံးပြုပုံအချိုးအစားကို မှန်ကန်စွာ သိရှိနားလည်စေရန်၊ အန္တရာယ်ကင်းသော စားသောက်ကုန်များထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အထောက်အကူပြုစေရန်၊ မိမိတို့နိုင်ငံတွင် သဘာဝမှ ဖန်တီးပေးထားသော ရာသီအလိုက်ထွက်ရှိနေသည့် သီးနှံမျိုးစုံကို တာရှည်ခံနည်းပညာများဖြင့် စနစ်တကျ ထုတ်လုပ်၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်စေရန်နှင့် ပြည်ပမှတင်သွင်းလာသော စားသောက်ကုန်စည်များနေရာတွင် ကျန်းမာရေးနှင့်ညီညွတ်သော ပြည်တွင်းဖြစ် စားသောက်ကုန်များဖြင့် အစားထိုးသုံးစွဲနိုင်ရန် ရည်ရွယ်၍ ယခုလို သင်တန်းများဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## ကယားပြည်နယ် အခြေပြုအားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် အောက်ခြေ ဆပ်ကော်မတီများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကယားပြည်နယ် အခြေပြုအားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် အောက်ခြေဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လွိုင်ကော်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်နယ် ဦးစီးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဒုတိယဦးစီးမှူး၊ ITC National Project Assistance လွိုင်ကော်(ရုံးခွဲ)မှ လက်ထောက်စီမံကိန်းညှိနှိုင်းရေးမှူး၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များ စုစုပေါင်း ၂၃ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးရာ၌ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်သစ်များကို ဖော်ဆောင်ခြင်း၊ ရှိပြီးခရီးစဉ်များကို သဘာဝအလှမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်မည့် အစီအမံများ၊ ကယားပြည်နယ်၏ အမှတ်တရကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်သည့်အခါတွင် အဆင်ပြေချောမွေ့ရေး၊ ခရီးသွားများအသွားအလာများသည့်နေရာများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် စီစဉ်ဆောင်ရွက်ရေး၊ ကယားပြည်နယ်ခရီးသွားလုပ်ငန်းအတွက် ဇုန်ကြေးသတ်မှတ်ပြီး ပြည်နယ်ဖွံ့ဖြိုးရေးနေရာများတွင် အသုံးပြုရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအား ကော်မတီအဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရေး၊မကြာမီ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နှင့် အမှာညီမမြို့တော်အဖြစ် သဘောတူလက်မှတ်ရေးထိုးရန်ရှိသဖြင့် ခရီးသွားကုမ္ပဏီလုပ်ငန်းအပြင် ကုန်သွယ်မှုလုပ်ငန်းများပါ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဌာနဆိုင်ရာအသီးသီးနှင့် လုပ်ငန်းရှင်အဖွဲ့အသီးသီးက ပူးပေါင်းဆောင်ရွက်ရေး၊ စည်းကမ်းရှိသောတာဝန်သိသောခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်သွားရေး စသည့်ကိစ္စများကိုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဗညားထက်(MyanTrade)လွိုင်ကော်**



## မုဒုံမြို့တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ မုဒုံမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာအသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ "ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေးပွဲ"ကို ဖေဖော်ဝါရီ ၂၂ ရက်က မုဒုံမြို့နယ်၊ ရွှေဟသာ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မုဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က အမှာစကားပြောကြားခဲ့ပြီး မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအားရှင်းလင်းခဲ့ပါသည်။ ဆက်လက်၍ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက "စီးပွားရေးဖွံ့ဖြိုး မှုအနည်းဆုံးနိုင်ငံများ၏ လက္ခဏာရပ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က "စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းသိကောင်းစရာနှင့်ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် စားသုံးသူအခွင့်အရေးများ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲတာဝန်ခံဒုတိယဦးစီးမှူး ဦးနေဇင်သက်က "ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာသိကောင်းစရာများနှင့်ဘေးဥပဒ်အန္တရာယ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မုဒုံမြို့နယ်အတွင်းရှိ ဆရာ/ဆရာမများ၊ ဒေသခံရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com
(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဗြဲရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.9 Monday February 27 2017

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

**၂၇-၂-၂၀၁၇ မှ ၅-၃-၂၀၁၇ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အောင်မြင်ပြီး၊ မော်တော်ကား၊ ယာဉ်၊ အိမ်ခြံမြေတို့ ဝင်တတ်သည်။ အမွေအနှစ် ရရှိတတ်သည်။ လက်အောက်ငယ်သားလုပ်ဖော်ကိုင်ဖက်များကြောင့် သောကဖြစ်ရတတ်သည်။ လူလိမ်ခံရတတ်သည်။ ကျန်းမာရေး အနည်းငယ်ညံ့တတ်သည်။ အပူကြောင့်ဖြစ်သောဝေဒနာခံစားရမှုရှိလိမ့်မည်။ ပညာရေး သင့်တင့်မှုရှိနေမည်။ အိမ် ထောင်ရေးတွင် အနစ်နာခံ၍ ပြုစုမှုများ ရှိနေတတ်သည်။ ငယ်ရွယ်သူများအနေဖြင့် ချစ်သူ ရည်းစားရတတ်သည်။ **ယတြာ။ ။အုန်းဆွမ်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** အစစအရာရာ လုပ်ငန်းများအား လုပ်ဆောင်ရာတွင် ဝီရိယလျော့နည်းနေတတ်သည်။ လုပ်ငန်းယှဉ်ပြိုင်ဘက် အတိုက်အခံများပေါ်တတ်သည်။ ၎င်းတို့ကြောင့် မိမိ၏လုပ်ငန်းများတိုးတက်မှုရတတ်သည်။ နည်းလမ်းအမျိုးမျိုးမှ ဝင်ငွေရတတ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ ပညာရေးကောင်းမည်။ ကျန်းမာရေး ကောင်းနေမည်။ မမျှော်လင့်ဘဲ ထိခိုက်ဒဏ်ရာရတတ်သည်။ အချစ်ရေးကံကောင်းနေမည်။ အိမ်ထောင်ရေးတွင် စည်းစိမ်တိုးတက်မှုရှိနေမည်။ **ယတြာ။ ။ထောပတ်ထမင်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်များ တိုးတက် အောင်မြင်မည်။ အကျိုးအမြတ် ထိုက်ထိုက်တန်တန်ရမည်။ လူနေမှုအဆင့်အတန်းမြင့်မား၍ ထင်ပေါ်ကျော်ကြားမည်။ လူကြီးသူမများ၏ မျက်နှာသာပေးခြင်းခံရမည်။ အရည်အချင်း တိုးတက်မည်။ စည်းစိမ်တိုးမည်။ မိတ်ဆွေအပေါင်းအသင်းများ၏ ရိုသေလေးစား ခြင်းခံရမည်။ ပညာရေးထူးချွန်မှုများမည်။ ကျန်းမာရေးအနေဖြင့် အစာမကြေရောဂါ ရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကောင်းနေမည်။ **ယတြာ။ ။ပဲထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဘာသာရေးလုပ်ငန်း၊ အဓိဋ္ဌာန်လုပ်ငန်းများပျက်ကွက်တတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် မိမိကိုယ်တိုင် ဝီရိယနှင့်ကြိုးစားအားထုတ်မှုတို့ကြောင့် လုပ်ငန်းများအောင်မြင်ကျော်စောမှုများရှိနေတတ်ပါသည်။ မျှော်မှန်း တွက်ချက်လုပ်ကိုင်ရသော လုပ်ငန်းများမှ ငွေကြေးရတတ်ပါသည်။ ပညာရေးတွင် အားမလိုအားမရဖြစ်တတ်သည်။ ကျန်းမာရေး ကောင်းသော်လည်း၊ အရေပြားနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။ အချစ်ရေးတွင် အခက်အခဲ ကျော်လွှားနိုင်မည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်နှင့် အဆင်မပြေရှိတတ်သည်။ **ယတြာ။ ။ဒံပေါက်ထမင်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းစီးပွားရေး ပုံမှန်လည်ပတ်နိုင်ရန် ဝီရိယစိုက်ထုတ်ရမည်။ ဝန်ထမ်းများ ရာထူးတိုးတက်ကိန်းရှိသည်။ ယခင်နှောင့်နှေးနေသောလုပ်ငန်းများ မိမိ၏ကြိုးစားအားထုတ်မှုကြောင့် အဆင်ပြေလာမည်။ ဝင်ငွေတိုးကိန်း ရှိသည်။ ငွေကြေး၊ အသုံးအဆောင်၊ ပစ္စည်းများ၊ ပျောက်ဆုံးတတ်သည်။ ပညာရေးတိုးတက်ကောင်းမွန်မည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုများသော ဝေဒနာ ခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်သော အနေ အထားရှိနေတတ်ပါသည်။ **ယတြာ။ ။သာကူသကြားနှင့်တွဲ၍လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းခွင်တွင် စကား အခြေအတင်ပြောရကိန်းရှိသည်။ အလုပ်အကိုင် အခွင့်အလမ်းများပွင့်လင်းလာမည်။ ပညာရေးကြိုးစားအားထုတ်မှု လျော့နည်းနေတတ်သည်။ လုပ်ငန်းများကို တည်တည်ငြိမ်ငြိမ်ဆောင်ရွက်လျှင် အကျိုးအမြတ် ခံစားရမည်။ ကျန်းမာရေး အနည်းငယ်ချူချာတတ်သည်။ သွေး၊ လေတို့နှင့်ပတ်သက်သောရောဂါ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် ပျော်ရွှင်ငြိမ်းချမ်းမှုများရမည်။ အိမ်ထောင်ရေးတွင် အဆင်ပြေမှုများကြုံမည်။ **ယတြာ။ ။ဆန္ဒင်းမကင်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အကြီးအကဲတို့၏ မစကူညီမှုများရတတ်သည်။ သစ္စာရှိသော မိတ်ဆွေကောင်းများ၏ ပံ့ပိုးကူညီခြင်းကြောင့် လုပ်ငန်းများ တိုးတက်အောင်မြင်မည်။ ရန်နှင့်ယှဉ်၍ ငွေဝင်ကိန်းရှိသည်။ ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးတွင် လိမ္မာပါးနပ်ရန်လိုသည်။ ပညာရေး ကြိုးစားအားထုတ်ရမည်။ ကျန်းမာရေးအနေဖြင့် အကျိတ်အဖု ထွက်ခြင်း၊ သွေးစုနာသဘောမျိုး အနာရောဂါဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေတတ်ပါသည်။ **ယတြာ။ ။သီးစုံကိတ်လှူပါ။**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် နွေစပါးဧကေ ငါးသိန်းကျော် စိုက်ပျိုးမည်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် နွေစပါးကို ဆည်ရေ၊ မြစ်ရေတင် မြေအောက်ရေ စသည့် ရေသောက်နည်းလမ်းသုံးသွယ်ဖြင့် ဧကငါးသိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများထံမှ သိရှိရပါသည်။ ပျိုးထောင်ရန်နှင့် စိုက်ခင်းများ ထွန်ရေးဝင်နိုင်ရန် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ သဖန်းဆိပ်ဆည်မှ ရေများစတင်ပေးဝေခဲ့သဖြင့် ယခုအခါ ရေဝင်မြို့နယ်များဖြစ်သည့် ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ကန့်ဘလူ၊ ကျွန်းလှနဲ့ ဒီပဲယင်းမြို့နယ်များမှာ နွေစပါးဧကလေးသောင်းကျော် စိုက်ပျိုးပြီးပြီလို့ သိရပါတယ်။ သဖန်းဆိပ်ဆည်ရဲ့ ရေလက်ကျန်မှာ ဧကပေ သိန်း ၂၀ကျော်ကျန်ရှိနေပြီး ယခင်နှစ်ကာလတူထက် ပိုတယ်လို့ သိရပါတယ်။ လက်ရှိစပါး/ဆန်ဈေးမှာ ရောင်းသူပျော် ဝယ်သူတွက်ချေကိုက်ဖြစ်နေလို့ နွေစပါးကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်မည်ဟု ယူဆရကြောင်း တန့်ဆည်မြို့နယ်၊ ဗိုလ်မြရပ်ကွက်မှ တောင်သူတစ်ဦးက ပြောပြပါတယ်။ ယခင်နှစ်က နွေစပါးကို ရာသီကုန်ချိန်မှာ ဧက ၃ ဒသမ ၆သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။

**အောင်မင်း(တန့်ဆည်)**



# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၁/ ၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက ၂၀၁၆ ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ အစည်းအဝေး (၃/ ၂၀၁၆) ကို "Video Conference" စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ပါကြောင်း၊ ၎င်းအစည်းအဝေး၌ မိမိတို့ပြည်နယ်၊ မိမိတို့ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုများကို တင်ပြခဲ့ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးအသင်းဖွဲ့စည်းခြင်း အခြေခံပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာပြည်သူများသာမက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် အပါအဝင် တပ်ရင်း/တပ်ဖွဲ့များတွင် ဆွေးနွေးဟောပြောပွဲများ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဈေးများ၊ လက်လီ/လက်ကားဆိုင်များ၊ ကုန်ထုတ်လုပ်ငန်းများသာမက အထိမ်းအမှတ်ပွဲများဖြစ်သည့် ပြည်ထောင်စုနေ့ဈေးရောင်းပွဲ ထမနဲပွဲတွင် စစ်ဆေးမှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ FDAနှင့်ပူးပေါင်း၍ ဈေးများတွင် စားသောက်ကုန်များ ချက်ချင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ ၂ ရပ်၏ ၄/၂၀၁၆ အစည်းအဝေးဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြခဲ့သည်။

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် တားမြစ်ထားသည့် ရေသန့်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ရေသန့်များအား ဆက်လက် ထုတ်လုပ်ဖြန့်ဖြူးခြင်း မပြုကြရန် လက်မှတ်ရေးထိုးစေမည်ဖြစ်ပြီး၊ တားမြစ်ထားသော ငရုတ်သီးမှုန့်များအား ဈေးကွက်အတွင်း ဆက်လက် ရောင်းချခြင်းမရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ခင်ကြည်**

# လားရှိုးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၌ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်း ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က လားရှိုးမြို့၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရွှေသံလွင်ခန်းမ၌ ဖွင့်လှစ် သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းမှ သင်တန်းသား/သူ ၉၇ ဦးတို့ကို စားသုံးသူအကာအကွယ်ပေးရေးနှင့် စားသုံးသူတို့၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏တာဝန်များ၊ တားမြစ်ချက်များနှင့် စားသုံးရန်မသင့်သော အစားအစာများ၊ အေးခဲအသားနှင့်ပင်လယ်စာများ ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့် အချက်များစသည်တို့အား အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**



# မြို့ကြီးများ၏ ၂၇-၂-၂၀၁၇ မှ ၃-၃-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၇-၂-၂၀၁၇) | အင်္ဂါ(၂၈-၂-၂၀၁၇) | ဗုဒ္ဓဟူး(၁-၃-၂၀၁၇) | ကြာသပတေး(၂-၃-၂၀၁၇) | သောကြာ(၃-၃-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F |
| ရန်ကုန်မြို့ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| မန္တလေးမြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၄°F |
| လားရှိုး | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F |
| ကျိုင်းတုံ | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| လွိုင်ကော် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| တောင်ကြီး | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၇°F |
| ဘားအံ | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F |
| မုံရွာ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F |
| မြိတ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| စစ်တွေ | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မကွေး | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| ဖလမ်း | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |



## တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် အအေးလှိုင်းများ ဖြတ်သန်း ၁၅ နှစ်အတွင်း အပူချိန်များ စံချိန်တင်ကျဆင်း

တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် အအေးလှိုင်းများ ဖြတ်သန်းကျရောက်လျက်ရှိရာ ၁၅ နှစ်အတွင်း အပူချိန်များ စံချိန်တင်ကျဆင်းခဲ့ကြောင်း ကိုရီးယား ဟာရယ်လ်သတင်းတွင် ဖော်ပြထားသည်။

အအေးလှိုင်းဖြတ်သန်းမှုကြောင့် ဂျေဂျူးလေဆိပ်တွင် နှင်းများ ထူထပ်စွာကျဆင်းလျက်ရှိသည်ဟု ဆိုသည်။

ယခုကဲ့သို့ အအေးလှိုင်းများ ဖြတ်သန်းကျရောက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ယခုနှစ် ဆောင်းရာသီသည် အအေးဆုံးနှစ်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များအရ ယခုနှစ် တောင်ကိုရီးယား၏ ဆောင်းရာသီအပူချိန်သည် အနုတ် ၁၈ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ရောက်ရှိနေပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အအေးဆုံးသော နှစ်တစ်နှစ်ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် Gyeonggi ပြည်နယ်ရှိ ဒေသအားလုံးသည်လည်း ဆိုးလ်မြို့ကဲ့သို့ပင် အပူချိန်များ လွန်ကဲစွာကျဆင်းလျက်ရှိပြီး ခြောက်နှစ်အတွင်း အဆိုးရွားဆုံးသော အပူချိန်ကျဆင်းမှုပင်ဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံ မိုးလေဝသဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆီးနှင်းများ အဆက်မပြတ် ထူထပ်စွာကျဆင်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ဂျယ်ဂျူဒိုလေဆိပ်တွင် လေယာဉ်ခရီးစဉ်များအားလုံးကို ဖျက်သိမ်းခဲ့ရသည်။

ဂျယ်ဂျူဒိုဒေသတွင် ဆီးနှင်းများ ကျဆင်းမှုသည် ၁၁ စင်တီမီတာအထိရောက်ရှိခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်ဟု ဆိုသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုနှင့် လေပြင်းများ တိုက်ခတ်မှုများကြောင့် ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် မော်တော်ယာဉ်တိုက်မှုများ အများအပြားဖြစ်ပေါ်ခဲ့ရကြောင်း ကိုရီးယား ဟာရယ်လ်သတင်းတွင် ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ကိုရီးယားနိုင်ငံသား အများအပြားသည် အအေးလွန်ကဲခြင်းကြောင့် ဖြစ်တတ်သည့်ရောဂါများကြောင့် ဆေးရုံများတွင် တက်ရောက်ကုသနေရသည်ဟု ဖော်ပြထားသည်။

**မယ်သီတာ**

## ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ အရှေ့ပိုင်းပြည်နယ်များတွင် အအေးလှိုင်းများနှင့်အတူ မိုးသက်မုန်တိုင်းများပါ တိုက်ခတ်

ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ အရှေ့ပိုင်းပြည်နယ်များတွင် ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်ကာ အအေးလှိုင်းများ ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း၊ အအေးလှိုင်းများနှင့်အတူ မိုးသက်မုန်တိုင်းများပါ တိုက်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ရေးသားဖော်ပြထားသည်။

အအေးလှိုင်း ဖြတ်သန်းတိုက်ခတ်မှုနှင့် မိုးသက်မုန်တိုင်း တိုက်ခတ်မှုကြောင့် အဆိုးရွားဆုံး ထိခိုက်ခဲ့သည့်ဒေသမှာနိုင်ငံအရှေ့ပိုင်းရှိ Riyadh မြို့ဖြစ်သည်ဟု ဆိုသည်။

အရှေ့အလယ်ပိုင်းဒေသ၏ မိုးလေဝသအခြေအနေမှာ ပြီးခဲ့သည့်ရက်သတ္တပတ်နှင့်နှိုင်းယှဉ်ပါက ပိုမိုဆိုးရွားသည့် အခြေအနေတွင် ရောက်ရှိနေကြောင်း၊ အအေးလှိုင်းဖြတ်သန်းမှုနှင့်အတူ မိုးသက်မုန်တိုင်းပါ တိုက်ခတ်ခဲ့သဖြင့် ပြည်သူများမှာ ရာသီဥတုအဆိုးရွားဆုံး အခြေအနေများကို ရင်ဆိုင်နေရကြောင်း ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ မိုးလေဝသနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူဟူစိန်အယ်ကာထာနီက အာရပ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ အရှေ့ပိုင်းပြည်နယ်များတွင် နေ့အပူချိန်များပါ ကျဆင်းလျက်ရှိပြီး နေ့အပူချိန်များမှာ ၁၈ ဒီဂရီဆဲလ်ဆီးယပ်စ်မှ ၁၉ ဒီဂရီဆဲလ်ဆီးယပ်သာ ရှိတော့ကြောင်း၊ ထို့ပြင် မိုးသက်မုန်တိုင်းများကြောင့် သဲများ၊ ဖုန်မှုန့်များပါ လေထုနှင့်အတူ လွင့်စင်ပါလာသည့်ဒဏ်ကို ပြည်သူများ ခံစားနေရကြောင်း၊ ညအပူချိန်မှာ ၉ ဒီဂရီဆဲလ်ဆီးယပ်စ်သာရှိတော့ကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

ယခုအအေးလှိုင်းဖြတ်သန်း၍ အပူချိန်များကျဆင်းနေသည့် ဒေသတစ်ခုတွင် အပါအဝင်ဖြစ်သည့် Asir ဒေသ၏ ပုံမှန်နေ့အပူချိန်သည် ၂၅ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်က ၂၂ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ကျဆင်းခဲ့ကြောင်း၊ ယခုရက်ပိုင်းတွင်လည်း အဆိုပါဒေသတွင် အပူချိန်များ ဆက်လက်ကျဆင်းလျက်ရှိရာ ၉ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နေ့အပူချိန်များ ဆက်လက်ကျဆင်းလာမည်ကိုစိုးရိမ်လျက်ရှိကြောင်း အာရပ်သတင်းတွင် ဖော်ပြထားသည်။

အအေးလှိုင်း ဖြတ်သန်းမှုနှင့် မိုးသက်မုန်တိုင်း ကျရောက်မှုကြောင့် အနည်းဆုံး ၁၀ ဦး ဒဏ်ရာရရှိခဲ့ပြီး ကား ၁၀၄ စီး ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

**မယ်သီတာ**

# တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် အစည်းအဝေး(၆/၂၀၁၇) ကျင်းပ



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၀ ရက်က ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ရာ ယခုအစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ကြောင်း၊ အဖွဲ့အစည်းတစ်ဖွဲ့တွင် တကယ်လုပ်ငန်းလုပ်ချင်သူသည် အဖွဲ့အစည်းရဲ့အားနည်းချက်ကြောင့် အလုပ်လုပ်မရတာတွေ ရှိနေတတ်ပါကြောင်း၊ အဖွဲ့အစည်းများ၊ ကော်မတီများ ဖွဲ့စည်းပြီးပါက အကောင်အထည်ပေါ်အောင် တကယ်အလုပ်လုပ်ရန် လိုအပ်ပါကြောင်း၊ တောင့်တင်းခိုင်မာသည့်ကော်မတီဖြစ်ဖို့ အရေးကြီးပါကြောင်းနှင့် Function ဖြစ်ရန် လိုအပ်ပါကြောင်း၊ လက်တွေ့ဆောင်ရွက်မှု အပိုင်းများကိုလည်း တင်ပြပေးရန် လိုအပ်ကြောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင်လည်း အရေးယူ ဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မှုအားနည်းပါက စားသုံးသူထိခိုက်နစ်နာနိုင်ပါကြောင်း၊ နယ်စပ်ဒေသများနှင့်နီးစပ်၍လည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများကို အဓိကထားပြီးစစ်ဆေးပေးရန် လိုအပ်ကြောင်း၊ တစ်လဘယ်နှစ်ကြိမ် သုံးလဘယ်နှစ်ကြိမ် လုပ်နိုင်သည်ကို တင်ပြရန်နှင့် လူအင်အားကို လိုအပ်ပါကလည်း တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ မိမိဌာနမှ ဝန်ထမ်းများ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူများကိုလည်း ဆုချီးမြှင့်သွားရန်လိုကြောင်းနှင့် အဖွဲ့အစည်းတွင် ပါဝင်သူအားလုံးက အကြံဉာဏ်များပေးကြပါရန် ပြောကြားသွားပါသည်။

ဆက်လက်၍ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြသန်းက ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းရာတွင် ထည့်သွင်းဖွဲ့စည်းသင့်သည့် ဌာနများ၊ အသင်းအဖွဲ့များစာရင်းကို အဆိုပြုခြင်း၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာ တင်ပြခြင်း၊ စတုတ္ထ သုံးလပတ်လုပ်ငန်းစီမံချက်တင်ပြခြင်း၊ ဈေးကွက်အတွင်း Aflatoxin B1 ပါဝင်သော ငရုတ်သီးမှုန့်ရောင်းချခြင်းမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုနှင့် အန္တရာယ်ကင်းသော စားသောက်ကုန်များ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေးတို့ကို ဆွေးနွေးခြင်းအပြင် စားသုံးသူကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို အခြေခံပညာကျောင်းများ စာမေးပွဲများဖြေဆိုနေ၍ တပ်ရင်းတပ်ဖွဲ့များတွင် ဟောပြောပွဲများ ဆောင်ရွက်သွားမည့် အကြောင်း၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရေသန့်လုပ်ငန်းများနှင့် လက်ကားကုန်သည်ကြီးများ၏ ကုန်လှောင်ရုံများ၊ အလုပ်ရုံများတွင် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်သွားမည့်အကြောင်း ဆွေးနွေးတင်ပြခဲ့ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် GAP၊ GMP၊ HACCP သင်တန်းများကိုလည်း ဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်မည့်အကြောင်းနှင့် ရှမ်းပြည်နယ်စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကိုလည်း ဖွဲ့စည်းသွားမည့်အကြောင်း အကျယ်တဝင့်ဆွေးနွေးသွားခဲ့ကြောင်း သတင်းရရှိပါသည်။ **စောမောင်(တောင်ကြီး)**



## လားရှိုးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၁/၂၀၁၇)အစည်းအဝေးပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၁/၂၀၁၇) အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်က လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးကောင်းစံလင်းနှင့် မိတ်ဖက်အဖွဲ့များ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ယခင်တစ်ပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များစသည်တို့ကို အသီးသီးဆွေးနွေးခဲ့ကြပါသည်။ **အောင်ကျော်မြင့်(လားရှိုး)**

## မြောင်းမြပညာရေးကောလိပ် ပညာသီရိခန်းမတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်နှင့် ဦးစီးအရာရှိ ဦးစောမိုက်ကယ်တို့သည် မြောင်းမြပညာရေးကောလိပ်ပညာသီရိခန်းမတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများနှင့် သင်တန်းသားဆရာ၊ ဆရာမများ စုစုပေါင်း ၄၀၇ ဦးတို့အား ဖေဖော်ဝါရီ ၂၁ ရက်က စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ သိကောင်းစရာများအား လည်းကောင်း၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ **ဇော်မင်း(မြောင်းမြ)**

## ပုသိမ်ကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးဆောင်၍ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးက စားသုံးသူရေးရာဦးစီးဌာနမှ ယခုလိုအများပြည်သူများအတွက် အသိပညာပေးဟောပြောသည့် လုပ်ငန်းမှာ ဇီဝိတဒါနဖြစ်၍ စားသုံးသူ ပြည်သူများအတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်းနှင့် တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များအနေနှင့်လည်း စီးပွားရေးလုပ်ဆောင်ရာတွင် မိမိတို့၏ ကိုယ်ကျိုးတစ်ခုတည်းအတွက် မကြည့်ဘဲ စားသုံးသူပြည်သူများ၏ အကျိုးကိုကြည့်၍ လုံခြုံစိတ်ချရမှုရှိသည့် စားသောက်ကုန်များကို ထုတ်လုပ်စေချင်ပါကြောင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦးက မြန်မာနိုင်ငံ၏ စားသုံးသူအကာ အကွယ်ပေးရေးဥပဒေသည် အခြားအိမ်နီးချင်းနိုင်ငံများထက် နောက်ကျစွာ ရေးဆွဲပေါ်ပေါက်လာခဲ့သည့်အတွက် စားသုံး ရန်မသင့်သည့် အစားအစာကုန်ပစ္စည်းများဝင်ရောက်လာ၍ နိုင်ငံသားများ မဖြစ်သင့်သည့် ရောဂါပေါင်းစုံများ ပေါ်ပေါက်လာပုံများကို ဥပမာများနှင့် ဆွေးနွေးပါသည်။ ထို့နောက် ဦးစီးမှူး ဦးဇော်မင်းက "စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ"ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြော ဆွေးနွေးရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ခရီးသွား ဝန်ဆောင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ဝန်ဆောင်မှုများ၊ ကြော်ငြာများ၊ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ လက်တွေ့ဘဝတွင် နစ်နာဆုံးရှုံးမှုများကို ဥပမာပြ ရှင်းလင်းကာ တိုင်ကြားနိုင်သည့် အချက်အလက်များအား အဓိကထား၍ ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါတယ်။ မိတ်ဖက်ဌာနများ ဖြစ်သော ပုသိမ်ကြီးမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လက်ထောက်ကျန်းမာရေးမှူး ဦးမြင့်နိုင်က အစားအသောက်နှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ထားထားလွင်က ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များအကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ပုသိမ်ကြီးမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်းအင်အား ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**နေခြည်ဦး-စားသုံးသူ(မန္တလေး)**

## ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာတွင် ကျင်းပသော သစ်သီးဝလံ စားသောက်ကုန်ထုတ် သင်တန်း၌ စားသုံးသူရေးရာအကြောင်း သိကောင်းစရာများ ဟောပြော

ကျေးလက်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် လူမှုဘဝ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးကြပ်ဖွင့်လှစ်သော သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်ငန်းနည်းပညာပေးသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ရက်အထိဖွင့်လှစ်ခဲ့ရာ ဒေသခံသင်တန်းသား၊ သင်တန်းသူ ၃၅ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

အဆိုပါသင်တန်းသို့ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး၊ ဦးမြင့်စိုးနှင့် မြို့နယ်တာဝန်ခံတို့က ဖေဖော်ဝါရီ ၁၅ ရက်တွင် စားသုံးသူရေးရာ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ဟောပြောခဲ့ကြပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရပါသည်။

ယင်းသင်တန်းတွင် သင်တန်းနည်းပြများက ဒေသထွက် သစ်သီးဝလံများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် သဘော်၊ ခရမ်းချဉ်၊ဂွေးသီးယိုထုတ်နည်းများ၊ ကျောက်ဖရုံ၊ မရမ်း၊ သရက်သီးယိုထိုးနည်းများ၊ ဆီးယို၊ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ရှောက်/သံပုရာသီးဖျော်ရည်၊ ရှားစောင်းလက်ပတ်ဖျော်ရည်ပြုလုပ်နည်းများ၊ ခရမ်းချဉ်သီးဆော့၊ သစ်သီး ဂျယ်လီမျိုးစုံနှင့် စပျစ်ဝိုင်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပြသခဲ့ကြောင်း သိရှိရပါသည်။ **ထွန်းလှိုင်(မုံရွာ)**

# ပုသိမ်လေတပ်စခန်းနှင့် အမှတ်(၆) စစ်အခြေခံလေ့ကျင့်ရေးတပ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့်ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်တို့သည် ဖေဖော်ဝါရီ ၁၅ ရက်က ပုသိမ်လေတပ်စခန်းဌာနချုပ်မှ ခေတ္တဒုတိယဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီးညွန့်နွယ်၊ တပ်ရင်း၊ တပ်ဖွဲ့(၆)ဖွဲ့မှ အရာရှိများ၊ စစ်သည်များ၊ ရဲမေများ၊ အိမ်ထောင်စုဝင်များ စုစုပေါင်း ၂၂၈ ဦးအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကားပြောကြား၍ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ၊ ဆိုးဆေးပါဝင်သော အန္တရာယ်ရှိ စားသောက်ကုန်စည်များ၊ စားသုံးရန်မသင့်သော အစားအစာများ၊ ရက်လွန်မုန့်များ ဆေးဝါးများအပြင် FDA မှတားမြစ်ထားသော အစားအသောက်၊ လူသုံးကုန်များနှင့် စားသုံးသူအသိပညာပေး သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြောပြီး စားသုံးသူဥပဒေဆိုင်ရာ စာစောင်များ၊ လက်ကမ်းစာစောင်များနှင့် စားသုံးသူအကာအကွယ်ပေးရေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေး ခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပုသိမ်မြို့ ရွှေမြင်တင် အမှတ်(၆)စစ်အခြေခံလေ့ကျင့်ရေးတပ်ရှိ ဘုရင့်နောင်ခန်းမ၌ လေ့ကျင့်ရေးတပ်၊ နည်းပြအရာရှိချုပ် ဒုတိယဗိုလ်မှူးကြီး နိုင်လင်းနှင့် အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည် ၂၃၉ ဦးအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောပွဲပြီးဆုံးချိန်တွင်လည်း စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များ၊ စားသုံးသူဥပဒေဆိုင်ရာ စာစောင်များနှင့် စားသုံးသူအကြောင်း သိကောင်းစရာ သတင်းဆောင်းပါး၊ ဂျာနယ်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**



# ပျဉ်းမနားမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန (ရုံးချုပ်)မှ ဦးစီးပြီး ဒက္ခိဏခရိုင်၊ ဥတ္တရခရိုင်နှင့် စားသုံးသူရေးရာ ဦးစီးဌာနရုံးတို့ပူးပေါင်း၍ နေပြည်တော် ပြည်ထောင်စုနယ်မြေဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ပျဉ်းမနားမြို့၊ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပ ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီဝင်ဦးအေးမောင်စိန်ဦးဆောင်၍ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် စားသုံးသူရေးရာ ဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေခရိုင်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အသင်းအဖွဲ့များ၊ စားသုံးသူပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား လည်းကောင်း၊ မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂ အတွင်းရေးမှူး ဦးမောင်မောင်က စားသုံးသူများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ နိုင်ငံတကာ အတွေ့အကြုံများနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများအား လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူများ၏အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေအရ ဗဟိုကော်မတီဖွဲ့စည်းမှု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး စားသုံးသူများ၏ တင်ပြတိုင်ကြားလာမှုများအပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များမှ စီမံခန့်ခွဲရေး ပြစ်ဒဏ်ဖြစ်သည့် ပုဒ်မ-၁၉ နှင့်အညီဖြေရှင်းခဲ့မှု အခြေအနေတို့အားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလတ်**

# ဇန်းမောက်မြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာ အကွယ်ပေးရေး ဟောပြောပွဲကျင်းပပြီး မြို့နယ်စည်ပင်သာယာရေးဈေးများအား ကွင်းဆင်းစစ်ဆေး

ဇန်းမောက်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံနှင့် မိတ်ဖက်အဖွဲ့များသည် ဇန်းမောက်မြို့နယ်ပင်ပုံနန်းမွန်ကုန်း (အ. လ. က ခွဲ)၊ ရွာသစ် (အ. မ. ကခွဲ)၊ နန်းမုံ(အ. မ. က)၊ ရွှေနှစ်(အ. လ. ကခွဲ)၊ တာကဲ့(အ. မ. က ခွဲ)တို့တွင် ဖေဖော်ဝါရီလအတွင်း စားသုံးသူ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာသူများ စုစုပေါင်း ၇၀၇ ဦးကို စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။



အဆိုပါဟောပြောပွဲတွင် ဇန်းမောက်မြို့နယ်တာဝန်ခံ ဦးမင်းဇော်ဦးနှင့် မိတ်ဖက်အဖွဲ့ဝင်များသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်း၊ စံမမီရောနှောဆီများအကြောင်း၊ ဓာတုဆိုးဆေးများအန္တရာယ်၊ ကြွပ်ကြွပ်အိတ် အန္တရာယ်များအကြောင်း၊ ခွင့်မပြုဓာတုဆိုးဆေးပါ အချိုရည်ဂျယ်လီများနှင့် မုန့်မျိုးစုံများအကြောင်း၊ ပိုးသတ်ဆေးအန္တရာယ်နှင့် ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲရန် အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင် ၇၈ စောင်၊ တားမြစ်စာစောင် ၈၄စောင်၊ စုစုပေါင်း၁၆၂ စောင်ကို ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

ထို့ပြင် မြို့နယ်တာဝန်ခံနှင့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဇန်းမောက်မြို့နယ် စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်ပေါင်း ၂၀ အား နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားသော တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ FDA မှ တရားဝင်ထုတ်ပြန်ထားသော တရုတ်စာတမ်းပါ ခေါက်ဆွဲအစိမ်းထုတ် ၁၀၀ ကို ပြန်လည်သိမ်းဆည်း ဖျက်ဆီးခဲ့သည်။ ထို့နောက် လက်ကမ်းစာစောင် ၂၀၊ တားမြစ်ကုန်စည်ဆိုင်ရာ စာစောင်အစောင်ရေ ၂၀၀ ဖြန့်ဝေ၍ စားသောက်ကုန်များ လုံခြုံစိတ်ချရမှု မရှိသည့် အစားအသောက်များကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် အသိပညာပေးခြင်း၊ တရုတ်စာတမ်းပါ မုန့်များနှင့် ရက်လွန်စားသောက်ကုန်များကို ကုမ္ပဏီသို့ ပြန်သွင်းရန် နောက်တစ်ကြိမ် ပြန်လည်စစ်ဆေးရာတွင် တွေ့ရှိပါကအပြစ်ပေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုင်ပိုင်ရှင်များအား အသိပေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

# မြောင်းမြခရိုင် စတုတ္ထအကြိမ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြောင်းမြခရိုင် စတုတ္ထအကြိမ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်က မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးတိုးလွင်က အထက်ဌာန၏ လမ်းညွှန်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ ဌာနမှ ရှေ့ဆက်လက်ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် ပါဝင်သော ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများဖြစ်သည့် ပညာရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးကော်မတီ၊ တိုင်းရင်းဆေးဦးစီးဌာနများမှ သက်ဆိုင်ရာဥပဒေများက ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပါသည်။

ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဖွဲ့ဝင်ဌာနများအနေဖြင့် ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်၊ ယခုအခါ နွေရာသီကျောင်းပိတ်ချိန်ဖြစ်၍ ဈေး၊ ဈေးတန်းများတွင် နိုင်ငံပိုင်သတင်းစာများ၌ တရားဝင်ထုတ်ပြန်ထားသော အစားအသောက်များ အလှကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းလေ့လာစစ်ဆေးကြရန်၊ ဒေသတွင်း စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။

**ဇော်မင်း(မြောင်းမြ)**

Vol: 17, No.9 Monday February 27 2017

## နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာအမျိုးသမီးများရက်သတ္တပတ်ကို ကျင်းပသွားမည်

နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းအစိုးရအဖွဲ့နှင့် ကမ္ဘောဇအုပ်စုတို့ ပူးပေါင်း၍ မတ်လ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းရက်သတ္တပတ်သည် မတ် ၈ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါရက်သတ္တပတ်သည် ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံတွင်းရှိ မျက်မှောက်ခေတ်နှင့် အနာဂတ်အမျိုးသမီးထုစွမ်းအားကို မြှင့်တင်ရေးအတွက် နိုင်ငံတကာအထိမ်းအမှတ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

Women's Week ရက်သတ္တပတ်တွင် ပညာပေးမှတ်တမ်းရုပ်ရှင် အစီအစဉ်များ၊ ဆွေးနွေးဟောပြောပွဲများ၊ အားကစားစွမ်းရည်ဆိုင်ရာ လှုပ်ရှားမှုများ၊ စာပေဆွေးနွေးပွဲများ အစရှိသည့် မတူညီသောအစီအစဉ်များစွာကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ Women's Week ကျင်းပနေစဉ်အတွင်း နိုင်ငံတကာသံရုံးများ၊ ပုဂ္ဂလိကနှင့် NGO အဖွဲ့အစည်းများက တာဝန်ယူ၍ ပူးပေါင်းဆောင်ရွက်ပေးကြမည်ဖြစ်သည်။

"အမျိုးသမီးတွေရဲ့ အရည်အသွေးတွေကို ပြုစုပျိုးထောင်ပြီး သူတို့ရဲ့ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အဘက်ဘက်က ပံ့ပိုးပေးခြင်းဖြင့် အမျိုးသမီးထုရဲ့အစွမ်းအစတွေကို စီးပွားရေးကဏ္ဍမှာ အောင်မြင်မှုတွေကို ရရှိလာမှာဖြစ်ပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပိုမိုကောင်းမွန်တဲ့ရလဒ်တွေကို ဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်ထားပါတယ်"ဟု ကမ္ဘောဇဘဏ်၏ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက ပြောကြားခဲ့သည်။အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်တင်ရေးကို တစ်ပတ်တာလှုပ်ရှားမှုများဖြင့်သာ ကန့်သတ်မထားသင့်သော်လည်း ယင်းအစီအစဉ်များသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများ၏ တန်ဖိုးအား အမျိုးသားအမျိုးသမီးအားလုံး အပြည့်အဝ နားလည်စေရန်နှင့် အစိုးရ၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ထိပ်သီးခေါင်းဆောင်များနှင့် တွေ့ဆုံချိတ်ဆက်နိုင်စေမည့် ရှားပါးသည့် အခွင့်အရေးများ ရရှိရန်အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ပဲခူးတွင် ဟံသာဝတီလေဆိပ်တည်ဆောက်မည်ဆိုပါက ဟိုတယ်လိုအပ်ချက်များရှိနေ



ပဲခူးမြို့တွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည် ဆိုပါက အဆိုပါလေဆိပ် တည်ဆောက်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြမည့် ပညာရှင်များ၊ အလုပ်သမားများအတွက် ဟိုတယ်နှင့်နေရာထိုင်ခင်း လိုအပ်ချက်များ အများအပြားရှိလာနိုင်ကြောင်း ပဲခူးတိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းရှင်များ အသင်းမှ အတွင်းရေးမှူး၊ ဟိုတယ်မရီနာ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးစန်းလွင်က ပြောကြားခဲ့သည်။

လက်ရှိတွင် ပဲခူးမြို့၌ ဟိုတယ်အလုံးပေါင်း ၂၀ ကျော်နှင့်တည်းခိုခန်းပေါင်း ၃၀ ကျော်ရှိနေပြီး အခန်းပေါင်း ၁၀၀၀ ခန့်ရှိနေကြောင်း၊ သို့သော် နိုင်ငံခြားသားများ တည်းခိုနေထိုင်ရန်အတွက် အဆင့်မီသည့် ဟိုတယ်နှင့် တည်းခိုခန်းများမရှိသေးကြောင်း၊ ပဲခူးမြို့တွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး တည်ဆောက်မည်ဆိုပါက ဟိုတယ်လိုအပ်ချက်မှာ များပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးမြို့တွင် ဟိုတယ်ဇုန်ဖြစ်ပေါ်လာရေးအတွက် တိုင်းဒေသကြီးအစိုးရထံသို့ မြေနေရာတောင်းခံထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ပဲခူးမြို့မှာ လက်ရှိ ဟိုတယ်အလုံး ၂၀ လောက်ရှိတယ်။ နောက်ထပ် ဟိုတယ်လျှောက်ထားတဲ့ ကုမ္ပဏီက ခြောက်လုံးလောက်ရှိတယ်။ တည်းခိုခန်းကတော့ ၃၀-၄၀ လောက်ရှိတယ်။ တည်းခိုခန်းနဲ့ ဟိုတယ်နဲ့ပေါင်းလိုက်ရင်တော့ ဧည့်သည်တည်းခိုနိုင်တဲ့ အခန်းပေါင်း ၁၀၀၀ လောက်ရှိတယ်။ ဒါပေမယ့် နိုင်ငံခြားသားတည်းခိုနိုင်တဲ့ အခန်းအရေအတွက်က ၂၀၀ ကနေ ၃၀၀ လောက်အထိပဲရှိပါတယ်။ ပဲခူးမြို့မှာ အကယ်၍ ဟံသာဝတီလေဆိပ်ဖြစ်လာခဲ့ရင် လာရောက်ကြမယ့် အသိပညာရှင်၊အတတ်ပညာရှင်တွေ၊ ရင်းနှီးမြှုပ်နှံကြမယ့်သူတွေ၊ အလုပ်သမားတွေလာမယ်ဆိုရင် အဲဒါတွေအတွက် အခန်းအရေအတွက်က မလုံလောက်နိုင်ပါဘူး။ ဒါကြောင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေနဲ့ ဆော်ဩပြီးတော့ ဟိုတယ်တွေတိုးချဲ့ဖို့ ဟိုတယ်တွေတည်ဆောက်ကြဖို့ စည်းရုံးသိမ်းသွင်းပြီးတော့ ဆောက်ခိုင်းနေပါတယ်။ ပြီးတော့ ပဲခူးမြို့မှာ ပဲခူးမြို့ခံတွေရဲ့ ဟိုတယ်လုပ်ငန်းရှင်တွေရဲ့ ဟိုတယ်ဇုန်ဆိုတာ သီးသန့်မရှိသေးပါဘူး။ ဒါကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဟိုတယ်ဇုန်အတွက် မြေနေရာ တောင်းခံထားပါတယ်"ဟု ဦးစန်းလွင်က ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပျောက်ကင်းရန် မလွယ်ကူသော အမည်းစက်နှင့် အသားအရည် ညိုမည်းခြင်း ပြဿနာများအတွက် White Beauty Cream အသစ်ကို Pond's အလှကုန်ထုတ်လုပ်ရေး ထုတ်လုပ်

ပျောက်ကင်းရန်မလွယ်ကူသော အမည်းစက်နှင့် အသားအရည်ညိုမည်းခြင်းပြဿနာများအတွက် Pond's အလှကုန်ထုတ်လုပ်ရေးက White Beauty Cream အသစ်ကို ထုတ်လုပ်ခဲ့ပြီဖြစ်သည်။

အဆိုပါ အသစ်ထုတ်လုပ်ခဲ့သည့် Pond's White Beauty Cream ကို Pond's Institute က စီမံဖော်ထုတ်ထားခြင်းဖြစ်ပြီး အမျိုးသမီးများကို အစက်အပျောက်ကင်းသော အသားအရေဖြင့် နေထိုင်နိုင်မည်ဖြစ်သည်။

ယင်း Pond's Beauty Cream ကို နောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်သည့် Vitamin B3+ ဖြင့် ပြုလုပ်ထားပြီး အသားအရေအတွက် လိုအပ်သော ဗီတာမင်များစွာပါဝင်သောကြောင့် အသားအရေညိုမည်းခြင်းကို ကာကွယ်ပေးသည်။

Pond's White Beauty သည် ပျောက်ကင်းရန်မလွယ်ကူသည့်အမည်းစက်နှင့်အသားအရေညိုမည်းခြင်းပြဿနာ ၁၀ မျိုးဖြစ်သည့် ဝက်ခြံအမာရွတ်များ၊ အသားအရောင် မညီညာခြင်း၊ အသားအရေမညီညာခြင်း၊ နေလောင်ခြင်း၊ နေလောင်ကွက်များ၊ အသားအရေ ညိုညစ်မွဲခြောက်ခြင်း၊ တင်းတိတ်များ၊ အမည်းကွက်များ၊ အသားအရေ ခြောက်သွေ့ခြင်းနှင့် အသားအရေကြမ်းတမ်းခြင်းတို့ကို ကာကွယ်ပေးသော Cream တစ်ခုပင်ဖြစ်သည်။

Pond's White Beauty Cream သည် အသားအရေညိုမည်း ပျက်စီးခြင်းကို အသားအရေအတွင်းပိုင်းမှ ဝင်ရောက်တိုက်ခိုက်ပေးခြင်းဖြင့် ၉၆ ရာခိုင်နှုန်း တိုးမြှင့်ပေးပြီး အမည်းစက်ကင်းစင်စေကာ ပန်းရောင်သမ်းသော အပြင်ပိုင်းအသားအရေကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

Pond's Beauty Council Member တစ်ဦးဖြစ်သူ သရုပ်ဆောင် အကယ်ဒမီ ဖွေးဖွေးက "အခုဆိုရင် အမျိုးသမီးတိုင်းရဲ့အသားအရေမှာ အမည်းစက်ကင်းပြီး ပန်းနုရောင်လေးတွေ သမ်းနေတာကို တွေ့ရလို့ ဖွေး အရမ်းဝမ်းသာပါတယ်။ ဖွေးမှာလည်း အရင်က ဒီလိုပြဿနာ ၁၀ မျိုးရှိခဲ့ဖူးတယ်။ ဖွေးက အချိန်တိုင်းဆိုသလို အပြင်မှာပဲ ရိုက်ကူးရေးတွေ ရှိနေတာလေ။ အပြင်က ညစ်ညမ်းမှုတွေကြောင့် အသားအရေမထိခိုက်အောင်ကာကွယ်ဖို့ အချိန်မရှိခဲ့ပါဘူး။ New Pond's White Beauty Cream ကို လိမ်းပြီးတော့ ပန်းနုရောင်သမ်းတဲ့ အသားအရေကို ထိန်းသိမ်းထားပါတယ်။ မြန်မာ နိုင်ငံမှာရှိကြတဲ့ အမျိုးသမီးတွေအားလုံးကိုလည်း New Pond's White Beauty Cream ကိုသုံးပြီး အမည်းစက်ကင်းတဲ့ပန်းနုရောင်အသားအရေ ကို ရယူလိုက်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်"ဟု ပြောကြားခဲ့သည်။

Pond's White Beauty Cream ကို မြန်မာနိုင်ငံအနှံ့အပြားရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များနှင့်စူပါမားကက်များတွင် ဝယ်ယူနိုင်ကြောင်း သိရ သည်။ New Pond's White Beauty Cream ကို ထုတ်ပိုးမှုပုံစံအသစ်ဖြင့် ထုတ်လုပ်ထားပြီး ၄၀ ဂရမ်တစ်ဘူးလျှင် ကျပ် ၂၅၀၀ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## JPZ ကုမ္ပဏီက ပဲခူးမြို့တွင် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများအား စတင်မိတ်ဆက်

ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများကို တင်သွင်းဖြန့်ဖြူးလျက်ရှိသည့် JPZ ကုမ္ပဏီလီမိတက်က ပဲခူးမြို့ရှိ ဟိုတယ်များတွင် ဈေးသက်သာစွာဖြင့် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများအား မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ပဲခူးမြို့ရှိ ဟံသာသီရိခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါမိတ်ဆက်ပွဲအခမ်းအနားတွင် JPZ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမျိုးထက်က ၎င်းအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ရာတွင် တည်းခိုလေ့ရှိသည့် ဟိုတယ်များ၌ အသုံးပြုသည့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများကို စိတ်ဝင်စားခဲ့သလို သဘောလည်းကျခဲ့ပါကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများရှိ ဟိုတယ်များ၏ပုံစံအတိုင်း မိမိနိုင်ငံရှိ ဟိုတယ်များတွင်လည်း ဖြစ်စေချင်ကြောင်း၊ ၎င်းတို့သုံးစွဲသည့်ပစ္စည်းမျိုးကို မြန်မာနိုင်ငံတွင်လည်း သုံးစွဲစေချင်ကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရှိန်အဟုန် ရနေပြီဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဟိုတယ်များလည်း အများအပြား လိုအပ်လာမည်ဖြစ်သကဲ့သို့ အများအပြား ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင်ရှိသည့် ဟိုတယ်၊ မိုတယ်၊ အင်း စသည့်နေရာများတွင် မိတ်ဖက်အဖွဲ့ဖြစ်ချင်ကြောင်း၊ မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်း




ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်များတွင် အသုံးပြုသည့် တစ်ခါသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများကို ဈေးသက်သက်သာသာဖြင့် နိုင်ငံတကာအဆင့်မီ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများကို မှာယူလိုပါက JPZ ကုမ္ပဏီလီမိတက်၊ အမှတ်(၉၃)၊ (၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ လှိုင်မြို့နယ်သို့ ဆက်သွယ်မှာယူနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ကုမ္ပဏီ၏ဝက်ဘ်ဆိုက်ဖြစ်သည့် www.jp-zero.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း- ၀၉၄၄၀၁၀၈၁၇၉ နှင့် ၀၉၇၉၄၇၄၂၇၅၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

# 24 Hour Group of Companies

**MINING, TRADING, CULTIVATION, CONSTRUCTION & INDUSTRIES**

MINERAL PROSPECTING & GEOLOGICAL EXPLORATION

TOPOGRAPHIC MAPPING & CORE DRILLING

MINE DESIGN & CONTRACT MINING

PROJECT DEVELOPMENT & IMPLEMENTATION

PLANTATION MANAGEMENT & CULTIVATION

LAND DEVELOPMENT,CONSTRUCTION & INDUSTRIES

No.(116), Avenue 3rd St, Waizayantar Garden Housing, Migyaungkan Ward (1), Thingangyung Township, Yangon, MYANMAR

Tel: 01-573728, 09-457155789 Fax: 01-573728

E-mail: 24hourcoltd@gmail.com, atroagro@gmail.com

Website: www.24hourgs.com

**WE ARE YOUR BUSINESS COORDINATOR**

# Myat Noe Lay Co.,Ltd.

SMILE

ISO 9001:2008 ✓

*ABC Dry Chemical Powder Type*

1 Kg - 10000/-

2 Kg - 13000/-

3 Kg - 17000/-



3Kg

၃နှစ် အာမခံ

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

မီးသတ်ဆေးဘူးအသုံးပြု၍မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို အခမဲ့ဆောင်ရွက်ပေးပါသည်။(ရန်ကုန်တိုင်းအတွင်းသာ)

(ရန်ကုန်)Hot Line: 01 556577,09 5028000, 01 548157

အမှတ်(၄၁)၊ဦးချစ်မောင်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်။

# MOE NANTAW

## TRANSPORTATION CO.,LTD

CONTAINER & GENERAL CARGO TRANSPORT SERVICES







▲ CONTAINER & GENERAL CARGOES ▲ MACHINERIES & EQUIPMENT

▲ PROJECT CARGOES

No. 78/82, Room No. 101, Botahtaung Zay Street, (3)Qtr, Botahtaung Tsp, Yangon.

Ph : 01-201814, 201815, 203401, 203098, 09 5162622, 09 8633771, (Res) 01-376694

aungmoe2772@gmail.com

# GEO-TECH PILE CO., LTD.

ပိုင်လင်းကန်ထရိုက်တာလိုင်စင်အမှတ်-PL 06



Available

Square & Round Precast RC Pile

□150 mm (6") ~ □350 mm (14")

ø300 mm ~ ø600 mm

Bored Pile (Cast In-Situ)

ø600 mm ~ ø2000 mm





လူကြီးမင်းတို့၏အဆင့်မြင့်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် ကျွန်တော်များနိုင်ငံတကာအသိအမှတ်ပြု ISO ထောက်ခံ(၃)ကောင်ရ ကုမ္ပဏီမှ Bored Pilling, Hydraulic Static Piling (Press Pile) များကို အရည်အချင်းပြည့်ဝသောကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးနေပါသည်။ အဆောက်အအုံ၏ Pile Foundation Design, Temporary Earth Retaining Structure, Bore Pile Design များကိုတာဝန်ယူတွက်ချက်ပေးပါသည်။

No.(52/60), Bo Aung Kyaw Street (Lower Block), Botahtaung Township, Yangon, Myanmar.

Tel: +951 01 253313, 01-388428, 09-977122444 Fax: +951 380309

Email: marketing@geotechpile.com Website: www.geotechpile.com

# AEC အတွက် အရေးပါသော အာဆီယံချိတ်ဆက်မှု

| သိန်းမြင့်ဝေ |

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ဒေသတွင်းချိတ်ဆက်မှု (Intra-regional connectivity) ကောင်းမွန်ရန် အရေးကြီးသည်။ Asean Connectivity ကောင်းမွန်ပါက ဒေသတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်သည်။ ထို့ပြင် ပိုမိုကျယ်ပြန့်သည့် အားလုံး အကျုံးဝင်သောဒေသ (More inclusive region) ကိုလည်း ဖြစ်စေနိုင်သည်။

အာဆီယံခေါင်းဆောင်များသည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် "၂၀၂၅ အာဆီယံချိတ်ဆက်မှု ပင်မစီမံကိန်းသစ်" (New Master Plan on Asean Connectivity 2025) ကို ချမှတ်ကျင့်သုံးခဲ့သည်။ အရှေ့တောင် အာရှဒေသ၏ အခြေခံအဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်မှု၊ ဆန်းသစ်ပြောင်းလဲမှုတို့ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျွမ်းကျင်လုပ်သားများပိုမိုလွတ်လပ်စွာသွားလာနိုင်ရေးတို့အတွက် ပင်မစီမံကိန်းသစ်ကို ချမှတ်ကျင့်သုံးခြင်း ဖြစ်ပါသည်။ ထို့ပြင် အာဆီယံဒေသ၏ လူလတ်တန်းစား (Consuming Class) အရေအတွက်တိုးပွားလျက်ရှိခြင်း၊ ကျွမ်းကျင်မှုကွာဟချက် (Skills gap) နှင့် အခြေခံအဆောက်အအုံ လိုအပ်ချက် (Infrastructure needs) စသည်တို့ကို ရင်ဆိုင်ဖြေရှင်းပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန်လည်း ပင်မစီမံကိန်းသစ်က ရည်ရွယ်ပါ သည်။

## အချိတ်အဆက် သုံးမျိုး

အာဆီယံသည် အဖွဲ့ဝင်နိုင်ငံများကြား ပိုမိုချိတ်ဆက်နိုင်ရေးအတွက် စီမံကိန်းကြီးများ ချမှတ် အကောင်အထည်ဖော်ရန် လိုအပ်နေပါသည်။ သို့မှသာ ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံချိတ်ဆက်မှု (Physical connectivity)၊ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု (Institutional connectivity)နှင့် ပြည်သူ အချင်းချင်းချိတ်ဆက်မှု (People-to-people linkages) တို့ တိုးတက်ကောင်းမွန်လာပါမည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ချမှတ်ကျင့်သုံးခဲ့သော အာဆီယံချိတ်ဆက်မှု ပင်မစီမံကိန်း (Master Plan on Asean connectivity) ၌ အဆိုပါ ရှုထောင့်သုံးမျိုးကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ပထမအချိတ်အဆက်ဖြစ်သော Physical connectivity တွင် ပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စွမ်းအင်တို့ပါဝင်သည်။ ဒုတိယဖြစ်သော Institutional connectivity တွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုဖြေလျှော့ရေးတို့ ပါဝင်သည်။ တတိယချိတ်ဆက်မှုဖြစ်သည့် People-to-people Linkages တွင် ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းတို့ဖြစ်သည်။

လက်ရှိအကောင်အထည်ဖော်နေသော AEC ၏ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် Connectivity ကောင်းမွန်ရန် လိုအပ်ပါသည်။ ထို့အတွက် "၂၀၂၅ ခုနှစ် ပင်မစီမံကိန်းသစ်" က များစွာအထောက် အကူပြုနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာချိတ်ဆက်မှု နှင့် ပတ်သက်၍ "၂၀၁၅ ခုနှစ် ပင်မစီမံကိန်းသစ်" က ဒေသ၏ အခြေခံအဆောက်အအုံကိုတိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ သို့မှသာ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ပြည်သူများ ဒေသအတွင်း လွတ်လွတ်လပ်လပ် သွားလာစီးဆင်းနိုင်မည်ဖြစ်သည်။ အဖွဲ့အစည်း သို့မဟုတ် စည်းမျဉ်း စည်းကမ်းချိတ်ဆက်မှုပိုင်းတွင်လည်း အာဆီယံစံချိန်စံညွှန်းများနှင့် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်ရေး၊ ပေါ်လစီနှင့် စည်းမျဉ်းအဟန့်အတားများ လျော့ကျရေးအတွက် "ပင်မစီမံကိန်းသစ်" က ကူညီပေးနိုင်သည်။ ထိုနည်းတူစွာပင် ဒေသတွင်း လူအချင်းချင်း ပိုမိုချိတ်ဆက်နိုင်ရေးအတွက် ပညာရေး၊ လုပ်သားနှင့် ခရီးသွား လုပ်ငန်းတို့ တိုးတက်ကောင်းမွန်ရေးကို "၂၀၂၅ ခုနှစ် ပင်မစီမံကိန်းသစ်" က ဆောင်ရွက်ပေးနိုင်ပါသည်။




## တိုးတက်လျက်ရှိသော အာဆီယံချိတ်ဆက်မှု

အာဆီယံချိတ်ဆက်မှု (Asean Connectivity) သည် ဒေသတစ်ဝန်းရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ပေးလျက်ရှိသည်။ အာဆီယံအဝေးပြေးလမ်းကွန်ရက် (Asean Highway Network-AHN) က စုစုပေါင်းလမ်းအရှည်မိုင်ကို လျော့ကျစေပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ၅၃၁၁ ကီလိုမီတာရှိခဲ့သော လမ်းမိုင်အရှည်ကို ၂၀၁၅ ခုနှစ်တွင် ၂၄၅၄ ကီလိုမီတာသို့ လျော့ကျစေခဲ့သည်။ ထိုနည်းတူစွာပင် အာဆီယံတိုက်ရိုက်မောင်းဝင်-မောင်းထွက်ကွန်ရက် (Asean Roll-on-Rolloff Network) က ပင်လယ်ရေကြောင်း လမ်းများကို တိုးတက်ကောင်းမွန်စေပါသည်။ ဤအစီအစဉ်က သင်္ဘောခုတ်မောင်းချိန် (Shipping time) ကို ၅၀ ရာခိုင်နှုန်း အထိလျော့ကျစေပါသည်။

အာဆီယံ၏ နောက်ထပ်ရည်မှန်းချက်တစ်ရပ်မှာ ဒေသ၏ အင်တာနက်ချိတ်ဆက်မှု ပိုမိုကောင်းမွန်ရေး ဖြစ်သည်။ အာဆီယံကြိုးမဲ့ အင်တာနက် ချိတ်ဆက်သည့်စနစ် (Asean Broadband Corridor) ကြောင့် "အာဆီယံ အင်တာနက်ဖလှယ်ရေးကွန်ရက်"နှင့် "အာဆီယံတစ်ခုတည်းသော ဆက်သွယ်ရေးဈေးကွက်" ကဲ့သို့သော စီမံကိန်းအမျိုးမျိုးကို ဖြစ်ပေါ်လာစေသည်။ ဤစီမံကိန်းများက အရှေ့တောင်အာရှဒေသတစ်ဝန်း ပုဂ္ဂလိက ကဏ္ဍ၏ အင်တာနက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းကို ဖြစ်စေသည်။

AEC ကို အကောင်အထည်ဖော်လျက်ရှိသော အာဆီယံသည် ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုသာမကဘဲ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု (Institutional connectivity) လည်း တိုးတက်နေပါသည်။ ဥပမာအားဖြင့် အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူညီချက်အရ Asean Single Window စနစ်ကို အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့က အကောင်အထည်ဖော် ကျင့်သုံးနေပြီဖြစ်သည်။ ဤအစီအစဉ်က ဒေသ၏ ကုန်သွယ်မှုလျင်မြန် ချောမွေ့ရေး (Trade Facilitation) ကို ဖြစ်စေသည်။ ထို့ပြင် ကုန်သွယ်မှုကို မြှင့်တင်ပေးမည့် ဆောင်ရွက်ဆဲ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်များ (Trade facilitation agreements) လည်း ရှိပါသည်။ အဆိုပါ သဘောတူညီချက်များသည် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်သည့် ကုန်စည်များအတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း အပြန်အလှန် ကုန်စည်ပို့ဆောင်ရေးအတွက်လည်းကောင်း ပို့ဆောင်ရေးနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တစ်ပြေးညီ ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည်။

လူမှုရေးနှင့် ယဉ်ကျေးမှုအပြန်အလှန် နားလည်သဘောပေါက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း ပြည်သူများအချင်းချင်း ချိတ်ဆက်မှုသည်လည်း တိုးတက်နေပါသည်။ ထို့ကြောင့် သဘောတူညီချက်များ ထားရှိပြီး ဒေသ၏ ယဉ်ကျေးမှုစံချိန်စံညွှန်းများ တိုးတက်အောင်ဆောင်ရွက်နေပါသည်။ ထို့ပြင် အာဆီယံနိုင်ငံသားများ အလွယ်အတကူ သွားလာနိုင်ရေးအတွက် အလုပ်အကိုင်ရှစ်မျိုးနှင့် ပတ်သက်၍ အပြန်အလှန်အသိအမှတ်ပြုအစီအစဉ်များ (Mutual Recognition Arrangements) ကိုလည်း ချမှတ်ကျင့်သုံးနေပါသည်။

## စိန်ခေါ်မှုများနှင့် ပေါ်လစီရေးရာပိုင်း

မည်သို့ပင်ဖြစ်စေကာမူ ဒေသတွင်း အထွေထွေစီးပွားရေး ပေါင်းစည်းရာ၌ စိန်ခေါ်မှုနှင့် အခွင့်အလမ်း အမျိုးမျိုးရှိနေပါသည်။ အရှေ့တောင်အာရှ ဒေသသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ၂၀၀၄ ခုနှစ်တွင် ၄၉ သန်းသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၁၀၅ သန်းသို့ တိုးတက်ခဲ့သည်။ ဒေသသို့ ခရီးသွားဧည့်သည် ပိုမိုဝင်ရောက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ခရီးသွားဗီဇာအလွယ်တကူ ရရှိရေးအတွက် ပေါ်လစီဖြေလျှော့ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

ကျွမ်းကျင်လုပ်သားပြတ်လပ်မှု (Skills shortage) ကလည်း ဒေသ၏တိုးတက်မှုကို ခြိမ်းခြောက်နေပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့၌ တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား (Semi-skilled workers) ၁၃ သန်းနှင့် ကျွမ်းကျင်လုပ်သားကိုးသန်း လိုအပ်နိုင်ကြောင်း Mckinsey Global Institute က ခန့်မှန်းထားသည်။ ထို့ပြင် ကျွမ်းကျင်မှုမရှိသော အရည်အချင်းနိမ့်သည့် လုပ်ငန်းများ (Insufficient qualification) နေရာတွင် အဆင့်မြင့်ကျွမ်းကျင်သော လုပ်သားများလုပ်ကိုင်နိုင်သည့် အလုပ်အကိုင်များ အစားထိုး ဝင်ရောက်လာနိုင်သည်။ ကျွမ်းကျင်လုပ်သားပိုမိုသုံးစွဲရသော အလုပ်အကိုင်များ ပိုမိုများပြားလာမည် ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) တို့သည် အောင်မြင်သော အာဆီယံချိတ်ဆက်မှုအတွက် လူ့အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားနှင့် ဆန်းသစ် ပြောင်းလဲမှု (Innovation) တို့ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထားသင့်ပါသည်။

အရှေ့တောင်အာရှဒေသသည် နှစ်စဉ် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ကျော် လိုအပ်နေသည်။ အဆိုပါငွေကြေးရရှိရေးသည်လည်း အာဆီယံအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ဒေသ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် ငွေကြေးရရှိအောင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေပါသည်။ သို့သော်လည်း ပိုမိုထိရောက်စွာ တည်ဆောက်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် နိုင်ငံတကာငွေကြေးထုတ်ချေးသူများ (Multilateral lenders) ကြား ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်လျက်ရှိသည်။

ဒေသတွင်း လုပ်သားများ သွားလာရေးဆိုင်ရာ ကန့်သတ်ချက်များကိုလည်း ဖြေလျှော့သင့်ပါသည်။ ဒေသတွင်း လုပ်သားများ လွတ်လွတ်လပ်လပ် သွားလာခွင့်ပြုထားသော လုပ်ငန်းနယ်ပယ် ရှစ်မျိုးထက် ပိုမို ခွင့်ပြုသင့်ပါသည်။

အာဆီယံချိတ်ဆက်မှု (Asean Connectivity) သည် အရှေ့တောင်အာရှဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသည်မှာ ထင်ရှားပါသည်။ သို့သော်လည်း အာဆီယံ၏ လက်ရှိအလားအလာကောင်းများကို အသုံးချပြီး အကျိုးခံစားနိုင်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့ ကောင်းကျိုးခံစားနိုင်ရန်အတွက် စိန်ခေါ်မှုများကို ဖော်ထုတ်ဖြေရှင်းမည့် ပေါ်လစီများ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်သည်။ ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှုသုံးမျိုးကိုတွေ့ရသည်။ ၎င်းတို့မှာ လူလတ်တန်းစား စားသုံးသူအရေအတွက် တိုးပွားလျက်ရှိခြင်း၊ ကျွမ်းကျင်လုပ်သားလိုအပ်နေခြင်းနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရန် လိုအပ်လျက်ရှိခြင်းတို့ဖြစ်သည်။

**Source: eurasia review**

# အိန္ဒိယပဲရက်သတ္တပတ်

ဖေဖော်ဝါရီ ၂၀ ရက်က အဂရီဝပ်ချ်မှ ထုတ်ပြန်သော ပဲမျိုးစုံရက်သတ္တပတ်အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၌ အစိုးရပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှု၊ ယခုနှစ်အတွက် ပဲထွက်ရှိမှုနှင့် ပဲမျိုးစုံဈေးနှုန်း အခြေအနေတို့ကို ဖော်ပြထားသည်။

**ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှု**

ဗဟိုတွင် သိုလှောင်ထားသော ပဲမျိုးစုံကို စတင်ရောင်းချရန် အစိုးရက အိန္ဒိယအစားအစာ ကော်ပိုရေးရှင်း (FCI) နှင့် အိန္ဒိယ အမျိုးသား လယ်ယာစိုက်ပျိုးရေးသမဝါယမ ဈေးကွက်ရှာဖွေရေး ဖက်ဒရေးရှင်း (Nafed) တို့ကို ညွှန်ကြားထားသည်။ အစိုးရက ကြားခံသိုလှောင်မှုအဖြစ် ပဲမျိုးစုံ တန်ချိန်သိန်း ၂၀ ဝယ်ယူသိုလှောင်ရန် လျာထားသည့်အနက် ယခုအချိန်အထိ အစိုးရအေဂျင်စီများက ပဲမျိုးစုံတန်ချိန် ၁၁ သိန်းကို ဝယ်ယူထားပြီးဖြစ်သည်။ ဝယ်ယူထားရှိပြီး ပဲမျိုးစုံတန်ချိန် ၁၁ သိန်းအနက် မိုးစိုက်သီးနှံကို ဝယ်ယူမှုက တန် ၆ သိန်းရှိသည်။ မကြာသေးမီက ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှု အခြေအနေနှင့် အခြေခံစားသုံးကုန် ၂၂ မျိုးတို့၏ ဈေး နှုန်းအခြေအနေများကို အတွင်းဝန်များကော်မတီက ပြန်လည်သုံးသပ်ခဲ့သည်။ ဝယ်ယူထားပြီးဖြစ်သော ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချပြီး အသစ်ဝယ်ယူဖြည့်တင်းမှုကို ဆက်လက်ဆောင်ရွက်ရန်ကော်မတီက အေဂျင်စီများကို ညွှန်ကြားခဲ့သည်။ ထို့ပြင် လယ်ယာစိုက်ပျိုးရေးဈေးကွက် ကော်မတီအက်ဥပဒေ (APMC Act) နှင့်အညီ ခရိုင်အသီးသီးရှိ တောင်သူလယ်သမားများ အစိုးရ၏ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းကိုရရှိအောင် ဆောင်ရွက်ပေးရန် ပြည်နယ်များသို့ ညွှန်ကြားထားသည်။

**ပဲမျိုးစုံထုတ်လုပ်မှု**

၂၀၁၆-၁၇ ခုနှစ်အတွက် ပဲမျိုးစုံထုတ်လုပ်မှု ဒုတိယအကြိမ်အကြိုခန့်မှန်းချက်ကို အစိုးရက ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ကြိုတင် ခန့်မှန်းချက်အရ ယခုနှစ်ထုတ်လုပ်မှုမှာ မူလလျာထားချက်ကို ကျော်လွန်ခဲ့သည်ကို တွေ့ရသည်။ ပဲစင်းငုံ ထုတ်လုပ်မှုမှာ မက်ထရစ်တန် ၄ ဒသမ ၂၃ သန်းရှိမည်ဟု ခန့်မှန်းထားရာ မူလလျာထားချက်ထက် ၁၆ ဒသမ ၈၅ ရာခိုင်နှုန်းနှင့် ယခင်နှစ်ထုတ်လုပ်မှုဖြစ်သော မက်ထရစ်တန် ၂ ဒသမ ၅၆ သန်းထက် ၆၅ ဒသမ ၂၃ ရာခိုင်နှုန်း ကျော်လွန်ခဲ့သည်။

ယခုနှစ် ကုလားပဲထုတ်လုပ်မှုမှာ မက်ထရစ်တန် ၉ ဒသမ ၁၂ သန်းရှိသည့်အတွက် မူလလျာထားချက်ဖြစ်သော မက်ထရစ်တန် ၉ ဒသမ ၆၀ သန်းနှင့် နှိုင်းယှဉ်ပါက ငါးရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့သော်လည်း ၂၀၁၆ ခုနှစ်က ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၂၉ ဒသမ ၁၇ ရာခိုင်နှုန်းမြင့်မားခဲ့သည်။ သီးနှံများ၏ အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိပြီး နောက်ထပ် ပဲသစ်များကလည်း ယခုလကုန်အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ပဲအဝင်အမြင့်ဆုံးအချိန် ရောက်ပါက ကုလားပဲဈေးသည် တစ်ကွင်တယ်ကို ရူပီး ၄၅၀၀ အထိ ကျဆင်းနိုင်သည်။

တင်သွင်းထားသော ကုလားပဲများကို ဆက် လက်ဈေးမကျမီ ပြန်လည်ရောင်းချမည်ဖြစ်သည့်အတွက် လက်ရှိကုလားပဲဈေး ဆက်လက်တည်တံ့နေမည့် အလားအလာကို မတွေ့ရပေ။ အချို့ဒေသများတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့် နှင်းမုန်တိုင်းတိုက်ခတ်နေမှုတို့ကြောင့် ယခုအချိန်အထိ ပျက်စီးဆုံးရှုံးမှု အခြေအနေကို မသိရသေးသည့်တိုင် ဈေးနှုန်းမြင့်တက်မှုအတွက် အထောက်အကူဖြစ်စေခဲ့သည်။ လွန်ခဲ့သော ၁၀ ရက်အတွင်း အိန္ဒိယဆိပ်ကမ်းအသီးသီးသို့ ကုလားပဲ ကုန်သေတ္တာ ၁၀၀၀ မှ ၁၂၀၀ အထိ ရောက်ရှိခဲ့သည့်အတွက် ကုလားပဲဈေးမှာ လက်ရှိနှုန်းအောက်သို့ ကျဆင်းနိုင်သည်။

**ပဲမျိုးစုံတင်သွင်းမှု**

ဖေဖော်ဝါရီ ၁၄ ရက်တွင် အိန္ဒိယပဲမျိုးစုံ တင် သွင်းသူများက မွမ်ဘိုင်းဆိပ်ကမ်း၌ ပဲမျိုးစုံကုန်သေတ္တာ ၂၆၇ လုံးကို တင်သွင်းခဲ့သည်။ စုစုပေါင်း တင်သွင်းသော ကုန်သေတ္တာများအနက် ကုလားပဲ ခွဲခြမ်းကုန်သေတ္တာမှာ ၁၈၈ လုံးရှိပြီး အများဆုံးဖြစ်သည်။ ဒုတိယအများဆုံးဖြစ်သော ပဲစင်းငုံကုန်သေတ္တာမှာ ၂၅ လုံးရှိသည်။ ပဲနီလေးကုန်သေတ္တာမှာ ၂၃ လုံး မတ်ပဲက ၁၃ လုံးရှိပြီး ကျန်ပဲများမှာ စားတော်ပဲနှင့် ဘိုစားပဲတို့ဖြစ်ကြသည်။

**ပဲမျိုးစုံဈေးနှုန်း**

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီဈေးက တစ်ကွင်တယ်ကို ၄၁၇၅ ရူပီးဈေးဖြင့် ဈေးဖွင့်သည်။ မတ်ပဲ FAQ က တစ်ကွင်တယ်ကို ရူပီး ၅၁၀၀ နှင့် SQ က ရူပီး ၅၉၅၀ နှုန်းဖြင့် အပြောင်းအလဲမရှိ ဈေးငြိမ်နေသည်။ ပြည်ပမှတင်သွင်းလာသော ကုလားပဲ၏ မွမ်ဘိုင်းဈေးကွက်ရှိဈေးမှာ ရူပီး ၁၀၀၀ ကျဆင်းခဲ့ပြီး လက်ရှိဈေးနှုန်းကို ထိန်းထားနိုင်ရန် ခဲယဉ်းသည့် အခြေအနေရှိသည်။ ကုလားပဲအဖွင့်ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၃၀၀ နှုန်းရှိသည်။ မတ်လအလယ်လောက်တွင် ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၅၀၀ အထိကျဆင်းနိုင်သည်။ တန်ဇန်နီးယား ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၁၀၀ နှုန်း ရှိသည်။ ကနေဒါပဲနီလေးဈေးကွက်က တစ်ကွင်တယ် ကို ရူပီး ၄၁၀၀ ရှိသည်။ ဩစတြေးလျ ပဲနီလေးဈေးက တစ်ကွင်တယ်ကို ရူပီး ၄၄၀၀ နှုန်းရှိသည်။ ပဲအထွက်နှုန်း မြင့်မားမည့် အလားအလာက ပဲနီလေးဈေးအပေါ် ဆက်လက်လွှမ်းမိုးနေဦးမည်ဖြစ်သည်။

ကုလားပဲဈေး ကျဆင်းနေသကဲ့သို့ပင် စားတော်ပဲဈေးကလည်းကျဆင်းမည့် အလားအလာကို ပြသလျက်ရှိသည်။ ပြည်ပမှ တင်သွင်းမှု မြင့်တက်နေခြင်း၊ ဈေးကွက်အတွင်းသို့ ပဲသစ်များဝင်လာခြင်းစသည့် အခြေအနေများက လာမည့် ရက်သတ္တပတ်များအတွင်း စားတော်ပဲဈေးနှုန်းအပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိနေဦးမည် ဖြစ်သည်။

မွမ်ဘိုင်းဈေးကွက်တွင် စားတော်ပဲအဝါဈေးက တစ်ကွင်တယ်ကို ၂၄၀၁ ရူပီးနှုန်းရှိခဲ့သည်။ ရုရှား စားတော်ပဲဈေးက တစ်ကွင်တယ်ကို ၂၃၆၁ ရူပီးနှုန်း ရှိသည်။ ကုလားပဲဈေးနှုန်းများ ကျဆင်းနေသည့်အတွက် စားတော်ပဲဈေးနှုန်းမှာလည်း လက်ရှိ အခြေအနေကို ထိန်းထားနိုင်ရန် အခက်အခဲရှိသည်။

**အပြည်ပြည်ဆိုင်ရာ ပဲဈေးကွက်**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်နေ့မှစ၍ ပဲများကို မီးခိုး မှိုင်းတိုက်ပိုးသတ်ခြင်းနှင့် ပတ်သက်သော မူဝါဒများ ကို ပြောင်းလဲတော့မည်ဖြစ်သည့်အတွက် ကနေဒါ သင်္ဘောများက အိန္ဒိယသို့ တင်ပို့မည့် ပဲများကိုတင်ပို့ရန် ငြင်းဆိုလျက်ရှိသည်။ ယခုလောလောဆယ်တွင်မူ ပဲများကို သင်္ဘောတင်ပြီးနောက် မင်သော်ဘရိုမိုက်ဖြင့် ပိုးသတ်ခြင်းကို ပို့ကုန်လုပ်ငန်းများအား ခွင့်ပေးထားသည်။ သို့သော်လည်း ကနေဒါ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဤပြဿနာကို ဖြေရှင်းရန် ကြိုးစားလျက်ရှိရာ လာမည့်လတွင် အဆုံးအဖြတ်ရမည်ဟု ခန့်မှန်းထားသည်။

ဤအခြေအနေက ကနေဒါပဲမျိုးစုံဈေးကွက်ကို ဂယက်ရိုက်ခတ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် သီးနှံအထွက်နှုန်း ကောင်းမွန်မှုက ပြည်တွင်းဈေးကွက် ရောင်းလိုအားကို မြင့်မားစေပြီး အရေးတကြီး တင်သွင်းစရာမလိုသေးသည့် အခြေအနေဖြစ်သည်။

ပဲမျိုးစုံဈေးနှုန်း အားလုံးကို ခြုံကြည့်ပါက ဈေးနှုန်းများ ပုံမှန်တန့်နေရာမှကျဆင်းမည့် အလားအလာကို တွေ့ရသည်။

# အသစ်ဝင်ရောက်မှုမြင့်တက်သဖြင့် အိန္ဒိယဝါဂွမ်းဈေးကျ

အိန္ဒိယဈေးကွက်များအတွင်းသို့ ဝါဂွမ်းအသစ်ဝင်ရောက်မှု မြင့်တက်လာသည့်အတွက် ဖေဖော်ဝါရီ ၂၀ ရက်က ဝါဂွမ်းဈေးများ ကျဆင်းခဲ့ကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။ ယခုကဲ့သို့ ဝါဂွမ်းသစ်များ ရောက်ရှိခြင်းနှင့်အတူ နိုင်ငံခြားဈေးကွက်များတွင် ကျရိပ်သန်းနေခြင်းနှင့် ပို့ကုန်ဝယ်လို အား ကျဆင်းမှုတို့က ဝါဂွမ်းဈေးကို ကျဆင်းစေခဲ့သည်။

ယခုလအတွင်း ဂူဂျာရတ်ပြည်နယ်အတွင်းသို့ ဘေထုပ် ၃၅၀၀၀ မှ ၄၅၀၀၀ အထိ ရောက်ရှိကာ ဝါဂွမ်းအဝင် တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်။ အလားတူ အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းရောင်းလိုအားမှာလည်း ဘေထုပ် ၁ ဒသမ ၉ သိန်း အထိ ရောက်ရှိခဲ့သည်။

Gujarat Sankar-6 အမျိုးအစား ဝါဂွမ်း ၃၅၆ ကီလိုရှိ ဘေထုပ်တစ်ထုပ် ဈေးမှာ ရူပီး ၃၀၀ ကျဆင်းပြီး ရူပီး ၄၁၈၀၀ နှုန်းအထိ ရောက်ရှိခဲ့သည်။ Kapas ခေါ် ဝါဂွမ်းအကြမ်းဈေးမှာ ၁၅ ရူပီးနှုန်းကျဆင်းခဲ့ပြီး ကီလို ၂၀ လျှင် ရူပီး ၁၀၅၀ နှုန်းအထိ ကျဆင်းခဲ့သည်။

၂၀၁၆-၁၇ ခုနှစ်ရာသီအတွက် ဝါဂွမ်းအထွက်နှုန်းမှာ ဘေထုပ် ၃၅၁ သိန်းအထိ ရောက်ရှိမည်ဟု အိန္ဒိယ ဝါဂွမ်းအသင်း (Cotton Associaton of India) က ခန့်မှန်းထားသည်။



သို့သော်လည်း ဝါဂွမ်းသုံးစွဲမှုမှာ ယခင်နှစ်က ဘေထုပ် သိန်း ၂၉၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ဘေထုပ် ၂၉၅ သိန်းအထိ မြင့်တက်လာလိမ့်မည်ဟု အသင်းက ခန့်မှန်းထားသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အိန္ဒိယတွင် သီးနှံအထွက်နှုန်းကောင်းမွန်မှုကြောင့် ကြက်သွန်တောင်သူတို့အတွက် ရထားတစ်စင်း တိုးချဲ့ပြေးဆွဲ

အိန္ဒိယနိုင်ငံတွင် နာမည်ကျော် နာရှစ်ကြက်သွန်နီ အထွက်နှုန်းကောင်းမွန်သည့်အတွက် သီးနှံများကို လျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ မီးရထားဌာန က နောက်ထပ် ရထားတစ်စင်း စီစဉ်ပေးခဲ့ကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းတွင် ဖော်ပြသည်။

နာရှစ်မှ ကြက်သွန်နီများကို လက်ရှိ အချိန်တွင် ဗဟိုမီးရထားဌာနက မီးရထားသုံးစီးဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ယခုရထားကို ထပ်မံတိုးချဲ့ပြေးဆွဲပေးလိုက်ခြင်းအားဖြင့် နောက်ထပ် ၃၀ ရာခိုင်နှုန်းကို ထပ်မံ သယ်ယူပို့ဆောင်ပေးနိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။

နာရှစ်ဒေသက အိန္ဒိယနိုင်ငံ ကြက်သွန်နီ ထုတ်လုပ်မှုစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးရာ ဒေသဖြစ် သည်။ ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလျက်ရှိသဖြင့် နာရှစ်ဒေသမှ ကြက်သွန်နီ တောင်သူတို့မှာ ကုန်ကျစရိတ်ကို မကာမိဘဲ အရှုံးပေါ်မည်ကို စိုးရိမ်လျက်ရှိသည်။ ယခုနှစ်တွင် ကြက်သွန်နီ ထုတ်လုပ်မှုမြင့် တက်လာသည့်အတွက် ရထားသစ် တစ်စီး ထပ်မံပြေးဆွဲပေးရန် မီးရထားဝန်ကြီး ဆူရက်ပရာဘူက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း မီးရထားအရာရှိတစ်ဦးက ပြောသည်။ ယခုနှစ်ကြက်သွန်နီထွက်ရှိမှုက ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက နှစ်ဆနီးပါး မြင့်တက်ခဲ့သည်။

# မလေးရှား ရော်ဘာလုပ်ငန်း ဖွံ့ဖြိုးမည့်အလားအလာများရှိနေ

တန်ဖိုးမြင့် အင်ဂျင်နီယာသုံး ရော်ဘာထုတ်ကုန်များကို နိုင်ငံအများအပြားမှ ဝယ်လိုအား မြင့်တက်လာပြီးနောက်ပိုင်း မလေးရှားနိုင်ငံ၏ ရော်ဘာလုပ်ငန်းသည် ကျဆုံးပြီး နေဝင်ချိန်ရောက်နေသော လုပ်ငန်းတစ်ခုမဟုတ်တော့ဟု မလေးရှားခြံစိုက်ပျိုးရေးလုပ်ငန်းနှင့် ကုန်စည်ဝန်ကြီးဌာနဝန်ကြီး ဒါတွတ်ဆယ်ရီမာဆူကောင်းကပြောကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။ တုန်ခါမှုနှင့် မြေငလျင်ဒဏ်ခံ အင်ဂျင်နီယာလုပ်ငန်းနယ်ပယ်များတွင် အသုံးပြုရန်အတွက် မလေးရှားနိုင်ငံက တန်ဖိုးမြင့်အင်ဂျင်နီယာ ရော်ဘာလုပ်ငန်းများကို ထုတ်လုပ်ပေးနိုင်ကြောင်း သူကပြောသည်။

နယူးဇီလန်၊ အီရန်၊ အင်ဒိုနီးရှား၊ တူရကီနှင့် တရုတ်နိုင်ငံတို့၏ ဆိုက်စမစ်လုပ်ငန်းတွင် အသုံးပြုရန်အတွက် ဆိုက်စမစ်ဘယ်ရင်များကို မလေးရှား စီးပွားရေးလုပ်ငန်းများက တပ်ဆင်ကာ တင်သွင်းလျက်ရှိကြောင်း မာကပြောသည်။

“ကျွန်တော်တို့ ရော်ဘာထုတ်ကုန်တွေက ကမ္ဘာ့အဆင့် မီပါတယ်။ ဒါကြောင့် ရော်ဘာအသုံးပြုရေးလုပ်ငန်းကနေဝင်တော့မယ့်၊ ပြီးဆုံးတော့မယ့် လုပ်ငန်းတစ်ခု မဟုတ်ပါဘူး”ဟု ဖေဖော်ဝါရီ ၂၀ ရက်က ကလန်းမြို့ရှိ ဒိုရှင်ရော်ဘာထုတ်ကုန် ကုမ္ပဏီ၏စက်ရုံသို့ သွားရောက်လည်ပတ်စဉ် သူက သတင်းထောက်များကို ပြောသည်။

မလေးရှားနိုင်ငံမှ ထွက်ရှိတဲ့ ရော်ဘာထုတ်ကုန်များမှာ အဆင့်မြင့်နည်းပညာသုံး၍ တန်ဖိုးမြင့်ထုတ်ကုန်များအား ထုတ်လုပ်ရန် ရည်မှန်းချက်ထားဆောင်ရွက်နေသည့် ၂၀၅၀ ပြည့်အမျိုးသား ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုရလဒ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ဒိုရှင်ကုမ္ပဏီက အင်ဂျင်နီယာသုံး ရော်ဘာထုတ်ကုန်များကို ထုတ်လုပ်ရာတွင် မလေးရှားနိုင်ငံ၏ အကြီးဆုံးကုမ္ပဏီကြီးတစ်ခု အဖြစ်ပါဝင်ပြီး ရော်ဘာဘယ်ရင် (Structural Bearing) များကို ထုတ်လုပ်ပေးလျက်ရှိရုံသာမက မြေငလျင်နှင့် တုန်ခါမှု အကာအကွယ်ပေးသည့် ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း သူကပြောသည်။

ရော်ဘာထုတ်လုပ်မှုကဏ္ဍတွင် Structural Bearing များကို နည်းပညာဆိုင်ရာ ထုတ်ကုန်အဖြစ် သတ်မှတ်ထားပြီး ပြည်ပသို့ တင်ပို့ရာတွင် မကြာသေးမီနှစ်များအတွင်း စံချိန်တင်တိုးတက်မှုရှိခဲ့သည်ကိုတွေ့ရသည်။မလေးရှားနိုင်ငံ၏ Structural Bearing တင်ပို့ရာတွင် ၂၀၁၅ ခုနှစ်က ရင်းဂစ် ၁၀ ဒသမ ၃ သန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ရင်းဂစ် ၁၄ ဒသမ ၁၄ သန်းထိ ရောက်ရှိခဲ့သည့်အတွက် ၃၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

# ဗီယက်နမ် ဆေးဝါးလုပ်ငန်းများက နိုင်ငံခြားဖောက်သည်များကို ဆွဲဆောင်နိုင်



၂၀၁၆ ခုနှစ်တွင် ဗီယက်နမ်ရှိ ဆေးဝါးကုမ္ပဏီကြီးများသည် အကျိုးအမြတ် မြင့်မားစွာရရှိပြီး အပြည်ပြည်ဆိုင်ရာဖောက်သည်များ သဘောကျအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဗီယက်နမ်နက်ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

Mekong Capital နှင့် Vietnam Holding ltd တို့က အဓိက ပြည်ပရှယ်ယာဝင်များအဖြစ် ပါဝင်ထားသော Trapaco (TRA) ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်က ဗီယက်နမ်ဒေါင် ၁၂၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၃ သန်း) အမြတ်ရရှိခဲ့ရာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ပိုမိုခဲ့သည်ကို တွေ့ရသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကာလအတွင်း ဤကုမ္ပဏီ၏ ပျမ်းမျှအမြတ်အစွန်း တိုးတက်မှုနှုန်းသည် နှစ်စဉ် ၁၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာ ပြည်တွင်းဈေးကွက်တွင် အကျိုးအမြတ်အများဆုံး ရရှိသည့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ၂၀၁၆ ခုနှစ်က ကုမ္ပဏီ၏ ဝင်ငွေမှာ ဗီယက်နမ်ဒေါင် နှစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၉ သန်း) ရှိခဲ့သည်။

ဗီယက်နမ်တွင် TRA ကုမ္ပဏီသည် ဒုတိယအကြီးမားဆုံး ကုမ္ပဏီဖြစ်ပြီး ဗီယက်နမ်တွင် ပထမနေရာ၌ရှိနေသော HauGiang Pharmaceutical JSC (DHG) ကုမ္ပဏီ၏ တစ်နှစ်အမြတ်ငွေမှာ ၂၀၁၆ ခုနှစ်က ဗီယက်နမ်ဒေါင် ၇၅၆ ဒသမ ၆၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၄ သန်း)ရှိခဲ့ရာ ယခင်နှစ်ကထက် ၂၀ ဒသမ ၂၉ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ DHG ကုမ္ပဏီတွင် ဂျပန်ဆေးဝါးကုမ္ပဏီဖြစ်သော Taisho Pharmaceutical Co တို့က ရှယ်ယာအများဆုံး ပါဝင်ထားသည်။

အလားတူ တတိယမြောက် အကြီးဆုံးကုမ္ပဏီ Domesco (DMC) ကုမ္ပဏီတွင်လည်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိသည်။ ၂၀၁၆ ခုနှစ်အတွင်း အကျိုးအမြတ် ဖြစ်ထွန်းခဲ့သည့်အတွက် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီး သုံးခုစလုံးက ၂၀၁၇ ခုနှစ်အတွက် ရည်မှန်းချက်များကို မြင့်တင်ချမှတ်ထားကြသည်။

“လုပ်ငန်းတိုးချဲ့ဖို့နဲ့ ဖြန့်ချိရေးကွန်ရက်ကို တိုးချဲ့ပြီး ကုန်အမှတ်တံဆိပ်မပါဘဲ ဖြန့်ချိတဲ့ (Generic Drug) ဆေးဝါးထုတ်လုပ်ရာမှာ အကြီးဆုံးဖြစ်လာဖို့အတွက် ကျွန်တော်တို့ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယား စတဲ့နိုင်ငံတွေက စီးပွားဖက်တွေနဲ့ ပူးတွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းဖြစ်ဆေးဝါးတွေ ထုတ်လုပ်ရာမှာ ဈေးကွက်ဝေစုအများဆုံးရဖို့ ဆောင်ရွက်သွားပါမယ်”ဟု DHG မှ အရာရှိတစ်ဦးကပြောသည်။

အလားအလာကောင်းများလည်း ရှိနေသည့်အတွက် ဆေးဝါးလုပ်ငန်းများတွင် ပြဋ္ဌာန်းထားသော နိုင်ငံခြားသားပိုင်ဆိုင်မှု ကန့်သတ်ချက်များအား ဖယ်ရှားပေးမည်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့က စောင့်ဆိုင်းလျက်ရှိသည်။ ■

# အသုံးပြုပြီးသော ဟင်းချက်ဆီများကို လောင်စာဆီအဖြစ် အသွင်ပြောင်းရန် စင်ကာပူစီစဉ်

ရှော့ပင်းစင်တာများမှ အသုံးပြုပြီးသော ဟင်းချက်ဆီများကို ဇီဝလောင်စာဆီအဖြစ် အသွင်ပြောင်းကာ အဆောက်အဦများအတွက် အသုံးပြုမည့် စွမ်းအင်ကိုထုတ်လုပ်ရန် စင်ကာပူ တစ်ကျော့ပြန် အသုံးပြုရေးလုပ်ငန်း (Recycling firm) တစ်ခုက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

အသုံးပြုပြီး စားသုံးဆီများကို အသွင်ပြောင်း၍ အသုံးပြုမည့် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရန်အတွက် AlphaBiofuel ကုမ္ပဏီက ရပ်ဖဲလ်စီးတီး ရှော့ပင်းစင်တာတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဤစီမံကိန်းမှာ ပထမဆုံး အကြိမ်ဆောင်ရွက်သော အစီအစဉ်တစ်ခုဖြစ်ပြီး အသုံးပြုပြီးသော ဟင်းချက်ဆီများမှ တစ်ရက်ကို ဇီဝဒီဇယ် လီတာ ၂၀၀ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ဤပမာဏမှာ နှစ်ထပ်ဘတ်စ်ကားတစ်စီး၏ တစ်နေ့တာ အသုံးပြု နိုင်မည့်ပမာဏ ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားသည်။

ဇီဝလောင်စာများကို စုဆောင်းပြီးသည်နှင့် Alpha Biofuel ၏ စက်ရုံသို့ပေးပို့ကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အသုံးပြုနေသော ယာဉ်များ၊ လျှပ်စစ်ဓာတ်ထုတ်လုပ်သော စက်များနှင့် ဖော့ကလစ်များကို မောင်းနှင်ရာတွင် အသုံးပြုမည်ဖြစ်သည်။

ရပ်ဖဲလ်စီးတီးတွင် ဆောင်ရွက်နေသော စက်ရုံငယ်ကလေး၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ကုန်ကျပြီး စင်ကာပူအနောက်ပိုင်းဒေသ စီမံကိန်းနယ်မြေဖြစ်သည့် တူရပ်ရှိ ကုမ္ပဏီကဆောက်လုပ်နေသော စက်ရုံ၏ ကုန်ကျစရိတ်မှာ ထိုထက်ပိုမိုမည်ဖြစ်ကြောင်း Alpha Biofuel ၏ အမှုဆောင်အရာရှိချုပ် အေလန်လင်းက ပြောသည်။

အသွင်ပြောင်းလဲရေး စက်ရုံကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ဆောက်လုပ်ပြီး Fairmont Singapore ဟိုတယ်၊ Swissotel ဟိုတယ်တို့မှ အသုံးပြုပြီး စားသုံးဆီများနှင့် ရပ်ဖဲလ်စီးတီး ရှော့ပင်းစင်တာရှိ စားသောက်ဆိုင် ၃၀ ကျော်က နေ့စဉ်အသုံးပြုရာမှ ရရှိသော ဟင်းချက်ဆီကျန်များကို အသွင်ပြောင်းပေးမည်ဖြစ်သည်။ ဟိုတယ်နှစ်ခုမှ ထွက်ရှိသော တစ်လ ပျမ်းမျှ စားသုံးဆီမှာ ကီလိုဂရမ် ၂၅၀၀ တစ်နှစ်ကီလိုဂရမ် ၃၀၀၀၀ ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

ရှေ့ပြေးစီမံကိန်း အောင်မြင်မည်ဆိုပါက ထုတ်လုပ်သော ဇီဝလောင်စာဆီများသည် ရှော့ပင်းမောတွင် လိုအပ်သော စွမ်းအင်ရရှိအောင် ထုတ်လုပ်ပေးနိုင်မည်ဟုလင်းက ခန့်မှန်းထားသည်။

## ၂၀၁၆ ခုနှစ် စတုတ္ထ သုံးလပတ်တွင် တောင်ကိုရီးယားရှိ စတော့ဒိုင်စာရင်းဝင် ကုမ္ပဏီ ၁၀ခုအနက် ခုနစ်ခုဝင်ငွေကျဆင်း

တောင်ကိုရီးယားရှိ စတော့ဒိုင်စာရင်းဝင် ကုမ္ပဏီ ၁၀ ခုအနက် ခုနစ်ခုတို့၏ လုပ်ငန်းလည်ပတ်မှု အမြတ်ငွေများမှာ ၂၀၁၆ ခုနှစ် စတုတ္ထ သုံးလပတ်တွင် ရည်မှန်းချက် ပြည့်မီခြင်းမရှိသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြထားသည်။

ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို စစ်တမ်းကောက်ယူသည့် FnGuide က တောင်ကိုရီးယားရှိ စတော့ဒိုင်စာရင်းဝင် ကုမ္ပဏီ ၁၉၅ ခု၏ ရေတိုလုပ်ငန်း စွမ်းဆောင်ရည်တို့ကို စစ်တမ်းကောက်ယူ စိစစ်ပြီးနောက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

စစ်တမ်း ကောက်ယူခဲ့သော ကုမ္ပဏီများအနက် ကုမ္ပဏီ ၁၃၂ ခု သို့မဟုတ် ၆၇ ဒသမ ၇ ရာခိုင်နှုန်းမှာ အောက်တိုဘာ-ဒီဇင်ဘာ နောက်ဆုံး သုံးလပတ်တွင် ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်မှု အမြတ်(Operating Profit) မှာ ခန့်မှန်းချက်ကို ပြည့်မီခြင်းမရှိဘဲ စံချိန်တင် ကျဆင်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းလေကြောင်းဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သော Hanjinkal Corporation သည် သုံးလပတ်အတွင်း ဝင်ငွေဝမ် ၁ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်း) သာရရှိခဲ့သည့်အတွက် အာမခံကုမ္ပဏီများက ခန့်မှန်းထားသော ဝမ် ၂၀ ဒသမ ၉ ဘီလီယံအောက်များစွာ ကျဆင်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံရှိ ထိပ်တန်းအကျိုးဆောင်လုပ်ငန်းတစ်ခုဖြစ်သော MiraeAsset Daewoo ကုမ္ပဏီ၏ အမြတ်ငွေကို ဝမ် ၂၀ ဒသမ ၅ ဘီလီယံ ရှိမည်ဟု ခန့်မှန်းထားခဲ့သော်လည်း လက်တွေ့တွင် ဝမ် ၁၈၂ ဒသမ ၃ ဘီလီယံ အရှုံးပေါ်ခဲ့သည်။

Daewoo Engineering & Construction ကုမ္ပဏီ၏ အမြတ်ငွေကို ဝမ် ၇၇ ဒသမ ၂ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသော်လည်း အရှုံးပေါ်နိုင်စရာ အလားအလာရှိသော အရာအားလုံးကို ထည့်သွင်းတွက်ချက်သောအခါ ဝမ် ၇၆၇ ဒသမ ၈ ဘီလီယံ အရှုံးပေါ်ခဲ့သည်။ သို့သော်လည်း ဗွီဒီယိုထုတ်ကုန်များ၊ စမတ်ဖုန်းများနှင့် မင်မိုရီချစ်ပ်လုပ်ငန်းများမှာမူ ယေဘုယျအားဖြင့် မျှော်လင့်ထားသည်ထက် အမြတ်အစွန်း ပိုမိုရရှိခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့၏ အခွန်ပြုပြင်ပြောင်းလဲရေးစီမံကိန်း အသေးစိတ်နှင့် ပတ်သက်၍မရေရာမှုများရှိနေသည့်အတွက် အခြားငွေကြေး ခြောက်မျိုးနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး ကျဆင်းသည့်အတွက် ဖေဖော်ဝါရီ ၂၄ ရက်မှာ အာရှငွေကြေးများ၏တန်ဖိုး မြင့်တက်လာခဲ့သည်။ အမေရိကန် ဘာရေးဝန်ကြီးအဖြစ် စတီဗင်မနူချင် စတင်တာဝန်ယူသည့်အချိန်မှစ၍ ပထမဆုံးအကြိမ်ရုပ်သံတွေ့ဆုံမေးမြန်းခန်းတွင် အစိုးရ၏ အခွန်ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ အသေးစိတ်ကို ရှင်းလင်း တင်ပြခြင်းမပြုသည့်အတွက် ဒေါ်လာတန်ဖိုးကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် သမ္မတသည် ကွန်ဂရက် ပူးတွဲအစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။ မနူချင်၏ ပြောကြားချက်များကြောင့် သမ္မတသည် အဆိုပါအစည်းအဝေးတွင် အခွန်ပြုပြင်ပြောင်းရေးနှင့် ပတ်သက်၍ အသေးစိတ် ထုတ်ဖော်ပြောကြားခြင်း ပြုမပြုကို လေ့လာအကဲခတ်သမားတို့က သံသယဝင်လျက်ရှိသည်။

သို့သော်လည်း ဥရောပတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးစွန့်စားမှုအန္တရာယ်တို့က ထွန်းသစ်စ အာရှငွေကြေးများ၏ တန်ဖိုးမြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့သည်။ ရွေးကောက်ပွဲမကျင်းပမီ ပြင်သစ်သမ္မတလောင်း မရင်းလီပင်း၏ ဥရောပဆန့်ကျင်ရေး ပြောကြားချက်များနှင့် ပတ်သက်ပြီး ဈေးကွက်အတွင်း စိုးရိမ်မှုများ ဖြစ်စေခဲ့သည်။

**တရုတ်ယွမ်**

တရုတ် ယွမ်တန်ဖိုးနှင့် ပတ်သက်၍ သမ္မတ၏ပြောကြားချက်နှင့်ကွဲလွဲပြီး အမေရိကန်ဘဏ္ဍာရေးဝန်ကြီး မနူချင်က တရုတ်နိုင်ငံကို ငွေကြေးဈေးကစားသူအဖြစ် ယူဆမည်မဟုတ်ကြောင်း ပြောကြားပြီးနောက်ပိုင်း ဒေါ်လာနှင့် ဖလှယ်ရာတွင် တရုတ်ယွမ်ငွေတန်ဖိုး မြင့်တက်ခဲ့သည်။

ရှန်ဟဲတွင် ရောင်းဝယ်သော ဈေးကွက်တွင် Onshore ယွမ်တန်ဖိုးက ဖေဖော်ဝါရီ ၂၃ ရက် ညနေက တရုတ်ယွမ်တန်ဖိုးသည် သုည ဒသမ ၀၉ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၇၂၁ ယွမ်နှုန်းရှိခဲ့သည်။ ဟောင်ကောင်တွင် ရောင်းဝယ်သော Offshore ယွမ်မှာလည်း ဖေဖော်ဝါရီ ၂၃ ရက်က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၄၉၄ ယွမ်နှုန်းရှိရာမှ နောက်တစ်နေ့တွင် ၆ ဒသမ ၈၅၁၅ ယွမ်နှုန်းအထိ ယွမ်တန်ဖိုးကျဆင်းသည်။ တရုတ်ဗဟိုဘဏ်ကမူ ရည်ညွှန်းဖလှယ်နှုန်းကို သုည ဒသမ ၄၀ ရာခိုင်နှုန်းမြင့်တင်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၆၅၅ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

**အိန္ဒိယရူပီး**

ပြည်တွင်းရှယ်ယာဈေးကွက်အဖွင့်တွင် ရှယ်ယာများတန်ဖိုး မြင့်တက်နေချိန်တွင်ပို့ကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များက အမေရိကန်ဒေါ်လာကို ရောင်းချမှုပိုမိုများပြားလာသည့်အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေ ရောင်းချရေးဈေးကွက်တွင် ဖေဖော်ဝါရီ ၂၃ ရက်က အိန္ဒိယရူပီးတန်ဖိုးမှာ သုည ဒသ မ ၀၅ ရူပီးမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆၆ ဒသမ ၉၁ ရူပီးနှုန်း ရှိခဲ့သည်။

ပင်လယ်ရပ်ခြား ဈေးကွက်များတွင် အချို့ငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး အားနည်းနေခြင်းကလည်း ရူပီးတန်ဖိုးမြင့်တက်ရန် အထောက်အကူဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးသည် ဖေဖော်ဝါရီ ၂၄ ရက်က တစ်ဒေါ်လာကို ၁၁၂ ဒသမ ၅ ယန်းအထက်တွင် ရှိသည်။

အမေရိကန်ဒေါ်လာနှင့် ယန်းငွေ ဖလှယ်နှုန်းသည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီက နယူးယောက်တွင် တစ်ဒေါ်လာကို ၁၁၂ ဒသမ ၅ ယန်းနှုန်းနှင့် တိုကျိုဈေးကွက်တွင် တစ်ဒေါ်လာကို ၁၁၃ ဒသမ ၂၄ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်ဈေးဖွင့်ချိန်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၂ ဒသမ ၆၇ ယန်းထိရောက်ရှိကာ ဒေါ်လာတန်ဖိုးကျဆင်းပြီး ယန်းငွေတန်ဖိုး မြင့်တက်ခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ ဖေဖော်ဝါရီ ၂၃ ရက် ညနေက နယူးယောက်ဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၇၇ နှင့် ၁၁၉ ဒသမ ၁၀ ယန်းနှုန်းဖြင့် လည်းကောင်း တိုကျိုဈေးကွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၅၂ နှင့် ၁၁၉ ဒသမ ၄၉ ယန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၈၄ နှင့် ၁၁၉ ဒသမ ၂၅ ယန်းနှုန်းရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

ဖေဖော်ဝါရီ ၂၃ ရက်က အမေရိကန်ဗဟိုဘဏ် အစည်းအဝေးမှတ်တမ်းထုတ်ပြန်ပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာကို ရင်းနှီးမြှုပ်နှံသူတို့က စိတ်ဝင်စားမှု ကျဆင်းလာသည့်အတွက် ဖေဖော်ဝါရီ ၂၄ ရက်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့သည်။ အမေရိကန် ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ ဖေဖော်ဝါရီ ၂၃ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၄၄၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ညနေ ၆ နာရီတွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၄၃၇၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ အခြားအဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

**ကိုရီးယားဝမ်**

နည်းပညာကုမ္ပဏီများ၏ စတော့ရှယ်ယာများကို အမြတ်ရစဉ်ရောင်းချမှုများပြားလာသည့်အတွက် ဖေဖော်ဝါရီ ၂၄ ရက်က တောင်ကိုရီးယားစတော့ရှယ်ယာများ တန်ဖိုးကျဆင်းခဲ့သည်။ သို့သော်လည်း တောင်ကိုရီးယားဝမ်တန်ဖိုးမှာမူ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ တစ်ဒေါ်လာကို ၁၁၃၁ ဒသမ ၅၀ ဝမ်နှုန်း ရှိခဲ့သည့်အတွက် ယခင်နေ့ကထက် ၅ ဒသမ ၈၀ ဝမ်နှုန်းဖြင့် ဝမ်တန်ဖိုး မြင့်တက်ခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ထိုင်းဘတ်ငွေဖလှယ်နှုန်းမှာ ဖေဖော်ဝါရီ ၂၃ ရက်က အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၉၈ ဘတ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် ၃၄ ဒသမ ၉၆ ဘတ်နှုန်းရှိခဲ့သည့်အတွက် ဘတ်ငွေတန်ဖိုးသည် သုညဒသမ ၀၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်

## MSME များအတွက် ဝန်ဆောင်မှုပိုမိုပေးနိုင်ရေးအတွက် ဒစ်ဂျစ်တယ်စနစ်ကိုအသုံးပြုရန် ဘဏ်များကို အိန္ဒိယဗဟိုဘဏ်တိုက်တွန်း

FinTech ဟုခေါ်သော ဘဏ္ဍာရေးနည်းပညာကို အသုံးပြု၍ ငွေချေးလုပ်ငန်းများကိုဆောင်ရွက်နေသောဘဏ်များသည် Micro-Small and Medium Enterprises (MSME) များအတွက် ချေးငွေထုတ်ပေးသည့် လုပ်ငန်းများအဖြစ် လျင်မြန်စွာ ပေါ်ထွက်လာလျက်ရှိသည့်အတွက် ရှေးရိုးစဉ်လာဘဏ်များကလည်း လုပ်ငန်းများကို ဆက်လက်ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် ခေတ်သစ်ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းကို ဆောင်ရွက်ရန်လိုပါသည်ဟု ဖေဖော်ဝါရီ ၂၁ ရက်က အိန္ဒိယဗဟိုဘဏ် (Reserve Bank of India) ကပြောကြောင်း smetimes သတင်းတွင် ဖော်ပြသည်။

“အိန္ဒိယနိုင်ငံမှာ ဘဏ္ဍာရေးနည်းပညာ (FinTech) ခေတ်က ပေါ်ထွန်းနေပါပြီ။ ဒီဘဏ်လုပ်ငန်းကို မဆောင်ရွက်ရသေးတဲ့ဘဏ်များက အချိန်ဆွဲနေလို့ မရတော့ပါဘူး။ ခေတ်သစ်ဒစ်ဂျစ်တယ်စနစ်ကို အလျင်အမြန်မကူးပြောင်း နိုင်သေးတဲ့ ကုမ္ပဏီတွေအတွက် အန္တရာယ်တွေရှိနေပါတယ်”ဟုအိန္ဒိယဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူး အက်စ်အက်စ်မန္ဒရာကပြောသည်။

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဘဏ်လုပ်ငန်းကောလိပ်က ဦးစီးပြီး မွမ်ဘိုင်းမြို့၌ ကျင်းပခဲ့သော MSME ကဏ္ဍ ငွေကြေးထောက်ပံ့မှုအတွက် ဘဏ်များအားစွမ်းဆောင်ရည်တည်ဆောက်ရန် အမျိုးသားရေး ရည်မှန်းချက်ဟူသော နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲတွင် ဗဟိုဘဏ်ဒုတိယအုပ်ချုပ်ရေးမှူးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာရေးနည်းပညာ အောင်မြင်ဖြစ်ထွန်းမှုကို ဘဏ်များက ခြိမ်းခြောက်မှုအဖြစ်မမြင်ဘဲ အခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်ရန်လိုကြောင်း သူက ပြောသည်။

## ဂျပန်ဗဟိုဘဏ်က အတိုးနှုန်းထပ်မံလျှော့ချမည့် အခွင့်အလမ်းနည်းလာ



ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချမည့် အလားအလာမှာ ယခုအခါ နည်းပါးသွားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဟာရုဟိကို ကူရိုဒါက ပြောကြားလိုက်သည့်အတွက် အချိန်တိုကာလအတွင်း ဂျပန်ဗဟိုဘဏ်က လှည့်လည်ငွေကြေးထပ်မံတိုးမြှင့်ပေးဦးမည် မဟုတ်ဟု ရင်းနှီးမြှုပ်နှံသူတို့၏ ခန့်မှန်းချက်ကို ခိုင်မာစေခဲ့ကြောင်း ဘီဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်နေကြောင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ဗဟိုဘဏ်က ရည်မှန်းထားသော နှစ်ရာခိုင်နှုန်းကို ၂၀၁၇ ခုနှစ် မတ်လတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်အတွင်း ရရှိနိုင်မည့် အလားအလာရှိကြောင်းနှင့် ဤအခြေအနေမှာ နိုဝင်ဘာလအတွင်းက ကြိုတင်ခန့်မှန်းချက်နှင့်လည်း ကိုက်ညီမှုရှိကြောင်း ကူရိုဒါက ပြောသည်။

“ငွေကြေးဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းရည်မှန်းချက်ကို ရရှိနိုင်ဖို့အတွက် လိုအပ်မယ်ဆိုရင် ငွေကြေးမူဝါဒ လျှော့ချဖို့ ဗဟိုဘဏ်က အသင့်အနေအထားရှိပြီးသား ဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အရှိန်ရလာတဲ့အတွက် အတိုးနှုန်းလျှော့ချပေးမယ့် အလားအလာက နည်းနေပါတယ်”ဟု ကူရိုဒါက ပါလီမန်လွှတ်တော်တွင် ပြောကြားသည်။

ရိုက်တာ သတင်းဌာန၏ စစ်တမ်းအရ ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို လျှော့ချပေးလိမ့်မည်ဟု ခန့်မှန်းသူ နည်းပါးလာသည့်အတွက် ဗဟိုဘဏ်၏ နောက်တစ်ကြိမ်မူဝါဒအပြောင်းအလဲနှင့် ပတ်သက်၍ စီးပွားရေးပညာရှင်များ၏ သဘောထားကွဲလွဲမှု ရှိခဲ့သည်။ ငွေကြေးမူဝါဒ လျှော့ချမှုမှာ တစ်ဆစ်ချိုး ပြောင်းလဲမှုရှိနိုင်ကြောင်း အချက်ပြလျက်ရှိသည်။

# ASTERISM International Co.,ltd

## Construction & Building Materials

www.asmbuilding.com




- CLAY ROOF TILE
- ROOF FRAME
- DECORATION
- PAINTING
- ARTIFICIAL SAND STONE
- CEILING & PARTITION BOARD
- BUILDING MATERIALS
- CONSTRUCTION
- SANITARY WARE
- NATURAL CLAY FLOORING TILE

**Our Services** Archi Drawing & Structure ,Construction with PAE,Steel Roof Structure and Roofing Installation, Classical and Modern Decoration Design for any Decorated Places.

asm CONSTRUCTION

**Tel : 01-643574,647814,640649,0943222888, 0971715588,09971718855**

**asterismconstruction@gmail.com**

**www.asmconstruct.com**

Starhome Building Innovation

အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

**No( 222-A), Lanthit Road, Nant Thar Gone, Insein Township, Yangon.**

**Tel : 01-643574, 09420003535,09-252006796**

**Yangon** | No. (92), Myint Zu Street, Thirimingalar Rd ( Pyay Road-10 miles), Htan Pin Gone Qtr, Insein Tsp, Yangon. Fax : 01 647 814
Ph: (951) 640 649, 647 814, 099 766 44 133, 099 766 44 144, 099 766 44 155 , 0996471900

**Mandalay** | 66 Street, Corner of 39St & 40St,Mahar Aung Myay Tsp, Mandalay.
Ph: (02)77605, 2847605, 09 91000153, 09 43400400, 09 5192828, 09 43222888

**NayPyiTaw**| No (39), Pyinmana Taung Nyo Road, Youk Thwar Inn Ward, Pyinmana, Nay Pyi Taw. Ph: 09 448540067, 09420719521

**E -mail** : azm.asterism@gmail.com / asterism@asmbuilding.com /info@asmbuilding.com / mkt@asmbuilding.com / duluxasmbuilding@gmail.com

**Website:** www.asmbuilding.com

# Asia General Electric Holding Co., Ltd.

Key To Smart Power

KERI

DEKRA

လူကြီးမင်းတို့၏ စက်ရုံ၊ ဟိုတယ်၊ရုံးခန်း နှင့် လူနေအိမ်ခန်းများ အတွက် နည်းပညာအဆင့် အတန်းမြင့်ပြီး လုံခြုံစိတ်ချရသော Transformer များ၊ Unit Substation များ၊ Medium Voltage Panel, Low Voltage Panel နှင့် Conpact Enclosure များအား **Asia General Transformer** နှင့် **Asia General Electric** တို့မှ အကောင်းဆုံးဝန်ဆောင်မှု၊ သင့်တော်သော ဈေးနှုန်းများဖြင့် စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## Transformers Product Range

(1) Power (66kV class,132kV class,230kV class)
(2) Distribution (on load/ off load)
(3) Cast Resin Upto 4000 kVA Completed With OLTC, indoor/outdoor enclosure
(4) Pole Mounted
(5) Pad Mounted

## Switchgears & Panels Product Range

(1) Medium Voltage Switchgear (12 KV, 33KV)
(2) Low Voltage Switchgear
(3) Distribution Boards & Metering Panel
(4) Compact Secondary Substation
(5) Compact enclosure,cable Trays,cable ladders.






Completely Self Protected Transformer (CSPT)









HOT LINE : 095506710, 09456437337

www.ageholding.com

**SALES AND HEAD OFFICE**
No. (501 to 503)
Between Mtitta Oo Clinic & AGD Bank
Kamaryut Township
Yangon, 11041,Myanmar
Tel: 01-2304273,01-2304275, 09- 73020452, 09-73020453
09- 73020454, Fax: 01-685981, 685982
Email: sales.ageh@ageholding.com

**FACTORY AGT**
**(Transformers)**
No.(1 to 4),(31 to 35).
Corner of Yangon-Pathein Road and Tontay,
Shwe Than Lwin Industrial Zone
Hlaing Tharyar Township,Yangon, 11401,Myanmar
Tel:(95-1) 685981, 685982, Fax: 01-2304274
E-mail: commercial.ageh@ageholding.com

**FACTORY AGE**
**(Switchgear and Panels)**
No. 1/89,Kanaung Min Thar Gyi Road
Hlaing Tharyar Industrial Zone(1)
Hlaing Tharyar Township
Yangon, 11401,Myanmar
Tel: 09-73020453, 09-7720570~52,01681960
E-mail: commercial.ageh@ageholding.com

COMMERCE INTERNATIONAL

## ဆော်ဒီအာရေးဘီးယားနိုင်ငံက နေစွမ်းအင်နှင့် လေစွမ်းအင်ထုတ်လုပ်ရေးအတွက် ကြိုးပမ်းလျက်ရှိ

ဆော်ဒီအာရေးဘီးယားနိုင်ငံက နေစွမ်းအင်နှင့် အခြားသော ပြန်ပြည့်မြဲစွမ်းအင်သုံးသော နည်းလမ်းများဖြင့် လျှပ်စစ်စွမ်းအင် ၉ ဒသမ ၅ ဂီဂါဝပ် ထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြန်ပြည့်မြဲ စွမ်းအင် ထုတ်လုပ်ရေးပထမခြေလှမ်းကို ဆောင်ရွက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ ပြန်ပြည့်မြဲစွမ်းအင် စီမံကိန်းနှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းများကို ဆော်ဒီအာရေးဘီးယားက တင်ဒါခေါ်ယူခဲ့သည်။

စီမံကိန်းလုပ်ငန်းတစ်ခုမှာ ဆော်ဒီအာရေးဘီးယားနိုင်ငံ မြောက်ပိုင်း အယ်လ်ဂျော့ပြည်နယ်တွင် တည်ဆောက်မည့် မီဂါဝပ် ၃၀၀ ရှိ နေစွမ်းအင် စီမံကိန်းဖြစ်သည်။ ဒုတိယစီမံကိန်းမှာဆော်ဒီအာရေးဘီးယားနိုင်ငံ အနောက်မြောက်ပိုင်း တာဘွတ်ဒေသတွင် မီဂါဝပ် ၄၀၀ ထုတ်လုပ်မည့် လေစွမ်းအင် ဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆော်ဒီအာရေးဘီးယားနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်မှာ ၂၀၃၂ ခုနှစ်တွင် ဂီဂါဝပ် ၁၂၀ ကို ကျော်လွန်သွားနိုင်ကြောင်း အစိုးရ၏ ခန့်မှန်းချက်တစ်ခု၌ဖော်ပြသည်။ လောလောဆယ်တွင် ဆော်ဒီအာရေးဘီးယား၌ အသုံးပြုလျက်ရှိသော လျှပ်စစ်စွမ်းအင်ကို ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကို အသုံးပြုထုတ်လုပ်လျက်ရှိသည်။ သို့သော်လည်း ၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်အရ ဆော်ဒီအာရေးဘီးယားနိုင်ငံက ရေနံစိမ်းသုံးစွဲမှုကို လျှော့ချပြီး ၂၀၂၃ ခုနှစ်တွင် ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုကို ၉ ဒသမ ၅ ဂီဂါဝပ် ထုတ်လုပ်သုံးစွဲရန် ရည်မှန်းထားသည်။

တင်ဒါတင်သွင်းရန် နောက်ဆုံးနေ့အဖြစ် မတ် ၂၀ ရက်ကို သတ်မှတ်ထားသည်။ လေလံအောင်သူများကို ဧပြီ ၁၀ ရက်တွင် ကြေညာမည်ဖြစ်ပြီး ပုံမှန်အတိုင်း လုပ်ငန်းစီမံချက် အဆိုပြုလွှာများကို ဇူလိုင်လအတွင်း တင်သွင်းရမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို အတည်ပြု



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ကို စတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ ကမ္ဘာပေါ်တွင် ပထမဆုံးဖြစ်သော နိုင်ငံပေါင်းစုံကုန်သွယ်မှုသဘောတူညီချက်ကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ယခု သဘောတူညီချက်မှာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ နယ်နိမိတ်ဖြတ်ကျော်ပြီး ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော သဘောတူစာချုပ်ဖြစ်သည်။

ယခု သဘောတူစာချုပ်ကို အတည်ပြုရာတွင် လိုအပ်သော အရေအတွက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံပေါင်း သုံးပုံနှစ်ပုံက သဘောတူအတည်ပြုထားပြီးဖြစ်ကြောင်း ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇဗယ်ဗယ်ဒိုက ဖေဖော်ဝါရီ ၂၂ ရက်က ပြောသည်။

သဘောတူစာချုပ်ကို အပြည့်အဝ အကောင်အထည်ဖော်ပြီးပါက ကမ္ဘာ့ကုန်သွယ်မှု ကုန်ကျစရိတ်မှာ ပျမ်းမျှ ၁၄ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းတွက်ချက်မှုများအရ သိရကြောင်း သူကပြောသည်။

"ဒီသတင်းက ထူးခြားတဲ့သတင်းဖြစ်ပါတယ်။ သဘောတူစာချုပ်ကို အတည်ပြုလိုက်ခြင်းအားဖြင့် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများက နိုင်ငံစုံ ဖြန့်ကြက်နိုင်တဲ့ ကုန်သွယ်မှုစနစ်ကို ထူထောင်ကြမယ်ဆိုတဲ့ သူတို့ရဲ့ဆုံးဖြတ်ချက်ကို ပြသလိုက်တာဖြစ်ပါတယ်" ဟု ဂျနီဗာရှိ ဒဗလျူတီအို ရုံးချုပ်တွင် သူက သတင်းထောက်များကို ပြောသည်။

သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်တွင် အမေရိကန်ပြည်ထောင်စုက ကိုယ်ကျိုးစီးပွားကာကွယ်မှုကို ကျင့်သုံးတော့မည်ကို စိုးရိမ်မှုကြောင့် နိုင်ငံစုံကုန်သွယ်မှုစနစ်အတွက် စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ယခုသဘောတူစာချုပ်ဖြစ်မြောက်ရေးအတွက် အမေရိကန်ပြည်ထောင်စုက အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်သည့်အတွက် အပြောင်းအလဲဖြစ်စရာ အကြောင်းမမြင်ကြောင်း သူကပြောသည်။ ယခုသဘောတူစာချုပ် အကောင်အထည်ဖော်နိုင်ပါက ကမ္ဘာ့ကုန်သွယ်မှုဖွံ့ဖြိုးမှုနှုန်းသည် တစ်နှစ်လျှင် ၂ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာနိုင်ကြောင်း သူကပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်


